

စာမူခွင့်ပြုချက်အမှတ် ၄၃၂/၉၉ (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၅၂/၉၉ (၅)

| | |
|---|---|
| | ပထမအကြိမ် |
| | ၁၉၉၉-ခုနှစ်၊ ဇူလိုင်၊ ဩဂုတ် |
| တန်ဖိုး | ကျပ်တစ်ရာ့ရှစ်ဆယ်တိတိ |
| အုပ်ရေ | ၅၀၀ အုပ် |
| မျက်နှာဖုံးပန်းချီ | ကျော်လှိုင်သင်း |
| ကာလာခွဲ | **SUNN** |
| ထုတ်ဝေသူ | ဦးခင်မောင်သိမ်းဆွေ (၀၇၄၇) |
| | သလ္လာဝတီစာပေ |
| | ၂၄၀၊ အခန်း (၃)၊ ၂၅ရပ်ကွက်၊ |
| | သုဝဏ္ဏ၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | ဒေါ်ခင်စန်းမြင့် (၀၅၄၄၉) |
| | ဟသ်ာပုံနှိပ်တိုက် |
| | ၁၁၊ ၁၂၅လမ်း၊ ရန်ကုန်မြို့။ |


# ဇော်ယက်အောင်


စင်ရန်နိုင် နှင့် ရိုင်းနန္ဒ


( လျှို့ဝှက်စုံထောက် အသစ်စက်စက်စာအုပ် )

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှတိုးတက်မည်
စည်းကမ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## [တစ်]

တောင်းအေ့(စ)ခိုပြာရောင်တစ်စီးသည် တောင်ပေါ်လမ်းအတိုင်း လျင်မြန်စွာ ပြေးနေသည်။ ဖွင့်ထားသောကားပြတင်းမှ ခင်ဝမ်း၏သီချင်းသံ လွင့်ပျံထွက်ကျခဲ့သည်။

စိုင်းနန္ဒသည် ကားနောက်ခုံတွင် သက်တောင့်သက်သာထိုင်ရင်း လမ်းဘေးရှုခင်းကို ငေးကြည့်သည်။ သည်လမ်းကတောင်ပေါ်လမ်း...၊ မိုင်းပန်ဝမ့်ဆာလလမ်း...။

ရန်ကုန်မှနေ၍ တောင်ကြီး၊ လွိုင်လင်၊ မိုးနဲ၊ လင်းခေး၊ မိုင်းပန် စသည့် မြို့များကို ဖြတ်ကျော်ခဲ့ပြီဖြစ်သည်။ ယခုရောက်ရမည့်နေရာက မြို့မကျ၊ ရွာမကျ ဝမ့်ဆာလ...။

ကားပြတင်းမှ တိုးဝင်နေသည့်လေက အေးသည်ထက် အေးလာသည်။ လမ်းဘေးရှုခင်းများကိုကြည့်ရင်း သံလွင်နှင့် နီးလာပြီဖြစ်ကြောင်း စိုင်းနန္ဒ သတိပြုမိသည်။

စိုင်းနန္ဒက ကားပေါ်တွင် ပါလာသူများအား မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။ ကားကို ကျင်လည်စွာ မောင်းနှင်နေသူမှာ ကျော်စွာ၊ ကျော်စွာ၏ဘေးက ရှေ့ခန်းတွင် ထိုင်နေသူက ယက္ခနှင့် ဘသိန်း‌ဖေ၊ ကားနောက်ခန်းတွင် စိုင်းနန္ဒနှင့် ဦးတိုက်အောင်၊ ဖေသန့်စင်နှင့် နီနီစောထွေးတို့ မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

သံလွင်နှင့် နီးလာပြီ။ ဦးတိုက်အောင်သည် တာဆန်းမှ သံလွင်သို့ ဖြတ်မည်။ ထိုမှ ဝမ့်ဆာလ…၊ ဝမ့်ဆာလမှ မိုင်းတုံသို့ ခရီးဆက်လိမ့်မည်ဟု စိုင်းနန္ဒ တွေးသည်။

"မိုင်းတုံကျမှ ညီမလေးတို့နဲ့ တွေ့ရမှာလား ဆရာအောင်"

ဦးတိုက်အောင်က စိုင်းနန္ဒကို ဖျတ်ခနဲ လှမ်းကြည့်သည်။ သူ့အကြည့်က စိုင်းနန္ဒအား လှောင်နေသကဲ့သို့ရှိ၏။

"ညီမလေးတို့နဲ့ ဘယ်မှာတွေ့မှာလဲ ဆရာအောင်"

ဦးတိုက်အောင် ပြုံးလိုက်သည်။ သူ့အပြုံးက လှောင်ပြုံး၊ စိုင်းနန္ဒရင်ထဲမှာ မခံချိမခံသာ ဖြစ်သွားသည်။

"မင်း သိပ်သိချင်နေသလား နန္ဒ"

စိုင်းနန္ဒ မျက်မှောင်ကြုတ်လိုက်သည်။ သူ၏ မျက်လုံး





အစုံတွင် အေးစက်စက်နိုင်သော အငွေ့အသက်တွေ ထင်လာသည်။ ထိုအကြည့်က ဦးတိုက်အောင်အား မခံရပ်နိုင် ဖြစ်သွားစေ၏။

"မင်း ငါ့ကို ဒီလိုအကြည့်မျိုးနဲ့ မကြည့်နဲ့စမ်း နန္ဒ"

ဦးတိုက်အောင်၏ ဒေါသတကြီး ပြောလိုက်သံ

အဆုံးတွင် စိုင်းနန္ဒ ပြုံးလိုက်သည်။

"ကျွန်တော့်မေးခွန်းကို မဖြေချင်လို့ ရန်ရှာတာ သူ့

မလုပ်ပါနဲ့ ဆရာအောင်"

မျက်နှာထား တည်သွား တင်သွ း နန္ဒ … မင်းရဲ့

ပြုံးလိုက်သည်။ သွားပါလား။ တကယ်

"မင်းကို ငါက ဘာဖြစ်လို ယ်"

မေးတာကို ပြောရရင် မင်းညီမ အောင်၏ လက်တစ်ဖက်

ရှောက်ထား ပြီး မိုင်းတုံလေ ည်။ သတိထားနေသည့်

စိုင်းနန္ဒ ခေါင်း သည်။ သို့သော် ဦးတိုက်အောင်

ဆက် မထုတ်တော့ ျင်မြန်လွန်းလှသဖြင့် လွတ်အောင်

သို့ ငေးကြည့်သည် မြည်သံနှင့်အတူ စိုင်းနန္ဒ ပါးပြင်

တစ်ရပ် ရှိနေသ

မိန်းကလေးတစ် ဒီစကားမျိုးကိုပါ ငါ သဘောမကျဘူး

နွမ်းသွားပြီဟု င်ကလိုပဲ ထက်မြက်သလို တိုက်အောင်

လက်တွဲခဲ့သော မကျသေးပါဘူး…"

ဦးတိုက်အောင်

မဟုတ် သိချင်နေသည်။ သို့သော် သူက လတ်လတ်ဖြူ အကြောင်း ဖွင့်ဟ,မေးမြန်းခြင်းမပြု. . .။ အချိန်ကျရင် တွေ့ရမှာပဲဟု တွေးပြီး စိတ်လျှော့ထားလိုက်သည်။

သူ့အကြည့်က အမှတ်မထင်ပင် နီနီစောထွေး ထံ ရောက်သွားသည်။ ပထမဆုံး စူးစူးစိုက်စိုက်ကြည့်နေသော ်က်လုံးအစုံကို သတိပြုမိသည်။ ပြီး ချစ်စဖွယ်ပြုံးနေသည့် နေ္ခ။ သူ့အကြည့် သူ့အပြုံးမှာ လေးနက်သောအဓိပ္ပာယ် သူက ယဂ္ဂသည်ဟု စိုင်းနန္ဒ ထင်မိသည်။

ဦးတိုက်အောင်၊

ဆိုင် ထိုင်နေကြသ ၏ ခေါ်သံက နီနီစောထွေး ထံ၌

သံလွင်နှင့် နီး ကို ရုတ်ခြည်းဖြတ်တောက်ပစ် လိုက်

သံလွင်သို့ ဖြတ်မ

မိုင်းတုံသို့ ခရီးဆက် ်းစားနေတာလဲ. . .”

“မိုင်းတုံကျမှ ညီမ ်ရဲ့ အကျဉ်းသားဖြစ်နေတဲ့

အောင်” ဘူးလား”

ဦးတိုက်အောင်က စိုင်းနန္ဒ ။

သည်။ သူ့အကြည့်က စိုင်းနန္ဒအား အခုလိုအချိန်မျိုးမှာ

“ညီမလေးတို့နဲ့ ဘယ်မှာတွေ့ ပါ”

ဦးတိုက်အောင် ပြုံးလိုက်သည်။ ိုက်အောင်အား

ပြုံး၊ စိုင်းနန္ဒရင်ထဲမှာ မခံချိမခံသာ လိုဟန် မရှိသလို၊

“မင်း သိပ်သိချင်နေသလား

စိုင်းနန္ဒ မျက်မှောင်ကြုတ်လိုက်





“ကျွန်တော် ဆရာအောင်တို့ လက်ထဲကနေ ဘယ်လို အလွတ်ရုန်းရမယ်ဆိုတာကို စဉ်းစားနေတာ”

အလွတ်ရုန်းရဲ့ပဲလား နန္ဒ”

“အမှန်တော့ ဒီထက်မကဘူး၊ ခင်ဗျားကို ကျွန်တော် ပြန်ဆော်မယ်၊ ဘယ်လိုဆော်ရမှန်း မသိသေးလို့”

စိုင်းနန္ဒ၏စကားအဆုံးမှာ ဦးတိုက်အောင် ရယ်သည်။ ဟက်ဟက်ပက်ပက် အားရပါးရရယ်သည်။ ရယ်ရင်း သူ့ မျက်လုံး အစုံတွင် မျက်ရည်တွေ စို့လာ၏။

“မင်းက ဘာမှ မပြောင်းလဲပါလား နန္ဒ. . .၊ မင်းရဲ့ သတ္တိ နည်းနည်းလေးတောင် လျော့မသွားပါလား။ တကယ် ပဲ မင်းဟာ သတ္တိသိပ်ကောင်းတယ်”

စကားပြောနေရင်း ဦးတိုက်အောင်၏ လက်တစ်ဖက် ရိပ်ခနဲ မြောက်တက်သွားသည်။ သတိထားနေသည့် စိုင်းနန္ဒက ခေါင်းငုံ့ပြီး ထွက်သည်။ သို့သော် ဦးတိုက်အောင်၏ ရိုက်ချက်က လျင်မြန်လွန်းလှသဖြင့် လွတ်အောင် မရှောင်နိုင်။ ဖြန်းခနဲ မြည်သံနှင့်အတူ စိုင်းနန္ဒ ပါးပြင် ထူပူသွား၏။

“ဒီလေသံ ဒီစကားမျိုးကိုပါ ငါ သဘောမကျဘူး နန္ဒ. . .။ မင်း အရင်ကလိုပဲ ထက်မြက်သလို တိုက်အောင် ကလဲ လက်ရည် မကျသေးပါဘူး. . .”

စိုင်းနန္ဒ မျက်လုံးအစုံ အေးစက်မှုန်မှိုင်းသွားသည်။ သူက ဦးတိုက်အောင်ကို မကြည့်တော့ဘဲ မျက်နှာလွှဲလိုက်၏။ သူနှင့် ရင်းနှီး ကျွမ်းဝင်နေသော လမ်းဘေးရှုခင်းများကို ကြည့်သည်။

ကားလမ်းက အကွေ့အကောက်တွေ များပြီး တဖြည်းဖြည်း အနိမ့်ပိုင်းသို့ ဆင်းစပြုလာသည်။ တစ်ဆစ်ချိုးကွေ့အဆုံးတွင် ခဲသားရောင်ထ,နေသော သံလွင်မြစ်ကို ဘွားခနဲ တွေ့လိုက်သည်။

"တာဆန်းကိုရောက်ပြီ ဆရာအောင်"

ကားမောင်းနေသော ကျော်စွာ၏အသံက မတိုးမကျယ် ပေါ်လာသည်။ ဦးတိုက်အောင်၏ အင်းလိုက်သံတစ်ချက်ကို ကြား ရ၏။ ကျော်စွာက ကွေ့ချိုးများကို ကျင်လည်စွာ ချိုးကွေ့ပြီး အဆင်းလမ်းပြေပြေအတိုင်း သံလွင်ကမ်းစပ်သို့ ကားကို မောင်းဆင်းသည်။ ကူးတို့ဖောင်ပေါ်တက်သည့် သစ်သားတံတားပေါ် အရောက်တွင် ကျော်စွာက ကားကို တုံ့ခနဲရပ်လိုက်သည်။

ကားရပ်သွားသည်နှင့် ကားပေါ်ပါလာသူများ အောက်ဆင်းကြသည်။ ကားမောင်းသော ကျော်စွာတစ်ယောက်တည်း ကားပေါ်တွင် ကျန်ရစ်ခဲ့သည်။ ကျော်စွာက ကားပေါ်မှ ဆင်းသွားသူများအား တစ်ချက်ကြည့်သည်။ ပြီး သူ့လက်တွင် ပတ်ထားသော နာရီဘေးသော့သီးကို နှိပ်လိုက်သည်။





အချိန်ပြဂဏန်းကွက်တွင် အနီရောင်မီးပွင့်လေး ဖျတ်ခနဲ ဖျတ်ခနဲ လင်းလာသည်။

ကျော်စွာက ပင်ပန်းနွမ်းနယ်ဟန် ကားစတီယာရင်ပေါ် မှောက်ချလိုက်သည်။ သူ့ပါးစပ်က အချက်မီးလေးလင်းနေသော နာရီပေါ်တည့်တည့် ရောက်သွား၏။ သူ့နောက်မှ ဂဏန်းတွဲများ ရေစွတ်သံ ခပ်တိုးတိုး ပေါ်လာသည်။ သူက ဂဏန်းတွဲ ဆယ်တွဲခန့်ကို ရွတ်ပြီးနောက် ခေါင်းပြန်မတ်သည်။ လက်တစ်ဖက်ကို ပွတ်သလိုလိုနှင့် နာရီသော့သီးကို နှိပ်လိုက်သည်။ အချိန်ပြဂဏန်းကွက်ပေါ်မှ မီးနီပွင့်လေး ပျောက်သွားသည်။

ကားပေါ်မှ ဆင်းလိုက်သော ဦးတိုက်အောင်တို့အနားသို့ ရှမ်းအမျိုးသားကြီးတစ်ယောက် ရောက်လာသည်။ ပင်နီ ရှမ်းဘောင်းဘီနှင့် အကျီရင်ကွဲကို တွဲဖက်ဝတ်ဆင်ထားသည်။ ရင်ဘတ်ပေါ်မှ ဆေးမှင်ကြောင် ထိုးထားသည်များ ပေါ်နေ၏။

"ဟာ... ဆရာအောင်... မတွေ့တာတောင် ကြာပြီနော်"

ဦးတိုက်အောင်က ရှမ်းအဘိုးကြီးကို ပြုံးပြလိုက်သည်။

"အေးဗျာ... ကိစ္စတွေများနေတာနဲ့ ဒီဘက်ကို ရောက် ဘူး၊ နေလို့ကောင်းတယ် မဟုတ်လား ဦးပန်ထိ"

ဦးပန်ထိ ဟု အခေါ်ခံရသည့် ရှမ်းအမျိုးသားကြီးက

ကွမ်းစားလွန်းသဖြင့် မည်းချိတ်နေသော သွားများပေါ်အောင် ပြုံးရယ်ရင်း ခေါင်းညိတ်ပြသည်။

"ကျုပ် နေလို့လဲ ကောင်း၊ စားလို့လဲ ချိုပါတယ်၊ ဆရာတို့ ဟိုဘက်ကမ်းကို ကူးကြမလို့လား"

"ဟုတ်တယ် ဦးပန်ထိ"

"ရောက်တုန်းရောက်ခိုက် အိမ်မှာ နားပါဦးလား"

"ကိစ္စအရေးကြီးလာလို့ ဟိုဘက်ကမ်းကို မြန်မြန်ကူးချင်တယ်... နန္ဒ... မင်း ကားပေါ်တက်ထိုင်နေ..."

ဦးတိုက်အောင်က ဦးပန်ထိအား ပြောရင်းမှ စိုင်းနန္ဒဘက်သို့ လှည့်ပြီး အမိန့်ပေးသည်။ စိုင်းနန္ဒ ခေါင်းညိတ်ပြပြီး ကားပေါ်သို့ တက်လိုက်သည်။ ဦးပန်ထိက ကားကို ကူးတို့ဖောင်ပေါ်သို့ မောင်းတက်ခိုင်းလိုက်၏။

* * *

ဖောင်ပေါ်သို့ ကားကောလူပါရောက်သည်နှင့် ဦးပန်ထိက ဖောင်နှင့်စက်သီးကြိုးကို စစ်ဆေးသည်။ သံလွင်တစ်ဖက်ကမ်းသို့ သွယ်တန်းထားသော ကောင်းကင်ကြိုးမှ ဖောင်ဆီသို့ ချထားသည့် ကြိုးကို စစ်ဆေးသည်။

ဦးပန်ထိ ဖောင်ကို စစ်ဆေးနေစဉ် နီနီစောထွေး ကားပေါ်သို့ တက်လာပြီး စိုင်းနန္ဒနှင့် မျက်နှာချင်းဆိုင် ထိုင်





လိုက်သည်။ ထိုအချိန်မှာပင် ပဲ့ချိတ်စက်ကို နှိုးလိုက်သံပေါ်လာသည်။

"ထွက်မယ် ဆရာအောင်"

ဦးတိုက်အောင်က ဖောင်ပေါ်သို့ရောက်နေသော သူ့လူများအား လှည့်ကြည့်သည်။ ပြီး ဦးပန်ထိကို ခေါင်းညိတ်ပြသည်။ ဦးပန်ထိက ပဲ့ချိတ်စက်ကို မောင်းထွက်လိုက်၏။ ပဲ့ချိတ်အားကြောင့် မြစ်ကူးဖောင် ရှေ့ကို တိုးထွက်သည်။ စက်သီးကြိုးတင်းသည်ထိ ရေစီးအတိုင်း မျောပါသွားသည်။

"အမေ့"

"ဘာဖြစ်လို့လဲ"

"ရေစီးအတိုင်း ဖောင်ကြီးမျောပါနေပြီ"

အထိတ်တလန့်ဖြစ်သွားသော နီနီစောထွေးကိုကြည့်ပြီး စိုင်းနန္ဒ ပြုံးလိုက်သည်။ သူက စက်သီးကြိုးကို လက်ညှိုးထိုးပြ၏။

"ဖောင်မျောပါမသွားအောင် စက်သီးကြိုးနဲ့ထိန်းထားပါတယ်"

နီနီစောထွေးက ကောင်းကင်ကြိုးနှင့် ဆက်ထားသော စက်သီးကြိုးကိုကြည့်ပြီး သဘောပေါက် နားလည်သွားဟန် ခေါင်းညိတ်သည်။

"စိုင်း... အရင်က ဒီခရီးမျိုးကို သွားနေကျလားဟင်"

စိုင်း ဟု ခေါ်လိုက်သည့် နီနီစောထွေး၏ ခေါ်သံ နားထဲသို့ အင်အားတစ်ရပ်ပမာ ဝင်လာသည်။ ရင်ထဲတွင် ထိုခေါ်သံ ပဲ့တင်ထပ်နေ၏။

"စိုင်း... စိုင်း... စိုင်း... "

စိုင်းနန္ဒ သက်ပြင်းချလိုက်သည်။ နီနီစောထွေးက ဖျတ်ခနဲ လှမ်းကြည့်သည်။

"ဒီခရီးမျိုးကို မဟုတ်ဘူး၊ ဒီလမ်းကို ကိုယ်အကြိမ်ကြိမ် သွားဖူးတယ်၊ အခုလိုပုံနဲ့ သံလွင်မြစ်ကို အကြိမ်ကြိမ် ဖြတ်ဖူးတယ်"

စကားပြောနေသော စိုင်းနန္ဒ၏အကြည့် မြစ်ပြင်ဆီသို့ ရောက်နေသည်။ သံလွင်မြစ်ရေက ဝဲကတော့ထိုးပြီး စီးဆင်းနေသည်။ မြစ်ရေစီးနှင့်အတူ စိုင်းနန္ဒ၏စိတ်အစဉ်သည် ကာလတစ်ခု ခြားခဲ့ပြီဖြစ်သော အရပ်သို့ မျောပါသွားသည်။

နှင်းတွေအကျသည်းသော၊ မောချယ်ရီတွေပွင့်သော အရပ်မှာ ပြုံးရယ်ရွှင်ပျ ကြည်နူးနေကြသူနှစ်ယောက်။ စိုင်းနန္ဒနှင့် လတ်လတ်ဖြူ... ။ တစ်ယောက်လက်ကိုတစ်ယောက်တွဲကာ အပြုံးတွေနှင့် ပျော်နေကြသည်။

အတွေးထဲတွင် မြင်နေသော ပုံရိပ်များကြောင့် စိုင်းနန္ဒ ပြုံးနေသည်။ သူ့မျက်လုံးများကမူ ဆွေးရိပ်သမ်းနေ၏။ ရင်ထဲမှာ လှုပ်လှုပ်ရှားရှားဖြစ်နေသော ခံစားချက်ကြောင့် သူက ပတ်ဝန်းကျင်ကို တစ်ခဏမျှ မေ့လျော့သွား၏။





"စိုင်း... "

"ဪ... ဟင်... "

"စိုင်း... ဘာဖြစ်လို့လဲ"

စိုင်းနန္ဒ၏မျက်နှာပေါ် အရိပ်တစ်ရိပ် ဖြတ်ပြေးသွားသည်။ မျက်နှာဖုံးတစ်ခု စွပ်ချသလို သူ့မျက်နှာအမူအရာ ကင်းစင်သွားသည်။

"ညီမလေးကို သတိရလို့ပါ၊ သူက သိပ်စိတ်အားငယ်တတ်တယ်၊ အကျဉ်းသားဘဝကိုရောက်နေချိန်မှာ သူ သိပ်ကြောက်လန့်နေလိမ့်မယ်"

စိုင်းနန္ဒက ခပ်တိုးတိုးပြောသည်။ သူ့စကားကို ကားမောင်းသူ နေရာတွင်ထိုင်နေသော ကျော်စွာက အတိုင်းသားကြားသည်။ ပြောစကားကို နားထောင်သော သူ့မျက်လုံးအစုံမှာ အရောင်တဖျပ်ဖျပ်လက်နေသည်။

ကျော်စွာက တစ်စုံတစ်ရာပြောမည်ပြုသည်။ သို့သော် တစ်ဖက်ကမ်းသို့ ဖောင်ထိုးဆိုက်သဖြင့် မပြောဖြစ်လိုက်။

အပြင်ဘက်မှ စကားသံများ ပေါ်လာသည်။ ဦးပန်ထိ၏ အသံ။ ဦးတိုက်အောင်၏ အမိန့်ပေးသံ၊ ဖောင်ပေါ်တွင် ပါလာသူတို့၏ တုံ့ပြန်ပြောဆိုသံတို့ဖြင့် ဆူဆူညံညံဖြစ်သွားသည်။

"နန္ဒ... ကားပေါ်ကဆင်း၊ ကျော်စွာ ကားကို အပေါ် မောင်းတက်ခဲ့"

စိုင်းနန္ဒ ကားပေါ်မှ ဆင်းလိုက်သည်။ ဦးတိုက်အောင်က ကုန်းပေါ်သို့တက်ရန် လက်ဟန်ပြသည်။ စိုင်းနန္ဒ ကားပေါ်မှ ဆင်းသည်။ ကမ်းစပ် သောင်ပြင်ကိုဖြတ်ပြီး ကမ်းပါးစောက်ကို ဖြိုချထားသော ကုန်းမော့မော့လမ်းအတိုင်း အပေါ်သို့ တက်သည်။ အပေါ်ကိုတက်ရင်း နောက်သို့ အမှတ်မဲ့ လှည့်အကြည့်တွင် စိုင်းနန္ဒ ခြေခေါက်ပြီး လဲကျ သည်။ ရုတ်တရက် သူ နေရာမှ မထနိုင်။ စုတ်သပ်ပြီး ညည်းသည်။

"နန္ဒ... ထစမ်း... မင်း လုပ်ပုံ မပီရိဘူး"

"ကျွန်တော် ခြေခေါက်ပြီး လဲကျတာ ခြေထောက် မထောက်နိုင်တော့ဘူး"

"လုပ်မနေနဲ့ နန္ဒ... မင်းအကြောင်း ငါ သိတယ်"

"မထနိုင်လို့ မထနိုင်ဘူးပြောတာ၊ မယုံရင်လဲ မတတ် နိုင်ဘူးဗျာ"

စိုင်းနန္ဒက ခြေထောက်နာသွားဟန် မျက်နှာကို တစ်ချက်မဲ့သည်။ ဦးတိုက်အောင်က စိုင်းနန္ဒဘေးရှိ ယက္ခကို မေးဆတ်ပြသည်။

"ယက္ခ သူ့ကို တွဲခေါ်ခဲ့"

ယက္ခက စိုင်းနန္ဒကို ချိုင်းနှစ်ဖက်မှ မ,ပြီး ဆွဲထူ သည်။ စိုင်းနန္ဒက ပျော့တိပျော့ခွေဖြင့် ထ,ရပ်ရင်း ယက္ခ နံကြားကို တံတောင်ဖြင့် တွက်လိုက်သည်။



"ဟိတ်..."

"အင့်..."

ယက္ခ ရုတ်တရက် ပျော့ခွေသွားသည်။ စိုင်းနန္ဒက ယက္ခ ခါးကြားမှ ပစ္စတိုကို ဆတ်ခနဲ ဆွဲယူပြီး ဦးတိုက်အောင်ကို ချိန်ရွယ်လိုက်သည်။

"မလှုပ်နဲ့ ဆရာအောင်၊ ခင်ဗျားလူတွေကိုလဲ သတိပေးထား၊ အားလုံး လက်တွေမြှောက်ပြီး ခေါင်းပေါ်တင်ထား၊ နီနီစောထွေး သူတို့ဆီက သေနတ်တွေကို သိမ်းလိုက်"

စိုင်းနန္ဒက ယက္ခကို ဒိုင်းသဖွယ်ကာထားပြီး အမိန့်ပေးသည်။ သို့သော် နီနီစောထွေးက သူ့အမိန့်ကို နာခံခြင်းမရှိ။

"နီနီစောထွေး ပြောနေတာ မကြားဘူးလား"

"ကျွန်မ မလုပ်နိုင်ဘူး"

"ဒိုင်း... ဒိုင်း... ဒိုင်း..."

သေနတ်သံသုံးချက် ဆက်တိုက်ထွက်ပေါ်လာသည်။ ကျည်ဆံနှစ်တောင့်က နီနီစောထွေး ခြေချထားရာနှင့် လက်မဝက်အကွာ မြေပြင်ကို စိုက်ဝင်သည်။ ကျည်တစ်တောင့်က နီနီစောထွေး လွယ်ထားသော စလင်းဘက်ကြိုးကို ဖြတ်တောက်လိုက်သည်။

နီနီစောထွေ ရင်ထိတ်သွားသည်။ စိုင်းနန္ဒ၏စကား

ကို မလွှန်ဆန်နိုင်ဘဲ နေရာမှ ရွေ့သွားသည်။ ပထမဆုံး ဦးတိုက်အောင်၏ ခါးကြားမှ သေနတ်ကို ဆွဲယူသည်။ ပြီး ကျန်နေသူ တစ်ယောက်စီက သေနတ်များကို ဆွဲယူ သည်။

"နန္ဒ… မင်း ညီမလေး ငါတို့လက်ထဲမှာ ရှိနေတယ် ဆိုတာ မင်း မေ့သွားပြီလား"

"မမေ့ဘူး၊ ညီမလေးအတွက် ခင်ဗျားတို့ကို သတ် မယ်"

"သေနတ် ပြန်ချထားလိုက်ပါ နန္ဒ… တိုက်အောင်ကို မင်း ဒီနည်းမျိုးနဲ့ အနိုင်ယူလို့ မရပါဘူး"

ဦးတိုက်အောင်၏ တည်ငြိမ်နေမှုကို စိုင်းနန္ဒ သံသယ ဖြစ်သွားသည်။

"ဘာမှ အပြစ်မရှိတဲ့ ကျုပ်ညီမလေးကို ဒုက္ခပေးထား တဲ့အတွက် ခင်ဗျားကို နည်းနည်းမှ မကျေနပ်ဘူး ဆရာ အောင်"

"ငါက မင်း ကျေနပ်အောင် လုပ်နေတာ မဟုတ်ဘူး လေ၊ ငါ့အလုပ်ကို ငါလုပ်နေတာ"

"ခင်ဗျာ…"

"နန္ဒ… မင်းက တစ်ချိန်က ငါ့လက်ထောက်တစ် ယောက်ပါ၊ ငါ့အကြောင်းကို မင်း ကောင်းကောင်းသိပါ တယ်၊ တိုက်အောင်က မပိုင်ရင် ဘာမှ မလုပ်ဘူး ဦးပန်ထိ





ကျုပ် တစ်ကနေ သုံးအထိ ရေမယ်၊ သုံးရောက်လို့မှ သူ လက်နက်မချရင် ပစ်ပေတော့"

သူ့နောက်ပါးမှ သေနတ်မောင်းတင်သံကို စိုင်းနန္ဒ ကြားရသည်။

"စိတ်ချ ဆရာအောင်၊ သုံးလို့ အော်ပြီးတဲ့ထိ လက် နက် မချရင် သူ သေစေရမယ်"

ဦးပန်ထီ၏အသံနှင့်အတူ သေနတ်ပြောင်းတစ်ခုက ကျောပြင်ကို လာထောက်သည်။ စိုင်းနန္ဒ သက်ပြင်းချလိုက် ၏။

သူ့လက်ထဲမှ သေနတ်ကို မြေပြင်ပေါ်သို့ ပစ်ချ လိုက်သည်။ သေနတ်လွှတ်ချလိုက်သည်နှင့် ဦးတိုက်အောင် ၏ ရယ်သံ ပေါ်လာသည်။

"တော်တယ်၊ ဒီလိုလိမ္မာမှပေါ့"

ဦးတိုက်အောင်က မတိုးမကျယ်ပြောရင်း ခေါင်းဆတ် ပြသည်။ ယက္ခက စိုင်းနန္ဒအနားသို့ တိုးကပ်ပြီး လက်ဝါး စောင်းဖြင့် ရိုက်ချသည်။ စိုင်းနန္ဒ၏မျက်လုံးအစုံ မှိုင်းမှုန်ပြီး သူ့အတွက် မှောင်အတိကျသွားသည်။

* * *

## [နှစ်]

မိုင်းတုံသည် နှင်းငွေ့မှုန်ရီအောက်တွင် အေးချမ်းငြိမ်သက်စွာ ကျန်ရစ်ခဲ့သည်။ မိုင်းတုံမြို့ကို လည်ပြန်ကြည့်နေသော စိုင်းနန္ဒ၏ရင်မှာမူ မအေးချမ်းနိုင်။

သံလွင်မြစ်ကို ကူးပြီးစတွင် လွတ်မြောက်နိုင်သည့်အခွင့်အရေးကို ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထိုအဖြစ်ကို ရှုံးနိမ့်ခြင်းဟု ဆိုရမည်။ ရှုံးနိမ့်ခဲ့သော်ငြားလည်း ထိုအဖြစ်ကြောင့် စိုင်းနန္ဒ စိတ်ထိခိုက်ခဲ့ခြင်းမရှိ။ မိုင်းတုံရောက်ပြီး မျှော်လင့်ထားသလို မြရည်နန္ဒာအား မတွေ့ရသည့်အခါ သူ့ရင်မှာ ပူလောင်လာသည်။





မြရည်နန္ဒာတို့ မိုင်းတုံမှကြိုတင်ပြီး စောင့်နေလိမ့်မည်ဟု သူယုံကြည်ထားခဲ့သည်။ သို့သော် မိုင်းတုံတွင် မြရည်နန္ဒာမရှိ။ ကားပေါ်မှဆင်းပြီး တောင်ပေါ်ခရီးကို ခြေလျင်ထွက်ခဲ့သည်ထိ မြရည်နန္ဒာ၏ အရိပ်အယောင်ကိုမျှ မတွေ့ရ။ ဦးတိုက်အောင်ကလည်း မြရည်နန္ဒာတို့အကြောင်း တစ်ခွန်းတစ်ပါဒမျှ မပြော။ ခရီးတစ်လျှောက်လုံး အတူပါလာခဲ့သော နီနီစောထွေးကို မိုင်းတုံတွင် ထားခဲ့သည်။

မျက်နှာမပျက်အောင် သတိထားနေသော စိုင်းနန္ဒ၏ရင်ထဲမှာ ပြင်းပြင်းထန်ထန် လှုပ်ရှားနေသည်။ သူက ဘေးချင်း ယှဉ်ပြီး လျှောက်လာသော ဦးတိုက်အောင်အား လှည့်မေးချင်စိတ်ကို ထိန်းထားရသည်။

လမ်းက တဖြည်းဖြည်းကြမ်းလာသည်။ ဝန်တင်လားနှစ်ကောင်နှင့် လူခြောက်ယောက်သည် တောင်ပေါ်လမ်းအတိုင်း ခက်ခဲပင်ပန်းစွာ ခရီးနှင်နေသည်။

"ဒီမှာ ခဏနားမယ်ဟေ့…၊ မနက်စာစားမယ်…၊ ယက္ခ ကင်းတာဝန်ယူ"

တောင်စောင်းတစ်ခုသို့ အရောက်တွင် ဦးတိုက်အောင်၏ အမိန့်ပေးသံ ပေါ်လာသည်။ အမိန့်ပေးပြီးသည်နှင့် သူက သစ်ပင်တစ်ပင်အောက်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

စိုင်းနန္ဒက ဦးတိုက်အောင်နှင့် မနီးမဝေး သစ်ပင်

တစ်ဝင်အောက်သို့ ဝင်ပြီး ထိုင်သည်။ သူ ထိုင်ချလိုက်စဉ်မှာပင် စာရွက်လုံးတစ်လုံး သူ့ခြေရင်းသို့ ကျလာသည်။ စိုင်းနန္ဒက ဖိနပ်ကြိုးချည်သလိုလိုနှင့် စာရွက်လုံးလေးကို ကောက်ယူသည်။ ဦးတိုက်အောင်၏ အဖွဲ့သားများ နေရာယူနေပုံကို တစ်ချက်ကြည့်ပြီး စာရွက်လုံးလေးကို မသိမသာ ဖြန့်ဖတ်သည်။

စိုင်းနန္ဒ...

*မြရည်နန္ဒာအတွက် စိတ်မပူနဲ့... စခန်းဟောင်းရောက်ရင် တွေ့ရလိမ့်မယ်၊ ခင်ဗျား တစ်ယောက်တည်း မဟုတ်ဘူး။ မိတ်ဆွေရှိတယ်ဆိုတာ သိပါ။*

စာရွက်အောက်ခြေတွင် နာမည် အမှတ်အသား စသည်တို့မပါ။ စိုင်းနန္ဒက စာရွက်ကို လုံးခြေကာ ပါးစပ်ထဲထည့်ပြီး ဝါးသည်။ ဖေသန့်က နံနက်စာအဖြစ် ဟန်ဘာဂါ လာဝေချိန်တွင် စာရွက်ကို မျိုချလိုက်သည်။

"ဒါ... မနက်စာ"

စိုင်းနန္ဒက ဖေသန့်အား ဖျတ်ခနဲ လှမ်းကြည့်သည်။ ဖေသန့်သည် တစ်ချိန်က သူနှင့် လက်တွဲခဲ့ဖူးသည်။ သူ့အမိန့်ကို နာခံခဲ့သည်။ ဦးတိုက်အောင်၏ မုန်တိုင်းအဖွဲ့တွင် သွေးအတူ–ရှင်မကွာ လှုပ်ရှားခဲ့ဖူးသည်။ ဖေသန့်လိုပင် ဘသိန်းဖကလည်း စိုင်းနန္ဒ၏ လက်တွဲဖော် ဖြစ်ခဲ့ဖူးသည်။





ယက္ခနှင့် ကျော်စွာတို့မှာ ဦးတိုက်အောင်ထံ နောက်မှ ရောက်လာသူများပင် ဖြစ်သည်။

"နန္ဒ... မင်း ဘာလုပ်နေတာလဲ၊ စားစရာရှိတာစား၊ စားပြီးတာနဲ့ ငါတို့ ခရီးဆက်မယ်"

သူ့အခြေအနေကို အကဲခတ်နေပုံရသော ဦးတိုက်အောင်က လှမ်းပြောသည်။ စိုင်းနန္ဒက ဖေသန့် လာပေးသော ဟန်ဘာဂါနှင့်ကော်ဖီမစ်တစ်ခွက်ကိုစတင် စားသောက်သည်။ ငါးသေတ္တာညှပ်ထားသော ဟန်ဘာဂါတစ်ခုအကုန်တွင် ဗိုက်တင်းသွားသည်။ သူက ကော်ဖီမစ်ကို အရသာခံပြီး သောက်သည်။

"ရော့ဟော့... မင်းအတွက် စီးကရက်"

စီးကရက်တစ်ဘူး စိုင်းနန္ဒရှေ့သို့ ဘုတ်ခနဲ ကျလာသည်။ မဖောက်ရသေးသော ငါးသုံးလုံးစီးကရက်ဘူးသစ်။ စိုင်းနန္ဒက ဘူးကိုဖောက်ပြီး စီးကရက်တစ်လိပ်ရွေးထုတ်ကာ မီးညှိလိုက်သည်။

စာရေးပြီး သတင်းပေးသူနှင့် ပတ်သက်သောအတွေးကို့ကသူ့ခေါင်းထဲသို့ ဖျတ်ခနဲ ရောက်လာသည်။ သူ့ကိုနှိုက်သူအဖြစ်မသတ်မှတ်ဘဲ အကူအညီပေးမည့်လူတစ်ယောက်ဦးတိုက်အောင်တို့လူစုထဲတွင် ရှိနေသည်။

ထိုကူညီမည့် သူသည် ဘယ်သူများ ဖြစ်နေလိမ့်မလဲဟု စဉ်းစားကြည့် သည်။ ဦးတိုက်အောင်ကလွဲ၍ ကျန်လူတွေ

အားလုံး သူ့ကို ကူညီမည့်လူ ဖြစ်နိုင်သည်။ အဖြစ်နိုင်ဆုံးက ဖေသန့်...။

ဖေသန့်သည် ယခင်ကတည်းက စိုင်းနန္ဒကို အားကျခဲ့သူဖြစ်သည်။ စိုင်းနန္ဒကို အတော်ဆုံးလူတစ်ယောက်အဖြစ် မကြာခဏ ချီးမွမ်းတတ်သည်။

"သွားကြမယ်ဟေ့..."

ဦးတိုက်အောင်၏ အသံဝါကြီး နားထဲသို့ တန်းဝင်လာသည်။ စိုင်းနန္ဒက တွေးလက်စ အတွေးများကို တိခနဲ ဖြတ်လိုက်၏။ နေရာမှ လျင်မြန် ပေါ့ပါးစွာ ထ,ရပ်သည်။

"ဘသိန်းဖုံနဲ့ ယက္ခ ရှေ့ကသွား၊ ကျော်စွာနဲ့ဖေသန့် နောက်ကလိုက်၊ နန္ဒ မင်း ငါနဲ့ အတူလိုက်ခဲ့၊ ကျော်စွာ ဟိုက လားနှစ်ကောင်ကို ဆွဲခဲ့"

ယက္ခနှင့်ဘသိန်းဖုံ ရှေ့မှ ထွက်သွားသည်။ သူတို့နောက်မှ ဦးတိုက်အောင်နှင့် စိုင်းနန္ဒ...၊ ကျော်စွာတို့က နောက်ဆုံးမှ လိုက်သည်။

သူတို့ဖြတ်သန်းနေသည့်လမ်းမှာ ဆိုးရွားကြမ်းတမ်းလွန်းသောလမ်း ဖြစ်သည်။ လမ်းတစ်ဖက်တွင် နက်ရှိုင်းသော ချောက်ကြီး၊ တစ်ဖက်တွင် စီးမိုးနေသော တောင်တော်တော်မြင့်ကြီးက ခါးလယ်မှ ဖြတ်ဖောက်ထားသည်။ လမ်းက ကျဉ်းမြောင်းလှသည်။





ခရီးကြမ်းနှင့်ရင်းမွန်းတည့်ချိန်ကို ကျော်လွန်လာသည်။ နေကျလာသည်နှင့် အအေးဓာတ်က ရစ်ပတ်လာ၏။

"ယက္ခတို့ မြန်မြန်လျှောက်ကြ၊ ဒီည နှင်းအကျသည်းလိမ့်မယ်၊ မှောင်တာနဲ့ နှင်းတွေပိတ်ပြီး သွားလို့လာလို့ ရတော့မှာ မဟုတ်ဘူး"

ဦးတိုက်အောင်၏ စကားအဆုံးတွင် ယက္ခတို့က ခြေလှမ်း သွက်သွက်လှမ်းကာ လျှောက်သည်။ စိုင်းနန္ဒက အမှတ်မထင် ကောင်းကင်ကို မော်ကြည့်သည်။ ကောင်းကင်၌ တိမ်တစ်မျှင်တစမျှ မရှိ။ ကျနေရောင်က အားပျော့လာသည်။

တိုက်ခတ်လာသောလေတွင် အအေးငွေ့တွေ သိသိသာသာ ပါနေသည်။ နှင်းတွေ သဲသဲမဲမဲကျရင်တော့ အေးပြီဟု အနွေးထည် မပါသည့် စိုင်းနန္ဒ တွေးမိ၏။ ယခုအချိန်မှာတော့ ကြမ်းတမ်းသည့် ခရီးကြောင့် ချွေးစို့နေသည်။

"နန္ဒ..."

ပခုံးချင်းယှဉ်၍ လျှောက်နေရင်းမှ ဦးတိုက်အောင်က ခပ်တိုးတိုးခေါ်သည်။ စိုင်းနန္ဒ လှည့်ကြည့်လိုက်၏။

"စခန်းဟောင်း ရောက်ရင် မင်း ငါ့ကို မြေပုံ ဆွဲပြပါ..."

စိုင်းနန္ဒ၏ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

"ဘာမြေပုံလဲ ဆရာအောင်"

မသိနားမလည်ဟန်ဖြင့် မေးနေသည့် စိုင်းနန္ဒကို ကြည့်ပြီး ဦးတိုက်အောင် ရယ်သည်။

"မင်းရဲ့ အကာယ်ဒမီအမူအရာ တခြားလူကို သွားလုပ်ပြ၊ တိုက်အောင်က ဒါမျိုး မရဘူး၊ အခုလို အခြေအနေမျိုးမှာ မင်း ဘာမှ လုပ်လို့ မရဘူးဆိုတာ နားလည်ထားပါ..."

စိုင်းနန္ဒ ပြုံးလိုက်သည်။

"ဆရာအောင် ကျွန်တော်တို့ဟာ တစ်ယောက်အကြောင်း တစ်ယောက် သိထားတဲ့ လူတွေပါ၊ သိပ်လဲ ခြိမ်းခြောက်မနေပါနဲ့၊ တစ်ချိန်တုန်းက ကျွန်တော်တို့ သေအတူ ရှင်အတူဆိုပြီး လက်တွဲခဲ့ကြတယ်၊ ဒါပေမယ့် ကျွန်တော်ဟာ ကိုယ့်အမှားတွေ ကိုယ်သိလာတဲ့အခါ ဆရာအောင်နဲ့ လက်တွဲဖြုတ်ခဲ့တယ်၊ ဆရာအောင်ဆီကနေ တိတ်တိတ်လေး လစ်ထွက်ပြီး ကိုယ့်ဘဝကိုယ် ထူထောင်ခဲ့တယ်"

ဦးတိုက်အောင် ပြုံးလိုက်သည်။

"ဒါပဲလားကွ၊ မင်း တိတ်တိတ်လေး လစ်ထွက်သွားချိန်မှာ ငါ့ရတနာသေတ္တာ မ,သွားတာကိုလဲ ထည့်ပြောပါဦး..."

"အဲဒါကို ကျွန်တော် မငြင်းပါဘူး ဆရာအောင်"

"ငြင်းလို့လဲ မရဘူးလေ၊ မင်းနဲ့အတူ ဘသိန်းဖေ





ပါသွားခဲ့တာပဲ၊ ဘသိန်းဖေက သူ့အမှားသူ ဝန်ခံပြီး ငါ့ဆီ ပြန်ဝင်လာခဲ့တယ်"

စိုင်းနန္ဒ ပြုံးလိုက်သည်။ သွားတက်စွယ်လေး ဖွေးဖွေး လက်သွားသော သူ့အပြုံးက နှစ်လိုစဖွယ်ရှိနေ၏။

"ဒါနဲ့တောင် ဆရာအောင်က ကျွန်တော့်ကို ခက်ခက်ခဲခဲ အောင်ခတ်ပြီး ဖမ်းဆီးရသေးတယ်၊ သူ့အမှားသူသိတဲ့ ဘသိန်းဖေကို မေးလိုက်ပါလား၊ ရတနာသေတ္တာအကြောင်း သူ ပြောနိုင်မှာပေါ့"

"တိတ်စမ်း နန္ဒ... ငါ့ကို ဒီလေသံမျိုးနဲ့ ထေ့သလို ငေါ့သလို ပြောမနေနဲ့၊ အဲဒီအချိန်တုန်းက ဘသိန်းဖေ ဖျားနေတယ်၊ ရတနာသေတ္တာ ကျသွားတဲ့နေရာ မပြောနဲ့၊ သံလွင်မြစ်ကို ဘယ်လို ဖြတ်ကူးခဲ့သလဲဆိုတာတောင် သူ မသိဘူး"

ဦးတိုက်အောင်၏ စကားအဆုံးတွင် စိုင်းနန္ဒ ရယ်သည်။

"ဆရာအောင်က တကယ်သိတာကိုး... ကောင်းပြီ... စခန်းဟောင်းကျရင် ကျွန်တော် မြေပုံဆွဲပြပါ့မယ်"

* * *

ဦးတိုက်အောင်သည် ရှေ့တူရူရှိ ကွေ့ချိုးဆီသို့ စူးရှ

သော မျက်လုံးအစုံဖြင့် ဖျတ်ခနဲ လှမ်းကြည့်သည်။ လက်ညှိုးလက်မတို့ဖြင့် နှုတ်ခမ်းကို ဖျစ်ပြီး ငှက်အော်သံနှင့်တူသော အသံတစ်သံကို ပြုလိုက်သည်။ မရှေးမနှောင်းပင် ကွေ့ချိုးဆီမှ အလားတူ အော်သံမျိုး တုံ့ပြန်လာသည်။

"ယက္ခနဲ့ ဘသိန်းဖဲ လမ်းအတိုင်းမဆင်းနဲ့၊ တောင်ပေါ်က ပတ်ဆင်း၊ ငါတို့လူတွေ ရောက်နေပြီထင်ရပေမယ့် ငါ့စိတ်ထဲမှာ သိပ်မသင်္ကာဘူး"

ဦးတိုက်အောင်၏ စကားအဆုံးတွင် ယက္ခနှင့် ဘသိန်းဖဲတို့ လမ်းဘေး တောင်ပေါ်သို့ တက်သွားကြသည်။

"ကျော်စွာတို့က ကွေ့ချိုးကိုရောက်ရင် ခဏစောင့်လားနှစ်ကောင်ကို လွှတ်မသွားစေနဲ့..."

ဦးတိုက်အောင်က ကာဘိုင်ကို အသင့်ကိုင်ပြီး လျှောက်သည်။ သူ၏ မျက်လုံးအစုံက စူးရှအရောင်လက်နေ၏။ သူ့အသွင်မှာ နိုးကြားတက်ကြွဟန် အပြည့်ရှိနေသည်။

"ဆရာအောင်က အသက်ကြီးလို့လား မသိဘူး၊ သိပ်အစိုးရိမ်ပိုလာတယ်၊ တစ်ဖက်က ငှက်အော်သံနဲ့ အသံပြုနေတာပဲ၊ တခြားလူတွေ ဖြစ်နိုင်ပါ့မလား"

ဦးတိုက်အောင်က လမ်းဘေးဝဲယာကို ကြည့်နေရာမှ စိုင်းနန္ဒအား ဖျတ်ခနဲ လှည့်ကြည့်သည်။

"မင်း ငှက်အော်သံကို သေသေချာချာကြားလိုက်တယ် မဟုတ်လား နန္ဒ"





"ကြားပါတယ်"

"ဘာထူးခြားသလဲ"

"ငှက်အော်သံ တစ်ချက်တည်းပေါ်လာတယ်၊ အမှန်က နှစ်ချက်ပေါ်ရမှာ"

"အေး... အဲဒါပဲ၊ ဒါကြောင့် ငါ့စိတ်ထဲက မသင်္ကာတာ၊ ဒီနေရာမှာ ရန်သူရောက်နေပြီလား မသိဘူး"

"ဟား... ဟား... ဟား... ဟုတ်လိုက်လေ မုန့်တိုင်းရယ်၊ အို... အို... မလှုပ်နဲ့လေ၊ ခင်ဗျားတို့ကို စက်သေနတ်လေးလက်နဲ့ ချိန်ထားတယ်၊ လှုပ်တာနဲ့ ပစ်ရလိမ့်မယ်"

ကွေ့ချိုးသို့ မရောက်ခင် ရုတ်တရက် ပေါ်လာသည့် အသံကြောင့် ဦးတိုက်အောင်နှင့် စိုင်းနန္ဒ ပြိုင်တူရပ်လိုက်ကြသည်။ မှောင်ရိပ်ကျသော သစ်ပင်များဆီသို့ တစ်ပြိုင်နက် လှမ်းကြည့်လိုက်ကြသည်။

"ငြိမ်ငြိမ်နေပါ မုန့်တိုင်း၊ ခင်ဗျားလူတွေကို ကျွန်တော်တို့ ရထားပြီ၊ ယက္ခနဲ့ဘသိန်းဖဲလဲ မလှုပ်နိုင်တော့ဘူး၊ ခင်ဗျားအတွက် အခြေအနေမပေးတော့ဘူး၊ လက်ထဲက သေနတ်ကို ချလိုက်ပါ၊ ခင်ဗျားနောက်က နှစ်ယောက်ကိုလဲ လက်နက်ချဖို့ လှမ်းပြောလိုက်ပါ"

"မင်းတို့ ဘယ်သူတွေလဲ"

ဦးတိုက်အောင်က ကာဘိုင်ကို လွှတ်မချသေးဘဲ မေးသည်။

"အချိန်ကျရင် သိရမှာပေါ့၊ ခင်ဗျားလက်ထဲက သေနတ်ကို ပစ်ချလိုက်လေ၊ မြန်မြန်လုပ်၊ ကျုပ် စိတ်မရှည်တော့ဘူး"

တစ်ဖက်မှလူ၏အသံ မာကျောပြတ်သားစွာ ပေါ်လာသည်။ ဦးတိုက်အောင်က လက်ထဲမှ ကာဘိုင်ကို လွှတ်ချလိုက်၏။ တစ်ဆက်တည်းပင် နောက်ကိုလှည့်၍...

"ကျော်စွာတို့ လက်နက်ချလိုက်တော့"

သစ်ပင်အကွယ်မှ ရယ်သံပေါ်လာသည်။

"ဒီလိုမှပေါ့၊ ကဲ...ခေါင်းပေါ်ကို လက်နှစ်ဖက်စလုံး တင်ပြီး လျှောက်ခဲ့"

ဦးတိုက်အောင်နှင့် စိုင်းနန္ဒတို့ အဆင်းလမ်းအတိုင်း အေးချင်းယှဉ်ပြီး လျှောက်သည်။

"အခုကောင်တွေကို ဘယ်သူလို့ မင်းထင်သလဲ နန္ဒ"

စိုင်းနန္ဒ ခေါင်းခါလိုက်သည်။

"ကျွန်တော် ဒီလောကနဲ့ အဆက်ပြတ်နေတာ ကြာပြီပဲ ဆရာအောင်၊ ဘယ်သိပါ့မလဲ"

"ပေါ်ပေါ်ဆဆပြောမနေနဲ့ နန္ဒ၊ ဒီကောင်တွေဟာ မင်းရဲ့ ရန်သူဟောင်း ဖြစ်ချင်ဖြစ်လိမ့်မယ်၊ မင်းနဲ့ငါ ကွဲနေတာ၊ နောက် ငါတို့ကို ဘက်တစ်ဘက်ထဲကလူတွေလို့ သတ်မှတ်မှာ သေချာတယ်"

စိုင်းနန္ဒ၏မျက်နှာတွင် အပြုံးရိပ်တွေ ထင်လာသည်။





"ဒါက စည်းရုံးတဲ့စကားလား ဆရာအောင်၊ အသံကြားတာနဲ့ ဘယ်သူဘယ်ဝါလို့ မခန့်မှန်းနိုင်ဘူးဆိုရင်လဲ ပြောပြရတာပေါ့၊ ဒီအဖွဲ့ဟာ စိုင်းလိတ်တို့အဖွဲ့ပဲ ဖြစ်လိမ့်မယ်"

"စိုင်းလိတ်..."

ဦးတိုက်အောင် မျက်မှောင်ကြုတ်လိုက်သည်။

"ဟုတ်တယ်၊ စိုင်းလိတ်တို့ပဲ ဆရာအောင်၊ ဒီကောင်နဲ့ တွေ့ရင် ဆရာအောင်အတွက် အခြေအနေမကောင်းဘူး"

ဦးတိုက်အောင် မဲ့ပြုံးပြုံးလိုက်သည်။

"မင်းအတွက်လဲ အခြေအနေမကောင်းပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ စခန်းဟောင်းမှာ အိုက်မောင်း၊ လတ်လတ်ဖြူနဲ့ မင်းညီမလေးတို့ ရောက်နေရမယ်၊ အခုလောက်ဆိုရင် စိုင်းလိတ်က သူတို့ကို ချုပ်ကိုင်ထားရောပေါ့"

စိုင်းနန္ဒ၏ရင် ထိတ်ခနဲခုန်သွားသည်။ စိုင်းလိတ်သည် တောင်တန်းဒေသတွင် ကျင်လည်ကျက်စားသော ဒုစရိုက်သမား၊ နောက်ခံအင်အားကောင်းသည်။ မိန်းမနှင့်ပတ်သက်လျှင် ပျိုပျိုအိုအိုမရှောင်...၊ မြရည်နန္ဒာလို နုနုဖတ်ဖတ်လေးများ၊ လတ်လတ်ဖြူလို အချောအလှများဆိုလျှင် စိုင်းလိတ် ပို၍ မရှောင်။

"မင်းအတွက်လဲ အခြေအနေမကောင်းနိုင်ဘူးဆိုတာ စဉ်းစားမိပြီ မဟုတ်လား နန္ဒ..."

စိုင်းနန္ဒ ခေါင်းညိတ်လိုက်သည်။

"သတိထားကွာ၊ စိုင်းလိတ်ကို ရင်ဆိုင်ဖို့အတွ မင်းနဲ့ ငါ ယာယီ လက်တွဲမယ်၊ ငါတို့ နှစ်ယော ပေါင်း လိုက်ရင် စိုင်းလိတ်လိုကောင် ကျွမ်းပစ်မှာ သေချ တယ်"

စိုင်းနန္ဒက လေးနက်သောအကြည့်ဖြင့် ဦးတိုက်အော ကို ကြည့်သည်။ ပြီး ခေါင်းညိတ်ပြ၏။ သူ့မျက်လုံးအ မှာ ကွေ့ချိုးရှေ့သို့ ရောက်သွားသည်။

ကွေ့ချိုးကို ချိုးကွေ့ လိုက်သည်နှင့် စခန်းဟောင်း အမည်တွင်သော မြေနိမ့် လွင်ပြင်ကို ဘွားခနဲ တွေ့ရသည် စခန်းဟောင်းရှိ တစ်လုံးတည်းသော တဲတွင် မီးရော ထိန်ထိန်လင်းနေသည်။

တဲအတွင်းမှာ မီးရောင်ထိန်လင်းနေသကဲ့သို့ တဲအပြ မှာလည်း မီးဖိုထားသဖြင့် လင်းနေသည်။ ထိုအလင်းရော ဖြင့် စိုင်းနန္ဒက ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်သည် ထိုအခါ ဝါးတဲရှေ့ရှိ လက်နက်ကိုင်များကိုလည်းကောင် ထိုလက်နက်ကိုင်များက ထိန်းချုပ်ထားခြင်းခံနေရသော ယ နှင့် ဘသိန်းဖေတို့ကိုလည်းကောင်း တွေ့ရသည်။

"ဟား...ဟား...နောက်ဆုံးတော့လဲ ... မုန်တိုင်း စိုင်းလိတ်လက်ထဲကို လွယ်လွယ်ကူကူရောက်လာတာပါ လား..."





ခပ်လှောင်လှောင်ပြောလိုက်သံနှင့်အတူ စိုင်းနန္ဒတို့ ကျောခိုင်းထားရာဘက်မှ အစိမ်းရောင်ဝတ်စုံဝတ်ထားသော စိုင်းလိတ် လျှောက်လာသည်။ စိုင်းနန္ဒက စိုင်းလိတ်ကို ကြည့်ပြီး ပြုံးသည်။ တစ်ဆက်တည်းပင် စိုင်းလိတ်လက် ထဲမှ ရှမိုက်ဆာ စက်သေနတ်ကို သတိပြုမိသည်။

ထိရောက်မှု မီတာနှစ်ရာ၊ ကျည်ထွက်နှုန်း တစ်မိနစ် လေးရာ့ငါးဆယ်၊ ကျည်သုံးဆယ့်နှစ်တောင့်ပါ ကျည်ကတ် ကို အသုံးပြုရသော အော်တိုမက်တစ် စက်သေနတ်က ပေါက်တော့မည့် မြွေဟောက်တစ်ကောင်လို...၊ ပြောင်းဝ မည်းမည်းလေးက စိုင်းနန္ဒတို့ကို လှမ်းပြီး ချိန်ရွယ်ထား သည်။

အသားဖြူဖြူ၊ အရပ်ပုပု၊ မျက်ခွံမို့မို့၊ မျက်ပေါက် ကျဉ်းကျဉ်းနှင့် ရမ္မက်ထုပြောမည့်ဟန်၊ ကောက်ကျစ် ရက်စက်မည့်ဟန်ရှိသော စိုင်းလိတ်က စိုင်းနန္ဒအား ဖျတ်ခနဲ ကြည့်သည်။

စူးရှပြီး အင်အားရှိသော စိုင်းနန္ဒ၏ မျက်လုံး အစုံနှင့် အကြည့်ချင်းဆုံစဉ် စိုင်းလိတ် ပြုံးလိုက်သည်။

"စိုင်းနန္ဒ...အဆင်ပြေချင်တော့လဲ မင်းတို့ ဆရာ တပည့်နှစ်ယောက်ကို အတူတွေ့ရပါလား၊ ဒါပေမယ့် ငါ ကြားထားသလောက်ဆိုရင် မင်းတို့ဆရာတပည့် ခွာပြကြ ပြီဆို..."

စိုင်းနန္ဒက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ ငါ အခု သူ့ရဲ့အကျဉ်းသား ဖြစ်နေ
တယ်"

"ဪ...ဒီလိုလား..."

စိုင်းလိတ်က စိုင်းနန္ဒအား စူးစူးစိုက်စိုက် ကြည့်
သည်။ တစ်ခဏအကြာတွင် သူ့မျက်နှာ တဖြည်းဖြည်း
ပြုံးလာ၏။

"စိုင်းနန္ဒ...မင်းကိုတွေ့တော့ ငါ စိတ်ကူးတစ်ခုရလာ
တယ်၊ ငါတို့ ရန်ဖြစ်ကြမယ့်အစား တစ်ယောက်နဲ့
တစ်ယောက် ဆွေးနွေးညှိနှိုင်းပြီး လက်တွဲကြရင် သိ
ကောင်းမယ်"

စိုင်းနန္ဒ၏မျက်နှာတွင် သတိထားဟန် ရိပ်ရိပ်ထ
သွားသည်။ သူက ဦးတိုက်အောင်ကို လှမ်းကြည့်ပြီး မသ
မသာ ခေါင်းဆတ်ပြလိုက်၏။

"မင်းက ငါနဲ့ တကယ်ပဲ လက်တွဲချင်စိတ်ရှိရဲ့လာ
စိုင်းလိတ်"

စိုင်းလိတ် တွေခနဲဖြစ်သွားသည်။ စိုင်းနန္ဒကို တစ်ခ
မျှ စူးစိုက်ကြည့်သည်။ ပြီးနောက် သူက အားရပါးရ ရယ်
လိုက်၏။

"မင်းက ဘာဖြစ်လို့ ဒီလိုမေးရတာလဲ၊ မင်း
ဘယ်လိုအရည်အချင်းမျိုးရှိသလဲဆိုတာ ငါ သိတယ်၊ မင်း





မရှိတဲ့ အရည်အချင်းတွေ ငါ့မှာရှိတယ်၊ ငါတို့နှစ်ယောက်
ပေါင်းလိုက်ရင် ဘယ်သူလာပြီး ယှဉ်နိုင်မလဲ၊ မင်းနဲ့ မှန်တိုင်း
ခွာပြုကြပြီဆိုရင် မင်းနဲ့ငါ လက်တွဲဖို့ပဲ ရှိတယ်လေ စိုင်း
နန္ဒ"

* * *

လွင်-၀၁၆၀

## [သုံး]

တဲအတွင်း၌ မီးတောက်ထ,နေသော မီးလင်းဖိုတစ်ခု ရှိသည်။ မီးဖိုရှေ့ ဝါးကွပ်ပျစ်ပေါ်တွင် မိန်းမပျိုနှစ်ယောက် ထိုင်နေသည်။ လောင်းကုတ်ဖားဖားကြီးအောက်တွင် နစ်မြုပ်နေသလိုရှိသည့် မိန်းကလေးက မြရည်နန္ဒာ...၊ အညိုရောင် သားရေရှာကင်၊ ဖြူဖြူပြာပြာ ဂျင်းဘောင်းဘီဝတ်ထားသူက လတ်လတ်ဖြူ...။

စိုင်းနန္ဒ တဲအတွင်းသို့ ဝင်လာသည်။ ကွပ်ပျစ်ပေါ်တွင် ထိုင်နေသော မိန်းကလေးနှစ်ယောက်က စိုင်းနန္ဒအား တွေ့သည်နှင့် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ သူတို့နှစ်ယောက်





၏ မျက်လုံးတွေ အရောင်တောက်လာသည်။ မြရည်နန္ဒာက ခေါင်းလေးမော့ပြီး စိုင်းနန္ဒကို နှုတ်ဆက်သလိုပြုသည်။

စိုင်းနန္ဒ မသိမသာ ခေါင်းခါပြသည်။ မြရည်နန္ဒာတို့အား ကြည့်နေသည့် သူ့မျက်လုံးအစုံမှာ အေးစက်ပြီး လူစိမ်းဆန်နေ၏။

“မလှဘူးလား စိုင်းနန္ဒ၊ မင်းဆရာဟောင်း မုန်တိုင်းရဲ့ တပည့်မလေးနှစ်ယောက်လေ၊ ဒီလိုအချောအလှလေးနှစ်ယောက်နဲ့ဆိုရင် ဒီညဟာ သိပ်ပျော်စရာကောင်းမှာပဲ၊ မင်း ဘယ်လိုသဘောရသလဲ”

“ဟုတ်တယ်၊ဒီညဟာ သိပ်ပျော်စရာကောင်းတဲ့ ညပဲ”

စိုင်းနန္ဒ၏စကားကို သဘောကျသွားဟန်နှင့် စိုင်းလိတ်ရယ်သည်။ ရယ်ရင်း တဲအပေါက်ဝတွင် ရပ်နေသူအား လှမ်းခေါ်လိုက်သည်။

“လောရန့် အရက်နဲ့အမြည်းယူခဲ့စမ်း”

“ဟုတ်ကဲ့ ဆရာ”

လောရန့်က တဲထောင့် ကွပ်ပျစ်ဆီသို့လျှောက်သွားပြီး ကော့(စ)ဝီစကီတစ်ပုလင်း၊ ဖန်ခွက်နှစ်ခွက်၊ ရေသန့်တစ်ဘူးနှင့် အသားကြော်တစ်ပန်းကန်ကိုယူပြီး စိုင်းနန္ဒတို့ရှေ့မှာ ချသည်။

“အရက်နဲ့အမြည်းပါ ဆရာ”

"အေး...မင်း သွားတော့၊ အပြင်ကနေစောင့်...ငါ လိုချင်ရင် ခေါ်မယ်"

လော်ရန့် အပြင်ထွက်သွားသည်။ စိုင်းလီတ်က အရက်ပုလင်းကိုဖွင့်ပြီး ဖန်ခွက်နှစ်ခွက်ထဲ ဖြည့်ထည့်သည်။

"မင်း...ငါတို့နဲ့လက်တွဲမလား စိုင်းနန္ဒ...မင်းက ရတနာ တွေရှိတဲ့နေရာကို ပြရုံပဲပြပေး၊ ကျန်တာတွေ ငါ့တာဝန်ထား"

"အပေးအယူ ဘယ်လိုလုပ်မလဲ"

"မင်းကို ငါ ပစ္စည်းအားလုံးရဲ့ သုံးပုံ တစ်ပုံပေးမယ်"

စိုင်းနန္ဒ မဲ့ပြုံးပြုံးပြီး ခေါင်းခါလိုက်သည်။

"တစ်ဝက်တိတိရမှ ဖြစ်မယ်"

စိုင်းလီတ်၏ မျက်လုံးအစုံ အေးစက်ကျဉ်းမြောင်းသွားသည်။ သူက စိုင်းနန္ဒအား စူးစိုက်ကြည့်ရင်း အရက်ခွက်ကို ဆတ်ခနဲဆွဲယူ မော့သောက်လိုက်သည်။

"မင်း လောဘမကြီးနဲ့ စိုင်းနန္ဒ၊ ငါက အများကြီးရင်းရမှာ၊ သုံးပုံနှစ်ပုံရမှ ဖြစ်မယ်၊ မင်း ငါပြောတဲ့အတိုင်း လုပ်ပါ၊ ဒါမှ မဟုတ်ရင်..."

"ဘာဖြစ်မလဲ၊ ပြောပါဦး"

စိုင်းလီတ် ပြုံးသည်။ ဒေါသအရိပ်အရောင် တစ်စက်ကလေးမှ မရှိသည့်အကြည့်ဖြင့် စိုင်းနန္ဒကို ကြည့်သည်။



"ငါ့သဘောအတိုင်း မလိုက်လျောရင် မင်း သေရမယ် စိုင်းနန္ဒ"

ခြိမ်းခြောက်စကားကို ပြုံးလျက်နှင့် ပြောနေသော စိုင်းလီတ်မှာ မြွေပွေးထက် အဆတစ်ရာမက ကြောက်စရာကောင်းကြောင်း စိုင်းနန္ဒ သိသည်။ ဒုစရိုက်လောကသားများက စိုင်းလီတ်၏အပြုံးကို သေမင်းပြုံးဟု နာမည်ပေးသည်ထိ ထိုအပြုံးနောက်တွင် ရက်စက်ကြမ်းကြုတ်ခြင်းများ ရှိသည်။

"ဘယ်လိုလဲ စိုင်းနန္ဒ၊ မင်း ငါနဲ့ပေါင်းပြီး ငါပေးသလောက်နဲ့ ကျေနပ်မှာလား"

စိုင်းနန္ဒ သက်ပြင်းချသည်။ ပြီး ခေါင်းကို ညင်သာစွာ ညိတ်ပြသည်။ စိုင်းလီတ် ရယ်လိုက်၏။ ရယ်ရင်း အရက်ဖန်ခွက်တစ်ခွက်ကို စိုင်းနန္ဒဘက်သို့ တိုးပေးသည်။

"သောက်ကွာ"

"ငါ ဒီည မသောက်ချင်ဘူး စိုင်းလီတ်"

"သောက်ကွာ၊ ငါတို့ ပေါင်းစည်းခြင်းအထိမ်းအမှတ်ပေါ့...၊ အရက်နဲ့အသားကြော်ကိုမြည်း...၊ ပြီးတော့မှ အရက်နဲ့...ဟား...ဟား...ဟား"

စိုင်းလီတ်က စကားဆုံးအောင်မပြောဘဲ လတ်လတ်ဖြူ့တို့ဘက်သို့ လှမ်းကြည့်သည်။ သူ့အကြည့်က နောက်ဆက်ပါစကားများကို ပြောလိုက်သကဲ့သို့ရှိသည်။

စိုင်းနန္ဒ၏ ကိုယ်တွင်းရှိသွေးများ ဆူဝေသွားသလို ရှိသည်။ သူ့မျက်လုံးအစုံ အေးစက်သွားသော်လည်း သူ့နှုတ်ခမ်းများက ပြုံးနေသည်။

"လုပ်လေ သူငယ်ချင်း...ပျော်ပျော်ပါးပါးပေါ့"

စိုင်းနန္ဒ ခေါင်းခါသည်။

"ငါ မလုပ်ချင်တဲ့အလုပ်ကို ဘယ်သူလာတိုက်တွန်း တိုက်တွန်း မလုပ်တတ်တာ မင်း အသိသားနဲ့၊ ငါ ဒီည မသောက်ဘူး၊ မသောက်ဘဲနဲ့လဲ ငါ ပျော်တတ်ပါတယ်၊ ဒါထက် ဒီကောင်မလေးတွေကို မင်း ဘယ်က တွေ့လာတာလဲ"

စိုင်းလိတ်က ဟက်ခနဲ ရယ်လိုက်သည်။

"ငါက သူတို့ကို တစ်ချိန်လုံး စောင့်ကြည့်နေတာ၊ သူတို့ မိုင်းဆတ်လေယာဉ်နဲ့ ပါလာတယ်၊ မိုင်းတုံကနေ မင်းတို့ကို ကြိုစောင့်တယ်၊ မိုင်းတုံမှာ မှန်တိုင်းက သူတို့နဲ့ လာတွေ့တယ်၊ ပြီးတော့ သူတို့စခန်းဟောင်းကို ထွက်လာတယ်၊ ငါက သူတို့နောက်လိုက်ပြီး စခန်းဟောင်းရောက်တာနဲ့ အသာလေးဖမ်းထားပြီး မင်းတို့ကို ထိုင်စောင့်နေတာပေါ့ကွ၊ မပိုင်ဘူးလား"

"ပိုင်တယ်ကွာ...တကယ်ပိုင်"

စိုင်းနန္ဒက လတ်လတ်ဖြူအား ဖျတ်ခနဲလှမ်းကြည့်သည်။ အရည်လည်နေသော လတ်လတ်ဖြူ၏မျက်လုံးများ



ငှ် အကြည့်ချင်းဆုံးမိစဉ် ရင်ထဲမှာ သိမ့်တုန် လှုပ်ရှားသွားသည်။

"ဂျာကင်နဲ့ဟာလေး"

စိုင်းနန္ဒ ခေါင်းညိတ်ပြသည်။ သူ့အကြည့် လတ်လတ်ထံမှ မခွာ။ တစ်လောကလုံး ရှိသမျှတွေ မှေးမှိန်ကုန်အောင် လှနေသော လတ်လတ်ဖြူအား ကြည့်ရင်းသူ ပြုံးသည်။

"ဘယ်လိုလဲ နန္ဒ...မင်း သဘောကျသလား"

"ကျတယ်ကွာ၊ ဒီလိုအပျံစားလေးကို တွေ့ရတော့ စိတ်လှုပ်ရှားလာပြီး ဒီည ငါ အရက်မသောက်ဘူးလို့နေတာ အခု သောက်တော့မယ်"

"ဟား...ဟား...ဟား...မင်းက သူ့ကို အရက်နဲ့ မြည်းမယ်ပေါ့ ဟုတ်လား"

စိုင်းနန္ဒ ရယ်ပြီး အရက်ပုလင်းကို လှမ်းဆွဲသည်။ စိုင်းလိတ်က တအံ့တသြကြည့်သည်။

"ဟ...ပုလင်းလိုက် မျိုတော့မလို့လား..."

အရက်ပုလင်း ကိုင်လိုက်သော စိုင်းနန္ဒ၏လက် ရိပ်ခနဲ လှုပ်ရှားသွားသည်။ အရက်ပုလင်းက စိုင်းလိတ်၏ခေါင်းပေါ်သို့ ကျ၏။

စိုင်းလိတ် ပေါ့ပေါ့လျော့လျော့ မနေ။ ဖျတ်ခနဲ ရှောင်သည်။ သို့သော် အရက်ပုလင်းဖြင့် ရိုက်သည့် ရိုက်ချက်မှ

မလွတ်။ အရက်ပုလင်းက ခေါင်းကို မထိသော်လည်း စိုင်းလိတ်၏ ပခုံးကို ပြင်းထန်စွာ ထိသည်။

စိုင်းလိတ် ကိုယ်ဟန်ပျက်သွားသည်။ စိုင်းနန္ဒက စိုင်းလိတ်၏ရှေ့မှ ရှမိုက်ဆာ စက်သေနတ်ကို ဆတ်ခနဲ ဆွဲယူလိုက်သည်။

"မလှုပ်နဲ့ စိုင်းလိတ်၊ လက်နက်အားကိုးပြီး လူတွင်ကျယ်လုပ်နေတဲ့ မင်းကို ငါ့အပေါင်းအသင်းစာရင်းထဲ ဘယ်တော့မှ မသွင်းဘူး သိရဲ့လား"

စိုင်းလိတ်က နာသွားသည့် ပခုံးကို လက်ဖြင့် ဆုပ်ကိုင်ပြီး စိုင်းနန္ဒအား ကြည့်သည်။

"ငါနဲ့ ရန်သူ မဖြစ်ချင်ပါနဲ့ကွာ၊ မင်း ပြောသလို ငါ ပစ္စည်းတစ်ဝက်ပေးပါ့မယ်"

စိုင်းနန္ဒ မဲ့ပြုံး ပြုံးသည်။ တစ်ဆက်တည်းပင် သူ့လက်ထဲမှ ရှမိုက်ဆာသေနတ်ဖြင့် စိုင်းလိတ်၏ နောက်စေ့ကို ရိုက်ချလိုက်သည်။ ဒုတ်ခနဲ၊ အားခနဲ အော်မြည်သံနှင့်အတူ စိုင်းလိတ် ခွေခနဲ ကျသွားသည်။

စိုင်းနန္ဒက လတ်လတ်ဖြူတို့ထံ ပြေးဝင်သည်။ လတ်လတ်ဖြူတို့ မြရည်နန္ဒာတို့နှစ်ယောက်စလုံးကို လက်ပြန်ကြိုးတုတ်ထားသည်။ စိုင်းနန္ဒက ထိုကြိုးများကို ဖြေပေးလိုက်သည်။

"သူတို့ အားလုံး ဘယ်နှစ်ယောက်ရှိသလဲ"





"ဆယ့်ငါးယောက်၊ တဲအနောက်ဘက်မှာ ငါးယောက်စောင့်နေတယ်"

"ရော့...လတ်...ဒီသေနတ်ယူထား၊ ပစ်တတ်တယ်မဟုတ်လား"

လတ်လတ်ဖြူ သေနတ်ကို လှမ်းယူရင်း ခေါင်းညိတ်ပြသည်။

"ညီမလေး...သူနဲ့အတူနေနော်..."

"ဟုတ်ကဲ့...ကိုကို..."

"ကိုယ် အပြင်ထွက်ပြီး ရှင်းမယ် လတ်"

"နေ...နေပါဦး စိုင်း"

"ဘာလဲ လတ်...ဘာပြောချင်လို့လဲ"

"ဟို...ဆရာအောင်က...စိုင်းကို..."

လတ်လတ်ဖြူ၏စကားက ဝါကျမပြည့်စုံ၊ သို့သော် သူ့ဆိုလိုရင်းကို စိုင်းနန္ဒ သိသည်။

"အဲဒီကိစ္စကို သပ်သပ်ရှင်းရမယ်၊ လောလောဆယ် စိုင်းလိတ်တို့အဖွဲ့ဟာ ကိုယ်တို့အားလုံးရဲ့ ရန်သူပဲ"

စိုင်းနန္ဒ နေရာမှ ခွာသည်။ မြေပြင်ပေါ် ခွေစောင်းကျနေသော စိုင်းလိတ်ကို တစ်ချက်ကြည့်ပြီး တဲတခါးဆီသို့ ချဉ်းကပ်သည်။

အပြင်ဘက်မှ အော်ဟာစ်လျက် မေးလိုက်သံကို ကြားရသည်။ စိုင်းနန္ဒက တဲတံခါးအကွယ်တွင် ဝင်ရပ်သည်။

တံခါးကြားမှ အပြင်ဘက်ကို ကြည့်သည်။ အပြင်တွဲ အစောင့်တာဝန်ယူထားသော လောရန့်အား တွေ့ရသည်

"လော...ရန့်..."

စိုင်းနန္ဒက ဗလုံးဗထွေးနိုင်သောအသံဖြင့် မတိုးမကျယ် ခေါ်သည်။ လောရန့် ဆတ်ခနဲ ဖြစ်သွား၏။

"ဆရာ..."

"မြန်မြန်...လာစမ်း..."

လောရန့် တွေဝေစဉ်းစားနေခြင်းမရှိဘဲ တဲအတွင်းသို့ မဆင်မခြင် ဝင်လာသည်။ သူ့ခန္ဓာကိုယ် တဲတံခါးကိုကျော် သည်နှင့် စိုင်းနန္ဒ၏လက်တစ်ဖက် လျှင်မြန်စွာ လှုပ်ရှား သွားသည်။

"ဒုတ်"

"အင့်..."

အားပါသော လက်ဝါးစောင်းရိုက်ချက် တစ်ချက်တည်းနှင့် လောရန့် ဒူးညွတ်ကျသွားသည်။ စိုင်းနန္ဒက လောရန့် လက်ထဲမှ အမ်ဆယ့်ခြောက် ခေါက်ရိုင်ဖယ်ကို ဆွဲယူသည်။ အားယူထ,ရန် ကြိုးစားနေသော လောရန့်ကို ရိုင်ဖယ်သေနတ်ဒင်နှင့် ရိုက်ချလိုက်သည်။ ပြီး တဲအပြင်သို့ ကိုယ်ကို လှိမ့်ထွက်လိုက်၏။

အနေအထားကြည့်ရုံနှင့် စိုင်းလိတ်၏လူတွေ အရည်အချင်း မရှိကြောင်း စိုင်းနန္ဒ သိလိုက်သည်။ ဦးတိုက်အောင်





တို့ အနားမှာ ယခုလို နေနေခြင်းက ကိုယ့်သေတွင်း ကိုယ်တူးသည်နှင့် တူနေသည်။

ဦးတိုက်အောင်က တဲအတွင်းမှ လှိမ့်ထွက်လာသော စိုင်းနန္ဒကို တွေ့သည်။ သူက မမြင်ဟန်ပြုပြီး ပေါ့ပေါ့လျော့လျော့ ပုံစံဖြင့် ဆက်ထိုင်နေ၏။ ထိုအချိန်တွင် တဲအတွင်းမှ စက်သေနတ် အတွဲလိုက် ဆွဲလိုက်သံ ဝေါခနဲ ပေါ်လာသည်။

စက်သေနတ်သံကြောင့် ဝိုင်းဖွဲ့ပြီး အရက်သောက်နေသူများက သူတို့ဘေးတွင် ချထားသော သေနတ်များကို ဆွဲကိုင်သည်။ စိုင်းနန္ဒ၏ရိုင်ဖယ် ရုတ်ခြည်း အသက်ဝင်လာ၏။ သူက ဦးတိုက်အောင်တို့နောက်တွင် စောင့်နေသော စက်သေနတ်သမားကို ပထမဆုံးပစ်သည်။ ပြီး ကိုယ်ကို တစ်ပတ်လှိမ့်ကာ မီးပုံအနီးမှ လူတွေကို တရစပ် ပစ်ထည့်၏။

သေနတ်သံများ ဆူဆူညံညံ ပေါ်လာသည်။ စိုင်းနန္ဒက တဲအတွင်းသို့ ကိုယ်ကိုလှိမ့်ပြီး ပြန်ဝင်သည်။ စက်သေနတ်ကိုင်ပြီး ကြောင်အမ်းအမ်းနှင့် ရပ်နေသော လတ်လတ်ဖြူကိုလည်းကောင်း၊ သွေးအိုင်ထဲလဲနေသော စိုင်းလိတ်ကိုလည်းကောင်း တွေ့ရသည်။

"လတ်...မြန်မြန်နေရာယူ၊ အပြင်ကကောင်တွေ ဝင်လာတော့မယ်"

သတိပေးစကားပြောပြီး စိုင်းနန္ဒ အပြင်သို့ ကိုယ်လှိမ့်ပြီး ထွက်သည်။ အပြင်ဘက်တွင် သေနတ်သံတွေ ဆူညံနေ၏။ စိုင်းနန္ဒက ရိပ်ခနဲ တွေ့ရသော ရန်သူ တစ်ယောက်ကို ပစ်ချလိုက်သည်။ ထို့နောက်တွင် မြင်ကွင်း တစ်ခုလုံး ငြိမ်သက်သွားသည်။

စိုင်းလိတ်၏တပည့်များ မီးပုံဘေးတွင် အတုံးအရုံး လဲကျနေသည်။ သူတို့အနီးတွင် ဦးတိုက်အောင် သေနတ် ကိုင်ပြီး ရပ်နေသည်။ ကျော်စွာတို့လေးယောက် ပျောက် နေ၏။

"ဒီတစ်ခါ ကျွန်တော့်အလှည့်ရောက်ပြီ ဆရာအောင်၊ လက်ထဲကသေနတ်ကို ပစ်ချလိုက်ပါ"

ဦးတိုက်အောင်က စိုင်းနန္ဒကို ဖြည်းညင်းစွာ လှမ်း ကြည့်သည်။ သူ့မျက်နှာမှာ ဘာအပူအပင်မှ မရှိ။ လက် ထဲမှ သေနတ်ကို မြေပြင်ပေါ်သို့ ဖြည်းညင်းစွာ ချလိုက် သည်။

"မင်း ကယ်လို့ ငါ အသက်ရှင်နေရတာပါ နန္ဒ၊ မင်းကို ငါ ကျေးဇူးတင်တယ်၊ ဒါပေမယ့် မင်း အခုလို သေနတ်နဲ့ ချိန်ထားတော့ ငါ မကြိုက်ဘူး"

"ငြိမ်ငြိမ်နေပါ ဆရာအောင်၊ ခင်ဗျား ဘယ်လိုလူစား လဲဆိုတာ ကျွန်တော် သိတယ်၊ နည်းနည်းမှ မလှုပ်နဲ့...၊ ခင်ဗျားလူတွေကော ဘယ်ရောက်ကုန်ပြီလဲ"





ဦးတိုက်အောင် မဖြေ။ တဲအနောက်ဘက်သို့ တစ်ချက် လှမ်းကြည့်သည်။ တဲအတွင်းဘက်မှ သေနတ်သံ နှစ်ချက် ပေါ်လာသည်။ တိုးပြီး ပြတ်သားသော သေနတ် သံက ပစ်မှတ်ကို ထိမှန်ကြောင်း သိသာနေသည်။

"ယက္ခနဲ့ ဘသိန်းဇံ ကျန်တဲ့လူတွေကို သွားရှင်းနေ တယ်၊ ကျော်စွာက တဲထဲဝင်သွားပြီ၊ ဖေသန့်ကတော့ မင်း နောက်မှာ"

စိုင်းနန္ဒ ပြုံးလိုက်သည်။ နောက်သို့ လှည့်ကြည့်မိ မတတ်ဖြစ်သွားသောစိတ်ကို ထိန်းလိုက်ရ၏။

"ဒီနည်းမျိုးဟာ ရိုးနေပါပြီ ဆရာအောင်"

"အေး...ဟုတ်တယ် ရိုးနေပြီ၊ ဒါပေမယ့် ဒီရိုးနေတာ က တစ်ခါတစ်ခါ အသုံးဝင်တတ်တယ်ဟေ့...ဖေသန့်... မင်း သူ့နောက်မှာ ရှိနေတာ နန္ဒသိအောင် အချက်ပြလိုက် ပါဦး"

ဦးတိုက်အောင်၏ စကားအဆုံးတွင် သေနတ်သံ တစ်ချက် ပေါ်လာသည်။ ဒိုင်းခနဲ မြည်သွားသံနှင့်အတူ ကျည်ဆံက စိုင်းနန္ဒ ကိုင်ထားသော ရိုင်ဖယ်သေနတ်ဒင်ကို လာမှန်သည်။ စိုင်းနန္ဒလက်တစ်ဖက် ကျဉ်တက်သွားပြီး ရိုင်ဖယ် လွတ်ကျသွား၏။

"ငါ့စကား မှန်တယ်နော်...ကဲ...တဲထဲကို ဝင်စမ်း နန္ဒ..."

စိုင်းနန္ဒ သက်ပြင်းချလိုက်သည်။ လေးလံသော ခြေ
လှမ်းဖြင့် လတ်လတ်ဖြူတို့ရှိနေသော တဲအတွင်းသို့ ဝင်
လိုက်လေသည်။

* * *

ကျော်စွာက ပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက်
ဝေ့ကြည့်သည်။ ပတ်ဝန်းကျင်မှာ လူသူ အရိပ်အရောင်မရှိ၊
လှုပ်ရှားမှုမရှိ။ တောတောင်၏ သဘာဝအသံမှလွဲ၍ အခြား
အသံဗလံ မရှိဘဲ ငြိမ်သက်နေသည်။

ကျော်စွာက သူ့ဖိုးလ်ဂျက်ကက်ထဲမှ ဆယ်လူလာဖုန်း
ကို ထုတ်လိုက်သည်။ ဧရိယာတိုင်ကိုထုတ်ပြီး ဂဏန်းကွက်
များကို နှိပ်လိုက်သည်။

"ဟဲလို...ဝါဇင်တိုင်း...ကျားသစ် ပြောနေတယ်"

"ပြောပါ ကျားအိုကြီး၊ မင်းဆရာ နားထောင်နေ
တယ်"

ကျော်စွာက လက်တွင် ပတ်ထားသည့် နာရီကို လှည့်
သည်။ မီးစုန်းလက်တံများက ညကိုးနာရီရှိနေပြီဖြစ်ကြောင်း
ညွှန်ပြနေ၏။

"မွေးကြီး...ခု...ညကိုးနာရီထိုးနေပြီ"

"သိသားပဲ၊ ဒီမှာလဲ နာရီရှိပါတယ်"





"ကျွန်တော်တို့ စခန်းဟောင်းကို ရောက်နေတယ်၊
ရောက်တာ တစ်နာရီလောက်ရှိပြီ..."

"အိုကေ...ကိုယ် အချိန်မှတ်ထားလိုက်မယ်"

"စိုင်းနန္ဒ ဘက်ပြောင်းလာနိုင်တယ်၊ အရည်အချင်း
ရှိတဲ့လူ၊ ထက်မြက်တဲ့လူပဲ"

"ဦးတိုက်အောင်နဲ့ ဆက်ဆံရေး ပြောင်းနေပြီလား"

"မပြောင်းပါဘူး၊ စခန်းဟောင်းမှာ စိုင်းလိတ်တို့
အဖွဲ့နဲ့တွေ့တော့ နှစ်ယောက်ပေါင်းပြီး ဆော်တယ်၊
စိုင်းလိတ်ကို ရှင်းပြီးတာနဲ့ သူတို့ချင်း အားပြိုင်တယ်၊
ဦးတိုက်အောင်က အင်အားကောင်းတော့ စိုင်းနန္ဒ နဂိုအခြေ
အနေပဲ ပြန်ရောက်ရတယ်"

"ရတနာသိုက္ခာရှိတဲ့နေရာကို ဖော်ပြောပြီလား"

"မပြောသေးဘူး၊ ဦးတိုက်အောင်က မြေပုံဆွဲပြဖို့
ပြောတယ်"

"မြေပုံရရင် စိုင်းနန္ဒတို့ကို ပြန်လွှတ်မှာလား"

"ခင်ဗျားရူးနေသလား မွေးကြီး...ဒါမျိုး ဦးတိုက်အောင်
လုပ်ပါ့မလား"

"လူဆိုတာ စိတ်ပြောင်းတတ်တယ်လေ၊ ဒါကြောင့်
မေးရတာ၊ စဝ်ရဲ့အခြေအနေ ကောင်းတယ်မဟုတ်လား"

"အိုကေပါတယ်၊ ခုထိတော့ ကျော်စွာပဲ၊ ကျွန်တော်
ကို စဝ်ရန်နိုင် ဖြစ်မယ်လို့ ဘယ်သူမှ မထင်ပါဘူး"

"ထူးခြားတာ ဘာရှိသေးလဲ"

"မရှိဘူး၊ မနက်ဖြန် ပုံမှန်ဆက်သွယ်မယ်၊ ဘာသိန်း ရဲ့ နောက်ကြောင်းကို သိချင်တယ်"

"မနက်ဖြန် ဆက်သွယ်ချိန်မှာ သိရမယ်"

"ဒါပဲနော်...မွေးကြီး"

"အိုကေ...စဝ်...အောင်မြင်ပါစေ"

ကျော်စွာအဖြစ် ဟန်ဆောင်ထားသူ စဝ်ရန်နိုင် ဖုန်းကို ပိတ်သိမ်းလိုက်သည်။ ပြီး လေလေးတချွန်ချွန် စခန်းပဟောင်းရှိရာသို့ လျှောက်ခဲ့လေသည်။

***



[လေး]

စိုင်းနန္ဒ ဘောပင်နှင့် စာရွက်ကို ဆွဲယူသည်။ နေရာ မှတ်မိစေရန် စဉ်းစားဟန်ဖြင့် မျက်လုံးအစုံကိုမှိတ်ပြီး တစ်ခဏမျှ ငြိမ်နေသည်။

"ပြေးရင်းလွှားရင်းဆိုတော့ နေရာကို အတိအကျ မမှတ်မိဘူး၊ မြေပုံကြမ်းပဲ ရမယ် ဆရာအောင်"

"ရတာပေါ့...မင်းက ဒီပတ်ဝန်းကျင်ကို နှံ့စပ် ကျွမ်းကျင်တဲ့လူစား၊ သိပ်တော့ အမှားအယွင်း မရှိနိုင် ပါဘူး"

စိုင်းနန္ဒ ခေါင်းညိတ်ပြသည်။ ပြီး စာရွက်ပေါ်တွ မြေပုံကြမ်း တစ်ခုကို ရေးဆွဲသည်။

"ခု ကျွန်တော်တို့ရောက်နေတဲ့ စခန်းဟောင်း ဒီနေရာလောက်မှာ ရှိမယ်၊ မိုင်းတုံအနောက်ဘက်ပေ ဒီအတိုင်းတည့်တည့်သွားရင် မိုင်းကျွတ်ကိုရောက်မယ် ဟိုတုန်းက ကျွန်တော်တို့စခန်းဟာ မိုင်းကျွတ်နဲ့ မို နှစ်ဆယ်လောက်မှာ ရှိတယ်မဟုတ်လား ဆရာအောင်"

"ဟုတ်တယ်၊ ဒီနေရာပဲ"

ဦးတိုက်အောင်က စိုင်းနန္ဒ ရေးဆွဲနေသော မြေ တစ်နေရာသို့ လက်ထောက်ပြပြီး ပြောသည်။

"ကျွန်တော်နဲ့ ဘသိန်းဇံပြေးတာ စခန်းရဲ့ အနော မြောက်ဘက်ကိုပဲ၊ သံလွင်မြစ်ကို နမ့်တန်နဲ့ဆုံတဲ့ နေရာ ကူးတယ်၊ အဲဒီကမှ နမ့်တန်ချောင်းအတိုင်း လင်းခေး ရောက်အောင်သွားတယ်"

"ပစ္စည်းတွေ ကျခဲ့တာ ဘယ်နေရာလောက်မှ လဲ"

"ဒီနေရာလောက်မှာဖြစ်မယ်၊ ကျွန်တော် မှတ်မိတ တော့ အဲဒီနေရာမှာ တောင်စွန်းကြီးရှိတာပဲ၊ ကျောက်တော ကြီး မိုးပေါ်ထိုးတက်နေသလားလို့ထင်ရအောင်မြင့်တ တောင်ဟာ အဲဒီပတ်ဝန်းကျင်မှာ တစ်လုံးတည်းရှိတယ်"

ဦးတိုက်အောင်က သူ့ဘေးတွင် ရပ်နေသော ပင်





ရှမ်းဘောင်းဘီနှင့်လူကို ကြည့်သည်။ ထိုလူမှာ လတ်လတ် ဖြူတို့နှင့် အတူပါလာသူ ဖြစ်၏။

"ဘယ်လိုလဲ အိုက်မောင်၊ သူ ပြောတဲ့နေရာကို မင်း သိလား"

"သိတယ်၊ ဒီနေရာက မိုင်းကျွတ်နဲ့ သိပ်မဝေးဘူး၊ ကျောက်တောင်ချွန်းကြီးဆိုရင် ဒီနယ်မှာ ဒီတစ်လုံးပဲ ရှိတယ်"

"ဒီလိုဆိုရင် မင်းတို့ပြောတဲ့ မြေသားကျောက်တောင် ဟာ ငါတို့ ဦးတည်ရွာပဲ၊ မင်း ငါတို့ကို အဲဒီနေရာအရောက် လမ်းပြပါ အိုက်မောင်"

"ဟုတ်ကဲ့ ဆရာအောင်"

အိုက်မောင်က ကွမ်းတံတွေးတစ်ချက် ပျစ်ခနဲထွေး ရင်းမှ ပြောသည်။

ဦးတိုက်အောင်က ကျေနပ်သွားဟန်ဖြင့် ခေါင်း တဆတ်ဆတ်ညိတ်နေသည်။ တစ်ခဏအကြာတွင် သူက ဆတ်ခနဲ ခေါင်းထောင်လိုက်ပြီး...

"ငါတို့ ခု ချက်ချင်း ခရီးထွက်မယ်၊ စောစောက တိုက်ပွဲဖြစ်ထားတော့ ဒီနေရာမှာ ဆက်နေလို့ မကောင်း ဘူး၊ အိုက်မောင် မင်း ရှေ့ဆုံးကထွက်၊ အိုက်မောင်နဲ့အတူ ယက္ခနဲ့ဖေသန့်လိုက်သွား၊ ပြီးရင် ကောင်မလေးနှစ်ယောက်၊ သူတို့နောက်က ငါနဲ့နန္ဒ နေမယ်၊ ကျန်တဲ့ကောင်တွေ

ငါတို့နောက်က လိုက်၊ ကျော်စွာနဲ့ ဘသိန်းဇံ နောက်ဆုံးက လိုက်ခဲ့၊ ရှင်းတယ်မဟုတ်လား၊ သွားကြမယ်"

အိုက်မောင်က ကွမ်းတံတွေးတစ်ချက် ပျစ်ခနဲထွေးပြီး သူ သွားလေရာ ပါနေကျဖြစ်ဟန်ရှိသော လွယ်အိတ်ကြီးကို ကောက်လွယ်လိုက်သည်။ ပြီး ယက္ခနဲ့ ဖေသန့်တို့အား ဖျတ်ခနဲ လှမ်းကြည့်ကာ နေရာမှ စ,ထွက်သည်။ အိုက်မောင်တို့ နောက်မှ မြရည်နန္ဒာနှင့် လတ်လတ်ဖြူတို့က လိုက်သည်။ သူတို့နောက်မှ အစီအစဉ်အတိုင်း ဦးတိုက်အောင်တို့ လိုက်ထွက်သည်။

စခန်းဟောင်းမှ ထွက်လိုက်သည်နှင့် သိပ်သည်းသောအမှောင်က ဆီးကြိုလိုက်သည်။ စိုင်းနန္ဒ၏ကိုယ် ဆတ်ခနဲဖြစ်သွား၏။

သူနှင့် ဘေးချင်းယှဉ်လျှောက်နေသော ဦးတိုက်အောင်၏ လက်တစ်ဖက် လျင်မြန်စွာ လှုပ်ရှားသွားသည်။ ချောက်ခနဲမြည်သံနှင့်အတူ လက်ထိတ်သံမဏိကွင်းတစ်ခု သူ့လက်ကောက်ဝတ်ကို လာခတ်သည်။

"ဉာဏ်များဖို့ မစဉ်းစားနဲ့ နန္ဒ၊ ငါ မင်းကို အမြဲ သတိထားနေတယ်ဆိုတာ သဘောပေါက်ပါ"

"ကျွန်တော်အရူးမဟုတ်ပါဘူး ဆရာအောင်၊ ကျွန်တော့်ဆီမှာ ညီမလေးထက် အရေးကြီးတာ ဘာမှ မရှိပါဘူး၊ ဒါကို ခင်ဗျားသိပါတယ်"





"မင်းအကြောင်း ငါ ကောင်းကောင်းသိတယ်၊ မင်းကို ဘယ်တော့မှလဲ လျှော့မတွက်ဘူး၊ ငါ မင်းကို ပြတ်ပြတ်သားသား ပြောမယ် နန္ဒ၊ မင်းနဲ့ငါ တစ်ချိန်က လက်တွဲခဲ့ကြတယ်၊ မင်းဟာ ငါ့ရဲ့အယုံကြည်ရဆုံးလူ ဖြစ်ခဲ့ဖူးတယ်၊ နောက်တော့ မင်း ငါ့ဆီကနေ ထွက်ပြေးတယ်၊ လက်လွတ်ထွက်ပြေးတာ မဟုတ်ဘူး၊ ငါ စုဆောင်းထားတဲ့ ရတနာတွေကိုပါ ယူသွားတာ၊ တကယ်ဆိုရင် မင်းဟာ သေမိန့်ကျပြီးသားကောင်၊ ဒါပေမယ့် ငါတို့ လက်တွဲခဲ့တာကို ထောက်ပြီး ငါ မင်းကို မသတ်ဘူး၊ ရတနာသေတ္တာရပြီးတဲ့ထိ မင်း ငါနဲ့ လက်တွဲပါ၊ ပြီးရင် မင်းညီမကို ခေါ်ပြီး လွတ်လွတ်လပ်လပ် ထွက်သွားတော့၊ ဒါ... ငါ့ကတိပဲ နန္ဒ၊ ကတိစကားတစ်ခွန်းနဲ့ပတ်သက်ပြီး ငါ ဘယ်လိုစောင့်ထိန်းတတ်သလဲဆိုတာ မင်း အသိပဲ၊ ကတိပေးပြီးတဲ့နောက် ငါဘာမှ ထပ်ပြောစရာ မလိုတော့ဘူးထင်တယ်"

ဦးတိုက်အောင်က စကားကို တိုးတိုး–တိုးတိုးနှင့် ရှည်လျားစွာ ပြောသည်။ စိုင်းနန္ဒက အမှောင်ထဲမှာ ခေါင်းအခါခါညိတ်သည်။

ဦးတိုက်အောင်၏ကတိကို သူ ယုံသည်။ ဦးတိုက်အောင်မှာ ပေးပြီးသား ကတိကို အသက်နှင့်ရင်းပြီး စောင့်ထိန်းတတ်ကြောင်း သူ ကောင်းကောင်း သိသည်။

"ကောင်းပြီ ဆရာအောင်၊ ကျွန်တော်လဲ ဆရာအောင်

ကို ကတိပေးတယ်၊ ညီမလေးကို မထိခိုက်သမျှ ကျွန်တော် လိုက်နာမယ်၊ ဆရာအောင် အလိုကျ လုပ်သွားမယ်၊ ညီမ လေးကို ထိရင်တော့...... ”

စိုင်းနန္ဒက စကားကို အဆုံးမသတ်...၊ အံကြိတ်သံ နှင့် ပြောလိုက်သော သူ၏နောက်ဆုံးစကားက အေးစက် နေသည်။

စိုင်းနန္ဒ၏စကား၏အဆုံးတွင် ဦးတိုက်အောင် ခပ်သဲ့ သဲ့ ရယ်လိုက်သည်။

“နန္ဒ... နန္ဒ...မင်းဟာ တကယ့်ကောင်ပဲ၊ ဘယ်အခြေ အနေမျိုးကိုပဲရောက်ရောက် စိတ်မလျှော့တာကိုတော့ ငါ ကြိုက်တယ်”

လမ်းက ကြမ်းလာသဖြင့် စကားမပြောဖြစ်တော့၊ ဦးတိုက်အောင်က လက်နှိပ်ဓာတ်မီးကို အုပ်ထိုးကာ လမ်း မြင်အောင် ကြည့်သည်။ ရှေ့က သွားနေသော ယဉ် တို့ထံမှ တောက်ခေါက်သံတစ်ချက် တိုးတိုးသဲ့သဲ့ ထွက် လာ၏။

“ရှေ့က ကောင်တွေ လက်နှိပ်ဓာတ်မီးကို အုပ်ထိုး စမ်း၊ မီးရောင်ပြန့်လို့ မင်းတို့အဖေတွေ တွေ့သွားမယ်”

ဦးတိုက်အောင်၏အသံ မာမာကျယ်ကျယ် အဝေးသို့ တိုင် ပြန့်သွားသည်။ ရှေ့ပြေးအဖြစ် သွားနေသော ယဉ် တို့ထံမှ လက်နှိပ်ဓာတ်မီးရောင် ပျောက်သွား၏။





လမ်းကြမ်းသည့်ကြားတွင် နှင်းက ပိတ်နေသဖြင့် လက်နှိပ်ဓာတ်မီး မသုံး၍ မရ။ လမ်းပြ အိုက်မောင်က လက်နှိပ်ဓာတ်မီး ခပ်အုပ်အုပ် သုံးပြီး ပတ်ဝန်းကျင်ကို ကြည့်သည်။

“ဆရာအောင်...”

စိုင်းနန္ဒက နှင်းရည်စိုပြီး ချောနေသောလမ်းတွင် ခြေ မချော်အောင် သတိထားလျှောက်ရင်းမှ ခေါ်သည်။ ဦးတိုက် အောင်က ရင်ခေါင်းသံဖြင့် အင်ခနဲအသံပြုကာ ထူးသည်။ သူ၏ထူးသံမှာ မောဟိုက်သံတွေ ပါနေသည်။

“ဒီအတိုင်းဆက်သွားနေရင် နောက်နေ့ကျ ကျွန်တော် တို့ ထ,နိုင်မှာ မဟုတ်ဘူး၊ အခု စခန်းဟောင်းက ထွက် လာတာ လေးဆယ့်ငါးမိနစ်ရှိပြီ၊ အနည်းဆုံး ရှစ်မိုင်လောက် ခရီးပေါက်နေပြီ၊ နေရာရှာပြီး နားမှ ဖြစ်မယ်”

ဦးတိုက်အောင်က အမှောင်ထဲတွင် ခေါင်းညိတ်လိုက် သည်။ ကြမ်းတမ်းသော ခရီးလမ်းဒဏ်ကို သူ တနင့်တပိုး ခံစားနေရပြီ ဖြစ်သည်။ အေးလိုက်သည်မှာ ဆိုဖွယ်ရာ မရှိ။ ရိုးတွင်းခြင်ဆီခိုက်မျှသော အအေးမျိုးဖြစ်သည်။ နှင်းရိုက် သဖြင့် နားရွက်များ၊ နှာခေါင်းများတို့ စပ်ဖျဉ်းနာကျင် နေသည်။

“အိုက်မောင်... စခန်းချဖို့ နေရာရှာပေတော့... ငါတို့နားမှ ဖြစ်မယ်”

ရှေ့မှ သွားနေသူများ ရပ်သွားသည်။ အိုက်မောင်က နောက်သို့ ပြန်လျှောက်လာပြီး ဦးတိုက်အောင် ရှေ့တွင် ရပ်သည်။

"ရှေ့က တောင်ပေါ်ကိုတက်ရင် စခန်းချလို့ရတဲ့ ဂူတစ်ဂူရှိတယ် ဆရာအောင်၊ အတက်လမ်းကတော့ နည်းနည်း ဆိုးတယ်"

"တက်ကွာ၊ အပေါ်စီးက နေရာယူရတာ ကောင်းမယ်"

အိုက်မောင် ထွက်သွားသည်။ ရှေ့ပြေးများ တောင်ပေါ်သို့ ဦးဆောင်တက်၏။ ဦးတိုက်အောင်တို့ နောက်မှ လိုက်သည်။

ဆယ်မိနစ်ခန့်ကြာသော် တောင်ပေါ်သို့ ခက်ခက်ခဲခဲ တက်ရသည်။ တောင်ပေါ်သို့ရောက်သည်နှင့် စိုင်းနန္ဒ တုံ့ခနဲ ရပ်သည်။ လက်ချင်းတွဲခတ်ထားသော လက်ထိတ် ကြိုးကြောင့် ဦးတိုက်အောင်လည်း ရပ်သွား၏။

"ဘာဖြစ်လို့လဲ နန္ဒ..."

"တောင်အောင်ကြည့် ဆရာအောင်၊ ကျွန်တော်တို့ ဘယ်ဘက်တောင်တစ်လုံးကျော်လောက်မှာ စမ်းချောင်း တွေ့တယ်"

"အေး... ငါတွေ့ပြီ၊ ဟော့... အိုက်မောင်၊ စခန်းချဖို့ အစီအစဉ်လုပ်၊ အပြင်မှာ မီးမသုံးနဲ့၊ ယကွ ကင်းအစီအစဉ်





လုပ်၊ ငါတို့နောက်က လိုက်လာတဲ့ရန်သူရှိတယ်၊ သတိ မလစ်စေနဲ့၊ မပေါ့လျော့နဲ့"

ဦးတိုက်အောင်က စိုင်းနန္ဒ၏လက်နှင့်တွဲထားသော လက်ထိတ်ကို ဖြုတ်လိုက်သည်။ ပြီး စိုင်းနန္ဒကို အမှောင်ထဲမှာ စူးစိုက်ကြည့်သည်။

"နန္ဒ...အခုအချိန်ကစပြီး ငါတို့လက်တွဲမယ်၊ နောက်မှာ ရန်သူ ပါလာပြီ၊ ငါတို့ ရန်ဖြစ်နေလို့မဖြစ်ဘူး"

"ကောင်းပြီ ဆရာအောင်၊ ငြိမ်းချမ်းရေးပေါ့"

ဂူကို ရှာတွေ့ပြီး အော်ခေါ်လိုက်သည့် အိုက်မောင်၏ အသံ ပေါ်လာသည်။ ဦးတိုက်အောင်တို့ ဂူရှိရာသို့ လျှောက်လာခဲ့ကြလေ၏။

* * *

ရန်ကုန်မြို့၏ အချက်အချာကျသောနေရာရှိ အထပ် နှစ်ဆယ်အဆောက်အဦး၊ အဆောက်အဦးရှေ့ အဝင်ထိပ်တွင် နိုင်ငံတော်ဗဟို အထူးသုတေသနဌာန ဆိုသည့် ဆိုင်းဘုတ် ရှိသည်။

ထိုအဆောက်အဦး၏ ၁၈ ထပ်မြောက်တွင် ကျယ်ဝန်းသော ရုံးခန်းတစ်ခန်းရှိသည်။ ရုံးခန်းအတွင်းရှိ မဟော်ဂနီရောင်ဖိတ်ဖိတ်လက်နေသော စားပွဲနောက်တွင် တစ်

ခေါင်းလုံးရှိ ဆံပင်များ ဖွေးဖွေးဖြူနေသော အသက်ခြောက်ဆယ်ကျော် လူကြီးတစ်ယောက် ထိုင်နေသည်။ ခန့်ညားသော ဥပဓိရုပ်၊ ပိရိသောနှုတ်ခမ်း၊ မျက်မှန်ထူထူကြီးအောက်မှ စူးရှသော မျက်လုံးများက ထက်မြက်သူ တစ်ယောက်ဖြစ်ကြောင်း ဖော်ပြနေသည်။

တယ်လီဖုန်းငါးလုံး၊ အနီရောင် ဖိုင်တွဲ၊ ဆေးပြင်းလိပ်ထည့်သည့် ယွန်းသေတ္တာ စသည်တို့ရှိသော မဟော်ဂနီစားပွဲကြီးနောက်တွင် ထိုင်နေသူမှာ နိုင်ငံတော် အမျိုးသားလုံခြုံရေးအေဂျင်စီ၏အကြီးအကဲ ဘချုပ်ပင်ဖြစ်သည်။

ဘချုပ်၏စားပွဲဘေးတွင် ကွန်ပျူတာစက်ကြီးတစ်လုံးရှိသည်။ သူ့ရှေ့တူရူ၌ နံရံမျက်နှာပြင်တွင် တီဗီစကရင်ဆယ်ခုတိတိရှိသည်။

ဘချုပ်က ဆေးပြင်းလိပ်ခဲရင်း အနီရောင်ဖိုင်တွဲ မှတ်စုကို စိတ်ပါလက်ပါ ဖတ်နေသည်။ ဖိုင်တွဲပါအကြောင်းအရာကို စိတ်ပါလက်ပါဖတ်နေဆဲ တတီတီနှင့်မြည်သွားသော အချက်ပေးသံ ပေါ်လာသည်။ တစ်ဆက်တည်းပင် အင်တာကွန်မှ စိမ့်သူဇာ၏အသံ ပေါ်လာ၏။

"သူ...ရောက်လာပါပြီ"

ဘချုပ်က ဖိုင်တွဲချထားလိုက်သည်။ ပိတ်ထားသည့် သံမဏိတံခါးဆီသို့ စူးရှသော မျက်လုံးအစုံဖြင့် လှမ်းကြည့်သည်။



"လွှတ်လိုက်ပါ"

ဘချုပ်က တည်ငြိမ်စွာ ပြောလိုက်သံအဆုံး သံမဏိတံခါး ညင်သာစွာ ပွင့်သွားသည်။ ကြေးနီရောင်ဆံပင်နှင့် ကြခိုင်တောင့်တင်းပြီး ယောကျ်ားပီသသော လူရွယ်တစ်ယောက် အခန်းထဲသို့ ဝင်လာသည်။ လူရွယ်၏ခြေလှမ်းများက ကျားတစ်ကောင်လို ညင်သာပေါ့ပါးသည်။ လူရွယ်၏အသွင်မှာ လန်းဆန်းတက်ကြွပြီး

လူရွယ်က ဂျင်းဘောင်းဘီအပြာဖျော့ဖျော့ကို မီးခိုးနုရောင် တီရှပ်တစ်ထည်နှင့် တွဲဖက်ဝတ်ဆင်ထားသည်။ သူ့ကို ကြည့်လျှင် ဘာမှ အထင်ကြီးစရာမရှိ။ လူအများကြားသို့ တိုးဝင်လျှင် အများနှင့် ရောသွားမည့်ပုံစံမျိုးဖြစ်သည်။ သူက ဘချုပ်ကို အလေးပြုလိုက်သည်။

"ထိုင်...စိုင်းနွတ်"

နိုင်ငံတော်အတွက် အသက်နှင့် ခန္ဓာကိုယ်ကို ပေးလှူထားသော လျှို့ဝှက်အေးဂျင့် စိုင်းနွတ်၊ ဘချုပ်၏စားပွဲရှေ့ ထိုင်ခုံတွင် ထိုင်ချလိုက်၏။ တည်ငြိမ်သောအမူအရာနှင့် ဘချုပ်၏မျက်နှာကို ကြည့်သည်။

"စိုင်းနွတ်...မင်း ခုချက်ချင်း ခရီးထွက်ရမယ်"

"ဟုတ်..."

"မွေးကြီး မိုင်းတုံကိုရောက်နေတယ်၊ ရှေ့တန်းထွက်

သွားတဲ့ စစ်ကို အကူအညီပေးနေတယ်၊ မင်း မွေးကြီ
ဆီကိုသွားပြီး အားဖြည့်ပါ"

"ဟုတ်ကဲ့..."

"စစ်ရဲ့တာဝန်ကို မင်း သိတယ် မဟုတ်လား"

"ဟုတ်ကဲ့... သိပါတယ်၊ စစ်က မုန်တိုင်းအဖွဲ့ထဲက
ကျော်စွာဆိုတဲ့ ဒုစရိုက်သမားတစ်ယောက်အဖြစ်နဲ့ ဝင်တယ်
အခု အဲဒီအဖွဲ့ လှုပ်ရှားရာကို လိုက်သွားတယ်၊ သူ့တာဝန်က
မုန်တိုင်းအဖွဲ့ရဲ့ ခြေလှမ်းကို အကဲခတ်ဖို့ပဲ။

ဟုတ်တယ်၊ ဒီအဖွဲ့ဟာ သာမန်လှုပ်ရှားနေတာ
မဟုတ်ဘူး၊ သူတို့လှုပ်ရှားမှုနောက်မှာ ကြီးမားတဲ့ပြဿနာ
ရှိလိမ့်မယ်၊ ဒုစရိုက်အဖွဲ့အစည်းတစ်ခုက ပျောက်ဆုံးသွား
တဲ့ ရတနာသေတ္တာ ရှာဖို့ လှုပ်ရှားနေတယ်လို့သိရပေမယ့်
အဲဒီနောက်မှာ လျှို့ဝှက်ချက်တွေ ရှိလိမ့်မယ်"

"ဟုတ်ကဲ့... ဘချုပ်"

"မင်းတာဝန်က မွေးကြီးကို ကူဖို့၊ လိုအပ်ရင် စစ်
ဆီကို အင်အားအဖြစ် သွားပူးပေါင်းဖို့ပဲ"

"ကျွန်တော် နားလည်ပါပြီ ဘချုပ်"

"လိုအပ်တာတွေ စိမ့်သူဇာက စီစဉ်ပေးလိမ့်မယ်၊ မင်
သွားတော့၊ နောက်တစ်နာရီ မိုင်းတုံကိုသွားမယ့် လေယာဉ်
ရှိတယ်၊ အဲဒါနဲ့ လိုက်သွား"

"ဟုတ်ကဲ့..."





စိုင်းနွတ် နေရာမှ ထ,သည်။ ကြည်လင်ရူးရှသော
အကြည့်ဖြင့် ဘချုပ်ကို တစ်ချက်ကြည့်သည်။ ဘချုပ်က
ခေါင်းညိတ်အပြတွင် နေရာမှ ထွက်သွားသည်။

ဘချုပ်က သွက်လက်စွာထွက်သွားသော စိုင်းနွတ်ကို
ကြည့်သည်။ အရည်အချင်းပြည့်ဝသော လျှို့ဝှက်ဝန်ထမ်း
တစ်ယောက်...၊ နိုင်ငံတော်အတွက် မထင်မရှားဘဝနှင့်
ကြီးလေးသော တာဝန်ထမ်းဆောင်ပြီး နိုင်ငံတော်အတွက်
မထင်မရှားနှင့် အသက်စွန့်ရတတ်သည့် လူမျိုး။

ဘချုပ် စိုင်းနွတ်အကြောင်း စဉ်းစားနေစဉ် ကွန်ပျူ
တာခန်းမှ သတင်းပို့ချက် ဝင်လာသည်။

"ညွှန်ချုပ်... ကျားသစ်ဆီက သတင်းပို့ချက် ဝင်လာ
တယ်၊ သူတို့အရှေ့မြောက် ၄၀ ဒီဂရီ ပွိုင့် (၁၀၇)ကို
ရောက်နေပြီ"

"ထူးခြားချက်ပြောပါ"

"မုန်တိုင်းနောက်ကို လိုက်နေတဲ့အဖွဲ့ရှိတယ်၊ သံသယ
ဖြစ်ဆင်ရေးရဲ့ အဓိကကျသူ ဖြစ်လိမ့်မယ်၊ မုန်တိုင်းအဖွဲ့က
စိုင်းနန္ဒကို သိမ်းသွင်းစည်းရုံးလို့ ရနိုင်မယ်ပြောတယ်"

"ကောင်းပြီ၊ စိုင်းနန္ဒနဲ့ ပတ်သက်တဲ့ အချက်အလက်
တွေ ငါ့ဆီကို ပို့လိုက်"

"ဟုတ်ကဲ့ ညွှန်ချုပ်"

ဘချုပ်က ချထားသည့်ဖိုင်ကို ပြန်ကိုင်သည်။ ဖိုင်တွင်

ပါသည့်အကြောင်းအရာကို စိတ်ဝင်တစား ဆက်ဖတ်သည်။
တစ်ခဏအကြာတွင် တီခနဲ မြည်သွားသည်။ အချက်ပေးသံ
ပေါ်လာပြီး သံမဏိတံခါး ညင်သာစွာ ပွင့်သွားသည်။
အခန်းထဲသို့ စိမ့်သူဇာ ညင်သာစွာ လျှောက်ဝင်လာသည်။
သန့်ရှင်းလတ်ဆတ်သော စံပယ်ပန်းရနံ့ တစ်ခန်းလုံးသို့
ပျံ့သွားသည်။ စိမ့်သူဇာက အနီရောင်ဖိုင်ဘာဘူးတစ်ဘူး
ကို ဘချုပ်အား ပေးသည်။

"စိုင်းနန္ဒနဲ့ပတ်သက်တဲ့ လေဆာဒစ်(စ)တွေပါ"

ဘချုပ် ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။ ရုပ်ရည်
ချောမောလှပပြီး တာဝန်ကို တိတိကျကျ ဆောင်ရွက်တတ်
သူ၊ အယုံကြည်ရဆုံး၊ စိတ်အချရဆုံးဖြစ်သူ၊ ဘချုပ်
လိုလားချက်ကို အမြဲသိသူ၊ဟု နာမည်ရသော စိမ့်သူဇာ
လှလှပပလေးပြုံးပြီး အရိုအသေပြုကာ ထွက်သွားသည်။

ဘချုပ်က လေဆာဒစ်(စ)ကို စားပွဲဘေးရှိ ကွန်ပျူ
တာ ဒစ်(ပ)ထဲ ထည့်သည်။ ပြီးနောက် ခလုတ်များကို
နှိပ်လိုက်သည်။ ကွန်ပျူတာဖန်သားပြင်ပေါ်၌ စိမ်းပြာရောင်
အလင်းတန်းများ တဖျပ်ဖျပ်လက်ကာ ပေါ်လာသည်။
ပြီးနောက် စာကြောင်းတစ်ကြောင်းပြီးတစ်ကြောင်း ဆင့်ကဲ
ဆင့်ကဲ ပေါ်လာ၏။

ဘချုပ်က ကွန်ပျူတာတတ်မြောက်သော စိုင်းနန္ဒ
အကြောင်းကို စိတ်ဝင်စားသွားသည်။ မြန်မာ့သိုင်းပညာရှင်၊





ကန်နက်မျိုးစုံကို ကျွမ်းကျင်စွာ ကိုင်တွယ်ပစ်ခတ်နိုင်သူ၊
ထက်မြက်သော ဉာဏ်ရည်ဉာဏ်သွေးရှိသူ။ သိပ္ပံဘွဲ့ရ
ရိုက်သမားဘဝတွင် ကျင်လည်ဖူးသူ၊ အမှားကို သိမြင်
းနောက် ထက်မြက်သော ကုမ္ပဏီဝန်ထမ်းတစ်ယောက်
ဖြစ် ဘဝကို ဖြတ်သန်းနေသူ၊ ညီမငယ် မြရည်နန္ဒာ
တွက် ဘဝတစ်ခုလုံး ပုံအပ်ထားသူ... ။

စိုင်းနန္ဒသည် ရှားရှားပါးပါး ထက်မြက်သော လူစား
း ဖြစ်ကြောင်း ဘချုပ် သိရသည်။ တိုင်းပြည်၏ ရန်ဆူး
န်ငြောင့်ဖြစ်ဖူးသော စိုင်းနန္ဒ... တစ်နေ့တွင်... တစ်နေ့တွင်...
ိုင်းပြည်၏ သားကောင်းရတနာ ဖြစ်လာလိမ့်မည်ဟု ဘချုပ်
တွေးနေမိ၏။

* * *

[၄။]

အရှေ့ဘက်ကောင်းကင်တွင် ရောင်နီဦး ပျို့အန်စ
ပြုလာသည်နှင့် ခရီးကြမ်းကို စ,ရပြန်သည်။

စိုင်းနန္ဒတို့လူစု မြင့်မားမတ်စောက်သော တောင်ပေါ်
သို့ ရောက်နေသည်။ တောင်ပေါ်မှ မျှော်ကြည့်လျှင် တောင်
လှိုင်းအဆင့်ဆင့်ကို တွေ့ရ၏။ တောင်တန်းပြာများသည်
မိုးကုပ်စက်ဝိုင်းနှင့် ထိစပ်သည်ထိ လှိုင်းအဆင့်ဆင့်နှင့်
တမျှော်တခေါ်ကြီး ရှိနေသည်။ မှိုင်းပျရီဝေသည့် ရှုခင်းက
မျက်စိတစ်ဆုံး။

တောင်တန်းများပေါ်တွင် သိပ်သိပ်သည်းသည်း ကျ





ဆင်းနေသော နှင်းတွေ ဝိုင်းနေသည်။ အဝေးရှုခင်းမှာ မှုန်ရီ
မှိုင်းပျလွန်းလှ၏။ နံနက်ဆယ်နာရီကျော်သည်ထိ နေရောင်
မတွေ့ရသေး။ အရှေ့ဘက်ကောင်းကင်၌ ရွှေဝါရောင်
အလင်းပျံ့နေသဖြင့်သာ နေမြင့်နေပြီ ဖြစ်ကြောင်း သိရ
သည်။

လမ်းက ပြေပြေပြစ်ပြစ်မရှိ။ ထင်းရှူးရွက်ကြွေများ
ပေါ် နှင်းရည်စိုပြီး ချောနေသော မြေပြင်ပေါ် ဖြတ်လျှောက်
နေရသော်လည်း မြေပြင်က ညီညီညာညာမရှိ။ ခြေလှမ်း
တစ်ချက်မှားလျှင်၊ ခြေတစ်ချက်ချော်လျှင် အသူတရာနက်
သော ချောက်ထဲ ကားခနဲ ကျသွားနိုင်သည်။ နှင်းအကျ
သည်းသော နံနက်ဖြစ်သော်လည်း တောင်ပေါ်လမ်းကို ဖြတ်
သန်းနေရသည့် စိုင်းနန္ဒတို့အားလုံး ချွေးတစိုစိုနှင့် ရှိနေ
သည်။

“နန္ဒ... ငါနဲ့ လိုက်ခဲ့စမ်း၊ ဟိုတောင်ကိုရောက်ရင်
နက်စာစားဖို့ နားမယ်၊ ငါတို့စခန်းချမယ်၊ နေရာကို
ကြိုပြီး သွားကြည့်ထားရအောင်”

စိုင်းနန္ဒက ဦးတိုက်အောင်ကို ခေါင်းညိတ်ပြသည်။
ဦးမှ နှစ်ယောက်သား ရင်ဘောင်တန်းကာ ခပ်သွက်သွက်
လျှောက်သည်။ ရှေ့ဆုံးမှ သွားနေသော အိုက်မောင်တို့ကို
ကျော်ဖြတ်ပြီး အဆင်းလမ်းအတိုင်း တောင်အောက်သို့
ဆင်းသည်။

တောင်အောက်တွင် လိုဏ်ဂူတစ်ခု ရှိသည်။ ဤအတွ[...] ၌ စမ်းချောင်းငယ်တစ်ချောင်း ဖြတ်စီးနေ၏။ လွင်သာ[...] သော ရေစီးသံက စိုင်းနန္ဒတို့အား အမောပြေစေသည်။

စမ်းချောင်းကိုဖြတ်ပြီး တစ်ဖက်တောင်ပေါ်သို့ တ[...] သည်။ စမ်းချောင်းနှင့် မနီးမဝေး တစ်ဖက်တောင်စောင်[...] တောအုပ်တွင် ဦးတိုက်အောင် ရပ်တန့်လိုက်သည်။

"ဒီနေရာကောင်းမယ်ထင်တယ်"

စိုင်းနန္ဒက ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်သ[...] ထင်းရှူးပင်သာမက ပတီပင်များပါ ရောယှက်ပေါက်ရော[...] နေသဖြင့် တောက လုံသည်။ တောင်စောင်းနေရာအ[...] များများတွင် ကျောက်တုံးများ၊ ချုံပုတ်များကို တွေ့ရသ[...] တောင်စောင်းမှ တစ်ဖက်တောင်ပေါ်ကို လှမ်းမြင်နိုင်သ[...] တောင်ပေါ်သို့လည်း မြင်နိုင်သည်။

"ကောင်းတယ် ဆရာအောင်၊ ဒီနေရာက နှစ်ဖ[...] မြင်တဲ့နေရာ၊ ကျည်ကွယ်ရှိတဲ့နေရာပဲ"

ဦးတိုက်အောင် ကျေနပ်သွားဟန်ဖြင့် ခေါင်းညိတ် လိုက်သည်။

ပြီး သစ်ပင်တစ်ပင်ခြေရင်းတွင် ထိုင်ချသည်။ [...] လက်ထဲမှသေနတ်ကို ပေါင်ပေါ်သို့ ကန့်လန့်ဖြတ် တင်[...] လျှိုထဲမှ တက်လာနေသော သူ့လူများအား လှမ်းကြ[...] သည်။





"ဒီမှာ နားမယ်ဟေ့... ကျော်စွာ ကင်းအစီအစဉ်လုပ်၊ ယက္ခနဲ့ ဘသိန်းဖေ မနက်စာစီစဉ်၊ မီးမွေးရင် မီးခိုး သိပ်မထွက်စေနဲ့"

တောင်စောင်းပေါ်သို့ ရောက်ရောက်ချင်း ကျော်စွာ တို့လူစု လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ စိုင်းနန္ဒသည် ဦးတိုက်အောင်၏ ဘယ်ဘက်သစ်ပင်အောက်တွင် ဝင်ထိုင် လိုက်သည်။ သစ်ပင်ကို ကျောမှီပြီး မြရည်နန္ဒာတို့ကို လှမ်းကြည့်သည်။

လတ်လတ်ဖြူနှင့် မြရည်နန္ဒာတို့ သူနှင့် မနီးမဝေး မှာရှိသည်။ ထိုနေရာမှ နေ၍ နှစ်ယောက်စလုံး သူ့ကို စူးစူးစိုက်စိုက်ကြည့်နေကြသည်။ စိုင်းနန္ဒက အသာအယာ ပြုံးပြလိုက်သည်။

မြရည်နန္ဒာ၏မျက်နှာမှာ နွမ်းလျသော အပြုံးတစ်ချက် ပေါ်လာသည်။ သို့သော် လတ်လတ်ဖြူက တုံ့ပြန်ပြီး မပြုံး။ ဘာအရိပ်အယောင်မှ မရှိသော မျက်နှာသေကြီးဖြင့်သာ စိုင်းနန္ဒအား ကြည့်နေ၏။

စိုင်းနန္ဒ သက်ပြင်းချလိုက်သည်။ သူက ထိုင်နေရာမှ ထ,ပြီး မြရည်နန္ဒာတို့ထံ လျှောက်ခဲ့သည်။ အစိမ်းပုတ် ရောင် တူညီဝတ်စုံ ဝတ်ထားသော မြရည်နန္ဒာတို့ကို အကဲ ခတ်ကြည့် ကြည့်သည်။

မြရည်နန္ဒာ၏မျက်နှာလေး နွမ်း နယ်နေ၏။ ခရီး

လမ်းကို ဝင်ပန်းကြီးစွာ ဖြတ်ခဲ့ရသော မျက်နှာမြင်ရုံနှင့် သိရသည်။

လတ်လတ်ဖြူ မျက်နှာမှာ အမူအရာကင်းမဲ့နေသည်။ ပင်ပန်းသည့်ဒဏ်ကို သူ ခံစားရဟန်မရှိ။ အတိတ်ကာလက လတ်လတ်ဖြူနှင့် ကွာခြားလှပါလားဟု စိုင်းနန္ဒ တွေးသည်။

"ညီမလေး သိပ်ပင်ပန်းနေသလား ဟင်"

မြရည်နန္ဒာ၏ရှေ့မှာရပ်ပြီး စိုင်းနန္ဒက မေးသည်။ မျက်လုံးအစုံတွင် မျက်ရည်ဝိုင်းသွားလျက်က မြရည်နန္ဒာ ခေါင်းညိတ်ပြ၏။

"အားမငယ်နဲ့နော် ညီမလေး... ကိုကို မသေသေးပါဘူးကွာ၊ ကိုကို့အသက်နဲ့ကို မြဲနေသမျှ ညီမလေး ဘာမှ မဖြစ်စေရဘူး"

စိုင်းနန္ဒက မြရည်နန္ဒာ၏ဘေးတွင် ထိုင်ချသည်။ ပြီးနှစ်သိမ့်ဟန်၊ အားပေးဟန်ဖြင့် မြရည်နန္ဒာ၏ ပခုံးကို ဖွဖွသာသာ ဆုပ်ကိုင်သည်။ မြရည်နန္ဒာက ကလေးဆန်သော အမူအရာနှင့် ခေါင်းညိတ်ပြီး စိုင်းနန္ဒ ပခုံးမှာ ခေါင်းမှီလိုက်သည်။

"ကိုယ့်မှာ ဒီညီမလေးတစ်ယောက်ပဲ ရှိတယ် လတ်၊ သူ့ကို အတတ်နိုင်ဆုံး စောင့်ရှောက်ပါ၊ ကိုယ် မင်းကို မေတ္တာရပ်ခံပါတယ်"





လတ်လတ်ဖြူ၏မျက်လုံးအစုံ ရီဝေသွားသည်။ သို့သော် တစ်ခဏအတွင်းမှာပင် ထိုအမူအရာပျောက်ပြီး သူ့မျက်လုံးအစုံ အေးစက်စက် ဖြစ်လာ၏။

"စိုင်းကို လတ် တစ်ခု ပြောချင်တယ်"

လတ်လတ်ဖြူက စိုင်းနန္ဒကို မကြည့်ဘဲ နှုတ်ခမ်းလှုပ်ရုံ ပြောသည်။

"ပြောပါ လတ်"

"အားလုံးအတွက် အန္တရာယ်ကင်းအောင် လတ်နဲ့ ဝေးဝေးမှာ နေမှာ၊ လတ်ကို ဘယ်အချိန်ထိမှ မသိကျွမ်းဘူးသလို ဆက်ဆံပါ၊ ညီမလေးအတွက် လတ် တာဝန်ယူတယ်၊ သူ့ကို အသက်ပေးပြီး ကာကွယ်မယ်"

စိုင်းနန္ဒက ကျေးဇူးတင်သောအကြည့်ဖြင့် လတ်လတ်ဖြူကို တစ်ချက်ကြည့်သည်။ လတ်လတ်ဖြူတို့ကို ကျောခိုင်းပြီး သူ မူလက ထိုင်ခဲ့သော သစ်ပင်အောက်တွင် ပြန်ထိုင်သည်။ ဦးတိုက်အောင်ဘက်သို့ ထိုင်နေရာမှ လှမ်းကြည့်သည်။ ဦးတိုက်အောင်က သူ့ကိုကြည့်နေသည်နှင့် အကြည့်ချင်း ဆုံသွား၏။

"မင်း ညီမလေးကို သွားပြီး အားပေးတာလား"

စိုင်းနန္ဒ ခေါင်းညိတ်လိုက်သည်။

"ညီမလေးက အခုလို ကြမ်းကြမ်းတမ်းတမ်း မနေခဲ့ဖူးဘူး ဆရာအောင်၊ သူ သိပ်ကြောက်နေတယ်"

ဦးတိုက်အောင်၏ မျက်လုံးအစုံတွင် အရိပ်တစ်ရိပ် ဖြတ်သန်းသွားသလိုရှိသည်။သူကခေါင်းကို မသိမသာခါပြီး...

"မင်းတို့မောင်နှမကိုတွေ့ရတာ ငါ စိတ်မကောင်းပါဘူး၊ တကယ်ပြောတာ နန္ဒ၊ ဒီခရီးမှာ မင်း မပါရင် မဖြစ်လို့၊ နို့မို့ဆိုရင် ငါ ပြန်လွှတ်လိုက်တယ်၊ ငါက ဘဝတစ်ခုလုံးမှာ ကြမ်းကြမ်းတမ်းတမ်းနေခဲ့တာ၊ငါ့မှာ ကောင်းချက်ဆိုလို့ မရှိသလောက်ဘဲ၊ ဒါမေယ့် ငါဟာ လူတစ်ယောက်ပါ၊ လူဆိုတော့လဲ ငါ အတိုင်းအတာ တစ်ခုထိ သံယောဇဉ်ရှိတဲ့ မင်းအတွက် စိတ်မကောင်းဖြစ်မိတာ အမှန် ပဲ၊ နောက် နှစ်ရက်သုံးရက်ဆို ကိစ္စပြီးပါပြီကွာ၊ ချောက်ထဲမှာ ရှိနေတဲ့ ရတနာတွေဟာ ငါ့ဘဝဖြစ်နေတဲ့ အတွက် အဲဒါတွေရရင် ငါ လွတ်မြောက်မယ်၊ မင်းလဲ လွတ်မြောက်မယ်"

စိုင်းနန္ဒ တုံ့ပြန်စကား မပြော၊ တောင်အောက် လျှိုဘက်သို့ လှမ်းငေးနေသည်။ ဦးတိုက်အောင်က စိုင်းနန္ဒကို လွှတ်လွှတ်လပ်လပ်ငေးခွင့် တွေးခွင့်ပြုဟန် စကားမဆက်တော့ဘဲ ငြိမ်သွားသည်။

ငေးနေသော စိုင်းနန္ဒအတွေး အဝေးသို့ လွင့်နေသည်။ နုငယ်စဉ် သန့်စင်စဉ်က ဘဝအကြောင်းကို ပြန်သတိရသည်။

သူ ဆယ်တန်းကျောင်းသားဘဝ တောင်ကြီးအထက



(၁)မှာ ကျောင်းတက်နေစဉ် လတ်လတ်ဖြူနှင့် တွေ့သည်၊ အစမှာတော့ သူငယ်ချင်း၊ နောက်တော့ တစ်ယောက်ကို တစ်ယောက် အပျောက်မခံတတ်သည့် ချစ်သူတွေ။ ချစ်စ ခင်စ စာမေးပွဲ ဖြေပြီးစ သည်လတ်လတ်ဖြူ ပျောက်သွားသည်။ စိုင်းနန္ဒ အရူးအမူး လိုက်ရှာသည်။ လတ်လတ်ဖြူတို့ မိသားတစ်စုလုံး တောင်ကြီးတွင် မရှိတော့။ ပျောက်ခြင်းမလှ ပျောက်သွားခဲ့သည်။

လတ်လတ်ဖြူကြောင့် ငိုင်းနန္ဒ စိတ်လေလွင့်ချင်ချင် ဖြစ်ရသည်။ ရုတ်တရက်အဆက်အသွယ်ဖြတ်ကာ ပျောက်ကွယ်သွားခဲ့သော လတ်လတ်ဖြူကို နားမလည်နိုင် ဖြစ်ရသည်။

တက္ကသိုလ်စာသင်နှစ်များကို ဖြတ်ကျော်လာခဲ့ပြီး ဘွဲ့ယူသည့်အခါ လတ်လတ်ဖြူနှင့် ပြန်ဆုံသည်။ ပြန်တွေ့တော့လည်း လတ်လတ်ဖြူမှာ အပြောင်းအလဲ မရှိ။ ချစ်နေမြဲ၊ ခင်နေမြဲ သံယောဇဉ်တွယ်နေမြဲဖြစ်သည်။

သို့သော် သူတို့နှစ်ယောက် ကြာကြာတွေ့ခွင့်မရ။ ဘွဲ့နှင်းသဘင်မှ အထွက်တွင် လတ်လတ်ဖြူကို ရှာမတွေ့တော့၊ လတ်လတ်ဖြူတစ်ယောက် ပျောက်ခြင်းမလှ ပျောက်သွားခဲ့သည်။

ဘွဲ့ရပြီးစမှာ သူနှင့် ဦးတိုက်အောင် တွေ့သည်။ ပေါပေါများများ သုံးချင်ဖွဲချင်စိတ်၊ ငွေကို လွယ်လွယ်နှင့်

လိုချင်စိတ်ကြောင့် ဦးတိုက်အောင်၏ ခေါ်ရာသို့ ပါသွားခဲ့သည်။ ဒုစရိုက်သမားဘဝမှာ ဦးတိုက်အောင်ထံမှ သူ ပညာတွေ ရသည်။ သင်ခန်းစာတွေရသည်။

မိဘနှစ်ပါး ဓားပြအတိုက်ခံရစဉ် ပစ္စည်းရှုံးနှင့် မကျေနပ်။ လူသတ်ရမှ ဓားဝင်၊ အိပ်ပျော်ရှိသူတို့၏ လက်ချက်ကြောင့် သေဆုံးသွားသည့်အခါ စိုင်းနန္ဒ ဆိုးခဲ့ မိုက်ခဲ့သမျှ နောင်တရသည်။ မိမဲ့ဖမဲ့ ညီမလေးအတွက် ဒုစရိုက်သမားဘဝကို စွန့်လွှတ်ခဲ့သည်။

ယခုအချိန်တွင် တစ်ခါက ဆိုးခဲ့ခြင်း၏ အကျိုးဆက်ကို ပြန်ခံစားနေရသည်ဟု စိုင်းနန္ဒ ထင်မြင်ယူဆသည်။ သူ့ကြောင့် မြရည်နန္ဒာပါရောပြီး ဒုက္ခရောက်ရခြင်းကို သူ မကျေနပ်။

သက်ပြင်းတစ်ချက်ချပြီး စိုင်းနန္ဒ အတွေးဖြတ်လိုက်သည်။ အဝေးသို့ လွင့်သွားသည့် စိတ်အစဉ် ပစ္စုပ္ပန်သို့ ပြန်ရောက်လာသည်။

သူက အမှတ်မဲ့ပင် မြရည်နန္ဒာတို့ ထိုင်နေရာသို့ လှမ်းကြည့်သည်။ ထိုနေရာတွင် မြရည်နန္ဒာနှင့် လတ်လတ်ဖြူတို့ မရှိတော့။

ညင်သာပေ့ါပါးသော ခြေသံကြားရပြီး အနားမှာ လာရပ်သည့် မြရည်နန္ဒာကို မြင်သည်။ စိုင်းနန္ဒ ဖြည်းညင်းစွာ မော်ကြည့်လိုက်၏။





သူ့အား ငုံ့ကြည့်နေသော ကျော်စွာ နှင့် မျက်နှာချင်းဆိုင်မိသည်။

"မင်း ညီမလေး ရေဆင်းချိုးနေတယ်"

"ဩော်..."

"ငါ့ကို မီးခြစ်ခဏပေးပါ၊ မင်းဘေးမှာ လာရပ်တာကို ဆရာအောင် ကြည့်နေတယ်"

စိုင်းနန္ဒက ခေါင်းထဲတွင် အလင်းရောင်တစ်ချက် ဖျတ်ခနဲလက်သွားသလို ခံစားရသည်။ သူ့က မီးခြစ်ထုတ်ပြီး ကျော်စွာအား ပေးလိုက်၏။

ကျော်စွာ စီးကရက်တစ်လိပ် မီးညှိသည်။ ပြီး နန္ဒကို မီးခြစ်ပြန်ပေးသည်။

"မင်းတစ်ယောက်တည်း မဟုတ်ဘူး၊ အဖော်ရှိတယ်ဆိုတာ သိထားပါ။

ကျော်စွာက ခပ်တိုးတိုးပြောပြီး ထွက်သွားသည်။ စိုင်းနန္ဒမှာ အမူအရာမပျက်အောင် သတိထားပြီး စီးကရက်တစ်လိပ်ထုတ်ယူကာ အားရပါးရ ဖွာရှိုက်နေစဉ် လှိုဏ်ထဲမှ အော်သံတစ်သံ ပေါ်လာသည်။ မိန်းကလေးတစ်ယောက်၏ အသံ။

စိုင်းနန္ဒ ရင်ထဲထိတ်ခနဲ ခုန်သွားသည်။ သူက စီးကရက်ကိုပစ်ချပြီး နေရာမှဖျတ်ခနဲထ,သည်။ ပြီး လျှင်မြန်သောခြေလှမ်းဖြင့်အော်သံကြားရာသို့ ပြေးထွက်သည်။

သူတို့ထံသို့ အပြေးဆင်းစဉ် သူ့ဘေးမှ လူတစ်ယောက်ပါလာသည်။ ထိုသူမှာ အော်သံကြားသည်နှင့် နေရာမှ ဖျတ်ခနဲ ထ,ကာ ပြေးထွက်လာသော ဦးတိုက် အောင်ပင်ဖြစ်၏။

* * *

အနိမ့်ပိုင်း လှိုဏ်ထဲမှ လှုပ်ရှားသံကို ကြားရသည်။ ပြေးလွှားနေရင်းမှ ဦးတိုက်အောက်က စိုင်းနန္ဒ၏လက်ကို ဖမ်းဆွဲသည်။

"ဟိုမှာ နန္ဒ"

စမ်းချောင်းဘေးဆီသို့ ညွှန်ပြသည်။ စမ်းခြောက်ဘေးတွင် လူခြောက်ယောက်ရှိသည်။ ယောကျ်ားလေးယောက်နှင့် မိန်းကလေးနှစ်ယောက်၊ အစိမ်းပုတ်ရောင်ဝတ်ထားသူတစ်ယောက် လက်ထဲတွင် ရှန်းကန်နေသော လတ်လတ်ဖြူ ရှိသည်။ သူတို့ရှေ့မှာ လဲကျနေသော မြရည်နန္ဒာ။ မြရည်နန္ဒာရှေ့မှာ ဖေသန့် ရပ်နေသည်။

"ဟိတ်... ဒါ ဘာလုပ်နေတာလဲ"

ဦးတိုက်အောင်က အော်ပြောရင်း စမ်းချောင်းဆီသို့ ပြေးဆင်းသွားသည်။ ဦးတိုက်အောင်ကို မြင်သည်နှင့် လတ်လတ်ဖြူအား ချုပ်ကိုင်ထားသူက လွှတ်ပေးလိုက်သည်။





လတ်လတ်ဖြူက မြရည်နန္ဒာ ထံသို့ ပြေးသွားပြီး ဆွဲထူသည်။

"ဖေသန့်...ဘာဖြစ်တာလဲ"

ဖေသန့်က အပြစ်မကင်းသော အမူအရာနှင့် ဦးတိုက်အောင်အား ကြည့်သည်။

"သူတို့ ရေချိုးဖို့ဆင်းလာတယ် ဆရာအောင်၊ ကျွန်တော်က ကျွန်တော်တို့ရှေ့မှာ ရေချိုးရမယ်ပြောတာနဲ့ ဒီကောင်မလေး ကျွန်တော့်ကို ပါးရိုက်တယ်၊ လတ်လတ်ဖြူကလဲ ကျွန်တော့်အမိန့်ကို မနာခံဘူး"

ဦးတိုက်အောင် မျက်မှောင်ကြုတ်သွားသည်။

"သူတို့ရေချိုးတာ မင်းရှေ့မှာ ချိုးရမယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"လုံခြုံရေးအတွက်ပါ ဆရာအောင်..."

"ဟော...လုံခြုံရေးအတွက် ဟုတ်လား၊ သူတို့ကို မင်းမျက်စိအောက်က အပျောက်မခံတမ်း စောင့်ရှောက်ရမယ်လို့ ငါ ပြောထားသလား၊ မြရည်နန္ဒာကို လတ်လတ်ဖြူကတာဝန်ယူထိန်းထားတာကွ၊ မင်း ဝင်စွက်စရာအကြောင်းမရှိဘူး၊ ဒီကောင်တွေကကော အားပေးအားမြှောက်လုပ်တာလား"

"မ...မဟုတ်ပါဘူး၊ ကျွန်တော်တို့က နောက်တာပါ"

"ဒါ နောက်စရာလားကွ၊ ဒီအချိန်က နောက်ရမယ့်

အချိန်လား၊ ဟော့ကောင်တွေ မင်းတို့… စော်ကားချင် စိတ်နဲ့ အခုလို လုပ်တာ မဟုတ်လား၊ မင်းတို့ သုံးယောက်က လူသစ်တွေဆိုတော့ တိုက်အောင်အကြောင်း မသိသေးဘူး ထင်တယ်”

ချောက်ခနဲ မောင်းတင်လိုက်သံကို ကြားရသည်။ စိုင်းနန္ဒဘေးတွင် ရပ်နေသူက သေနတ်ကို ပင့်မြှောက်ပြီး ဦးတိုက်အောင်အား ချိန်သည်။

“မလုပ်နဲ့ ဦးတိုက်အောင်၊ ကျွန်တော်တို့က ခင်ဗျား အတွက် လမ်းဆုံးထိ မျှောလိုက်မလို့၊ စောစောစီးစီး ပြဿနာပေါ်တော့ စောစောဘဲ ကိစ္စပြတ်ရတာပေါ့၊ အိုက်ကွီ ဆိုတာ ကြားဖူးတယ် မဟုတ်လား၊ အဲဒါ ကျုပ်ပဲ”

ဦးတိုက်အောင်၏ မျက်နှာတွင် အပြောင်းအလွဲတွေ ပေါ်သွားသည်။ သူက အိုက်ကွီကို ခပ်နွမ်းနွမ်းကြည့်၏။

“သြော်…အိုက်ကွီဆိုတာ မင်းကိုး၊ ပြီးခဲ့တဲ့နှစ်က ငါ့ အဖွဲ့တစ်ဖွဲ့ကို ပြန်တိုက်တာ မင်းပေါ့၊ ဟုတ်လား”

“ဟုတ်တယ်…ဦးတိုက်အောင်၊ ခင်ဗျား လက်ထဲက သေနတ်ကို အရင်ချပါ၊ ပြီးတော့မှ အပေးအယူစကား ပြောမယ်”

အိုက်ကွီ၏ သေနတ်ပြောင်း မော့တက်လာသည်။ စိုင်းနန္ဒ လစ်ခနဲ လှုပ်ရှားလိုက်၏။ သူ့လက်တစ်ဖက် ရိပ်ခနဲ မြှောက်တက်သွားပြီး အိုက်ကွီ၏လက်ထဲမှ သေနတ်ကို ပုတ်ထုတ်သည်။ တစ်ဆက်တည်းပင် သူ၏ ဘယ်လက် ကောက်ချွန် အိုက်ကွီ၏ နံကြားသို့ တိုးဝင်သွားသည်။

နှုတ်မှာ အင့်ခနဲမြည်ကာ အိုက်ကွီ ငိုက်ကျသွား စဉ် သေနတ်သံနှစ်ချက်ပေါ်လာသည်။

ဦးတိုက်အောင်နှင့် ဖေသန့်တို့ ပစ်ခတ်လိုက်သည့် သေနတ်သံ။ အိုက်ကွီ၏ အဖော်နှစ်ယောက် မြင်းအကန်ခံရ သလို လူတခြား သေနတ်တခြား လွင့်ထွက်သွားသည်။ စိုင်းနန္ဒက အိုက်ကွီနှင့် မျက်နှာ ချင်း ဆိုင်လိုက်သည်။

အိုက်ကွီက ဗိုက်ကို လက်နှင့်နှိပ်ပြီး ဖြည်းညင်းစွာ ခေါင်းပြန်မော့သည်။ သူ ခေါင်းမော့စဉ် စိုင်းနန္ဒ၏ လက် ပြန်ရိုက်ချက် သူ့မျက်နှာပေါ် ဖြတ်ကျသည်။ အိုက်ကွီ လန်ထွက်သွား၏။

ကိုယ်ကို ပြန်အမတ်တွင် သူက ခါးကြား မှ ဓားကို ဆတ်ခနဲ ဆွဲထုတ်သည်။

“စိုင်းနန္ဒ ငါက မင်းကို ပေါင်းမလို့၊ မင်းက ဦးတိုက် အောင်ကိုပဲ ကျွန်ခံချင်နေတာ၊ မင်းလို ကျွ[illegible]နံ့တဲ့ ကောင် ကို ငါ အရှင်မထားဘူး”

အိုက်ကွီက ဓားကို ဆတ်ခနဲ ဆွဲထုတ်ပြီး ဘယ်ညာ ဝှေ့ယမ်းသည်။ အသွားခြောက်လက်မခန့်ရှိသော ဓား စိုင်း နန္ဒ၏ ရင်ဘတ်အနားမှာ ရိပ်ခနဲ ရိပ်ခနဲ ဖြစ်သွား၏။ စိုင်းနန္ဒက ခြေကို ပွတ်ဆွဲပြီး မသိမသာ နေရာရွှေ့သည်။

အိုက်ကွီက မားကို လက်ပြောင်းကိုင်ပြီး ဆတ်ခနဲ ရှေ့ကို တိုးသည်။

သေနတ်သံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ အိုက်ကွီ ဆတ်ခနဲ တွန့်သွား၏။ ဦးတိုက်အောင်ကို အံ့အားတသင့်ကြည့်ပြီး မြေပြင်ပေါ်သို့ ဒူးညွှတ်ကျသွားသည်။

"ဒီလိုကောင်မျိုးကို အခွင့်အရေးပေးနေစရာ မလိုဘူး၊ ကိစ္စမြန်မြန်ဖြတ်လိုက်တာပဲ ကောင်းတယ်"

စကားပြောရင်း ဦးတိုက်အောင်က အိုက်ကွီကို တစ်ချက်ကြည့်သည်။ ပြီး ဖေသန့်ဘက်သို့ လှည့်လိုက်၏။

"ဖေသန့်..."

"ဟုတ်... ဟုတ်ကဲ့ ဆရာအောင်၊ ကျွန်တော် သူတို့ သုံးယောက် တိုင်နေတာကြားလို့ ကောင်မလေးတွေကို ကျွန်တော့်ရှေ့မှာ ရေချိုးဖို့ပြောတာ၊ ကျွန်တော်ရှိနေရင် သူတို့ထင်သလို မလုပ်ရဲ..."

"မြန်မြန်"

ဦးတိုက်အောင်က လက်ပြန်ရိုက်ချလိုက် သည်။ ဖေသန့် တစ်ပတ်လည်သွား၏။ အရိုက်ခံလိုက်ရ သော ပါးပြင်ကို လက်နှင့်အုပ်ပြီး ဦးတိုက်အောင်အား ထိတ်လန့်စွာ ကြည့်သည်။





"မင်း သိပ်ညံ့တယ်၊ ဒီကောင်တွေကို စိတ်မချရမှန်း ...ိရင် ငါ့ကို လာပြောပေါ့"

"ဟုတ်... ဟုတ်ပါတယ် ဆရာအောင်၊ ဒီကောင်တွေက ...ရူးတွေလိုပဲ၊ ဆေးက အမျိုးမျိုးသုံးထားပုံရတယ်၊ ဒါ ...ကြောင့် ကျွန်တော်လဲ ကြံရာမရတာနဲ့ သူတို့ကို အချု ...တ်ပြီး အခြေအနေမဆိုးအောင် ထိန်းဖို့ ကြိုးစားနေ ...ာပါ"

ဦးတိုက်အောင် ခေါင်းခါလိုက်သည်။ သူက မြရည် ...န္ဒာအား ပခုံးဖက်၍ ရပ်နေသည့် စိုင်းနန္ဒကို လှမ်းကြည့် ...သည်။ စိုင်းနန္ဒ၏မျက်နှာမှာ ပြုံတော့မည်မိုးလို ညိုမည်း ...နေသည်။

"ဆောရီးပဲ နန္ဒ... ငါ ဒီသုံးကောင်ကို မစစ်ကြည့်မိ ...ူး၊ မိုင်းတုံမှာတွေ့တဲ့ အဖွဲ့ဝင်အသစ်တွေအဖြစ် လက်ခံ ...ိုက်မိတယ်၊ အင်း... ငါ့ကို ဝင်ကူတဲ့အတွက် ကျေးဇူးပါပဲ ...ွာ၊ ကဲ... ဖေသန့် ဒီဟာတွေကို ရှင်းပစ်၊ ငါတို့ မနက်စာ ...ွားစားမယ်၊ ပြီးတာနဲ့ ခရီးဆက်မယ်"

ဦးတိုက်အောင် စမ်းချောင်းဘေးမှ ခွဲထွက်သည်။ ...င်းနန္ဒက မြရည်နန္ဒာအားတွဲပြီး နောက်မှ လိုက်သည်။ ...ူတို့နှင့်အတူ လတ်လတ်ဖြူပါ ပါလာ၏။

"ဖေသန့် ပြောတာ အမှန်ပဲလား"

လတ်လတ်ဖြူ ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်၊ သူက အိုက်ကွိတို့နဲ့ ကြံရာပါ မဟုတ်ပါဘူး"

"နောက်ကို သတိထား၊ ဘယ်သူ့မှာ မယုံနဲ့."

စိုင်းနန္ဒက တိုတိုပြတ်ပြတ်ပြောပြီး စကားဖြတ်သည်။ မြရည်နန္ဒာကို ကြင်နာစွာ တွဲဖက်ပြီး တောင်စောင်းဆီသို့ တက်ခဲ့၏။

* * *



[မြောက်]

ညဥ့်နက်လာသည်နှင့်အမျှ အအေးဓာတ်က လွှမ်းကဲလာသည်။ တောင်ပေါ်သို့ အပြေးတက်လာသည့် လေကြောင့် အအေးဓာတ်များ ရိုးတွင်းခြင်ဆီထိအောင် စိမ့်ဝင်သွားသလိုရှိသည်။

တောင်ပေါ်ရှိ ကျောက်တုံးများ၊ ကျောက်ဆောင်များကြားတွင် မိုးကာတဲသုံးလုံးရှိသည်။ မိုးကာတဲသုံးလုံးအလယ်၌ မီးပုံတစ်ပုံဖိုထားသည်။ မီးပုံဘေးတွင် နှင်းကာဦးထုပ်၊ ဖိုးလ်ဂျက်ကက်တို့ဖြင့် အအေးဒဏ်ကို ကာကွယ်ထားသော စိုင်းနန္ဒ ထိုင်နေသည်။ သူက စီးကရက်တစ်လိပ်ကို ဖွာရှိုက်

ရင်း မီးတရှိန်ရှိန်တောက်လောင်နေသော မီးပုံကို ငေးကြ
နေ၏။

နောက်ကြောင်း မလုံသလို ခံစားချက်တစ်ရပ် ခ
ကိုယ်ထဲ ပူးကပ်ဝင်ရောက်လာသည်။ မီးပုံကို ငေးကြ
နေရာမှ ဘေးဘီဝန်းကျင်ကို ဖျတ်ခနဲကြည့်သည်။ ကျော
တုံးတစ်တုံးအကွယ်တွင် ထိုင်ပြီး ကင်းစောင့်နေသေ
ဘသိန်းဖံအား တွေ့ရသည်။ ပတ်ဝန်းကျင်မှာ ထူးခြာ
မရှိ။ အန္တရာယ်ကြားမှာ လှုပ်ရှားနေရသူပီပီ တစ်စုံတ
ယောက်က သူ့ကို စောင့်ကြည့်နေသည်ဟု စိတ်ထဲ
ထင်လာ၏။

စိုင်းနန္ဒ မိုးကာတဲများဘက်သို့ ကြည့်သည်။ ထူးခြ
မှုမရှိ။ မျက်နှာပြန်လှည့်လိုက်စဉ်မှာပင် သူ့နံဘေးသို့ ခြေ
တစ်သံ တိုးဝင်လာသည်။

မိုးကာတဲတစ်တဲ နောက်ဘက်မှ လျှောက်လာသူ
လှမ်းမြင်ရသည်။ နွဲ့နှောင်းသောလှုပ်ရှားမှုကြောင့် လတ်လ
ဖြူ ဟု သိလိုက်သည်။

တစ်ရေးနိုး၍ အပြင်ထွက်သော လတ်လတ်ဖြူ
စိုင်းနန္ဒအား မြင်သွားသည်။ သူ့ခြေလှမ်းတွေ တုံ့ခနဲ ဖြ
သွားပြီးနောက် စိုင်းနန္ဒ ထိုင်နေရာသို့ ဖြည်းညင်းစွ
လျှောက်လာ၏။

အနားမှာ လာရပ်သော လတ်လတ်ဖြူကို စိုင်းန





မော့်ကြည့်သည်။ လတ်လတ်ဖြူက မီးပုံဘေးရှိ ကျောက်တုံးတစ်တုံးပေါ်တွင် ဝင်ထိုင်လိုက်၏။

"သိပ်အေးတာပဲနော်၊ အိပ်နေတာထက် မီးပုံဘေးမှာ သက်သာဦးမယ်ထင်တယ်"

လတ်လတ်ဖြူက တမင်သက်သက် အကြောင်းရှာပြီး ပြောလိုက်ခြင်းဖြစ်ကြောင်း စိုင်းနန္ဒ သိသည်။ သူက အလိုက်သင့်ပင် ခေါင်းညိတ်ပြလိုက်၏။

"အဲဒါကြောင့် ကိုယ်လဲ ဒီမှာ လာထိုင်နေတာ၊ ရေနွေးကြမ်း သောက်ပါလား၊ အချမ်းပြေတာပေါ့"

စိုင်းနန္ဒက ရေနွေးကြမ်းထည့်ထားသော မတ်ခွက်ကို လတ်လတ်ဖြူအား လှမ်းပေးလိုက်သည်။ လတ်လတ်ဖြူက ရေနွေးကြမ်းပူပူကို ဖြည်းညင်းစွာ မှုတ်သောက်၏။ ရေနွေးကြမ်းသောက်ရင်းမှ စိုင်းနန္ဒကို ဖျတ်ခနဲ လှမ်းကြည့်သည်။

"စိုင်းကို ပြောစရာရှိတယ်"

ခပ်တိုးတိုးပြောလိုက်ခြင်းဖြစ်သော်လည်း စကားသံကို ပီသစွာ ကြားရသည်။ စိုင်းနန္ဒက ခေါင်းကို ညင်သာစွာ ညိတ်ပြသည်။

"ပြောလေ..."

"ဘွဲ့ယူတုန်းကမေးတော့ လတ်ပြောစရာရှိတာတွေ ပြောဖို့ ကြိုးစားခဲ့သေးတယ်၊ ဒါပေမယ့် မအောင်မြင်ဘူး၊ အခုတော့ ဖွင့်ပြောမယ်လို့ ဆုံးဖြတ်ပြီး လာတာ၊ အဖြစ်

အပျက်တွေသိရရင် စိုင်းအနေနဲ့ လတ်ကို ကူညီနိုင်လိမ့်မယ် ထင်တယ်”

“ဘာလဲ...ပြောပါဦး လတ်”

“လတ် အစကနေ ပြောပြမယ်၊ စိုင်း သေသေ ချာချာ နားထောင်နော်”

“ပြောပါ လတ်”

“လတ်ဟာ မိဖမဲ့တစ်ယောက်ပါ၊ လတ်ရဲ့အဖေ ဘယ်သူလဲဆိုတာ မသိဘူး၊ မေမေကတော့ လတ်ကို မွေးမွေးချင်းပဲ ဆုံးသွားခဲ့တယ်”

“တောင်ကြီးမှာ လတ်တို့နဲ့အတူနေတာ ဘယ်သူတွေလဲ”

“အဲဒါ လတ်ရဲ့ဦးလေးနဲ့ အဒေါ်ပါ၊ သူတို့က လတ်ရဲ့ မိဘတွေပါပဲ၊ သူတို့က လတ်ကို သမီးအရင်းလိုပဲ ချစ်ကြပါတယ်၊ ဦးလေးက လတ်နဲ့စိုင်းရဲ့အခြေအနေကို သိသွားပြီး လတ်ကို လူတစ်ယောက်နဲ့ ပေးစားဖို့ စီစဉ်တယ်။ လတ်က သဘောမတူတော့ အပေးအယူလုပ်တယ်။ သူက လတ်ကို အိမ်ထောင်ချမပေးဘူး၊ လတ်ကလဲ စိုင်းနဲ့ အဆက်ဖြတ်ရမယ်၊ အဲဒီအချိန်မှာ လတ်တို့မိသားစုကို မုန်တိုင်းတစ်ခု ဝင်မွှေတယ်။ အဲဒါကဦးလေးရဲ့မိန်းမ အန်တီ စော ဖောက်ပြန်လို့ပဲ၊ လင်မယားကွဲတယ်။ ဦးလေး



အလုပ်က ထွက်ပြီး ရန်ကုန်ပြန်လာတယ်။ ဒါနဲ့ပဲ လတ်နဲ့ ိုင်း ဝေးခဲ့ရတယ်”

“ရန်ကုန်ရောက်ချိန်မှာ လတ်ကို ကိုယ့်ကို ဘာဖြစ်လို့ မဆက်သွယ်တာလဲ”

“အဲဒါက မမျှော်လင့်ဘဲသိခဲ့ရတဲ့ လတ်ရဲ့ဘဝအခြေအနေကြောင့်ပါ၊ လတ်ရဲ့အဖေဟာ ဓားပြကြီးတစ်ယောက်ဆိုတာ သိခဲ့ရလို့ပါ၊ မေမေဟာ ကျိုင်းတုံကနေ တောင်ကြီးသွားရင်း ဓားပြအတိုက်ခံရတဲ့အထဲမှာ ပါခဲ့တယ်၊ ပစ္စည်းသူရုံတင်မကဘူး၊ ဓားပြခေါင်းဆောင်က မေမေ့ကိုပါ သိမ်းပိုက်လိုက်တယ်၊ ဓားပြခေါင်းဆောင်လက်ထဲမှာ တစ်လ ောက် ငရဲအကျခံရ ပြီး မေမေ ထွက်ပြေးလွတ်မြောက် ခဲ့တယ်၊ အဲဒီလိုနဲ့ လတ်ကို ကိုယ်ဝန်ရပြီး မွေးဖွားခဲ့တာ၊ လတ်ဟာ ဓားပြတစ်ယောက်၊ လူဆိုးတစ်ယောက်ရဲ့ သမီးပါ၊ ဒါကို ဦးလေး အရက်မူးပြီး ပြောပြလို့သိရတော့ အဖေကို ရတယ်၊ မေမေ့အပေါ် လူ မဆန်တဲ့ အဖေကိုသတ်ဖို့ လိုက်ရှာခဲ့တယ်။ ဒါကြောင့် စိုင်းနဲ့ ဘွဲ့ယူချိန်မှာတွေ့တော့ သံယောဇဉ်ကြောင့် မပြောဘဲ မနေနိုင်ခဲ့ပေမယ့် လတ် ထွက်ပြေးခဲ့တာပါ”

“အဲဒီ ဓားပြခေါင်းဆောင်ဆိုတာက ဘယ်သူလဲ လတ်”

“ဦးမိုးတဲ့၊ ဘယ်ဘက်ရင်အုံမှာ ဓားဒဏ်ရာတစ်ချက်

ရှိတယ်တဲ့၊ လတ် သိထားတာက အဲဒါပဲ၊ အဲဒီသဲလွန်… လတ်အဖေကို လိုက်ရှာနေတာ…သူ…သူ့ကိုတွေ့ရင်…

လတ်လတ်ဖြူ အံတင်းတင်းကြိတ်သည်။ လက်… ကို ကျစ်ကျစ်ပါအောင်ဆုပ်သည်။ ခြောက်ကပ်ကပ်နိုင်သေ… အသံဖြင့် ရယ်လိုက်စဉ် သူ့မျက်လုံးအစုံမှ မျက်ရည်… စီးကျလာ၏။…”

“ကိုယ် စိတ်မကောင်းပါဘူး လတ်၊ တကယ်… လတ် တွေ့ချင်တဲ့ အဖေကို တွေ့ရအောင် ကိုယ်လဲ ကူ… ရှာပေးပါ့မယ်၊ နှစ်တွေ ဘယ်လောက်ကြာကြာ ဦးမိုး ဆို… လူဟာ သူ့ကိုယ်သူ ဖုံးကွယ်ထားနိုင်မှာ မဟုတ် ပါဘူး…

လတ်လတ်ဖြူ၏ မျက်လုံးအစုံမှာ စူးလက်… အရောင်တွေ တဖျပ်ဖျပ်လက်လာသည်။ သူက တစ်စုံတစ်… ပြောမည်အပြုတွင် စိုင်းနန္ဒ နေရာမှ ဖျတ်ခနဲ ထ,သည်… သူတို့ ကျောခိုင်းထားရာသို့ လှည့်ကြည့်သည်။ အမှော… ရိပ်ထဲသို့ ရိပ်ခနဲ တိုးဝင်သွားသော လူတစ်ယောက်… တွေ့လိုက်ရ၏။

“လတ်…တဲထဲကိုဝင်၊ ဒီအနားမှာ ရန်သူရှိနေပြီ၊ ဆ… အောင်ကို နှိုးပြီး ပြောလိုက်”

လတ်လတ်ဖြူက မိုးကာတဲရှိရာသို့ လျှင်မြန်စွာ … ဝင်သွားသည်။

စိုင်းနန္ဒက မှောင်ရိပ်ကျသော သစ်ပင်တစ်…



အောက်သို့ အရောက်မှာပင် သူနှင့် မလှမ်းမကမ်း ကျောက်ဆောင် ကြားမှ မပီမသ ညည်းသံကို ကြားရ၏။ စိုင်းနန္ဒက ကျောက်ဆောင်ရှိရာသို့ ခြေဖော့နင်းပြီး ပြေးသည်။

“ရွှတ်…”

ဘယ်ဘက်မှ ပေါ်ထွက်လာသောအသံကြောင့် စိုင်းနန္ဒ၏ လက်တစ်ဖက် လျှင်မြန်စွာ လှုပ်ရှားသွားသည်။ လက်ဖဝါးကို မှောက်လျက်၊ လက်ချောင်းများကိုစုလျက် သစ်ပင်အောက်တွင် ရှိနေသူ၏ လည်မျိုကို လှမ်းထိုးသည်။

စိုင်းနန္ဒ၏လှုပ်ရှားမှုက လျှပ်ပြက်သလို မြန်သည်။ စိုင်းနန္ဒ မြန်သလို သစ်ပင်အောက်မှ လူကလည်း မြန်သည်။ သူက ခေါင်းငုံ့၍ ရှောင်ပြီး စိုင်းနန္ဒ၏လက်ကို ဖမ်းဆွဲသည်။ သန်မာမြမြသော လက်၏ အဆုပ်အကိုင်ကြောင့် စိုင်းနန္ဒ ရင်ထိတ်သွားသည်။

“ငြိမ်ငြိမ်နေစမ်း၊ ရှေ့က ကျောက်ဆောင်ကြားကို ကြည့်”

ခပ်တိုးတိုးပြောလိုက်သော ဦးတိုက်အောင်၏ အသံကို ကြားရသည်။

စိုင်းနန္ဒ သက်ပြင်းချပြီး ရှေ့တူရူရှိ ကျောက်ဆောင်ကြားသို့ လှမ်းကြည့်သည်။ ကျောက်ဆောင်ကြားမှ အလင်းရောင် ရှူးရှူးသေးသေးပေါ်လာသည်။ အလင်းရောင် ဦးတည်လမ်းက တောင်အောက်ဆီသို့ ဖြစ်၏။

"မီးရောင်ကို သေသေချာချာကြည့်"

မီးက တဖျပ်ဖျပ်နှင့် လင်းလိုက် မှိတ်လိုက်ဖြစ်နေသည်။ မီးရောင်ဖြင့် အချက်ပြ ဆက်သွယ်နေကြောင်း သိလိုက်၏။ တစ်ခဏ အကြာတွင် မီးရောင် ပျောက်သွားသည်။

"ညဦးပိုင်း... ကင်းတာဝန်ကျတာ ဘယ်သူလဲ"

"ဖေသန့်ပါ ဆရာအောင်"

"ညည်းနေတာ ဒီကောင်နဲ့တူတယ်"

ဦးတိုက်အောင် ကျောက်ဆောင်ကြားသို့ လျှောက်သည်။ ကျောက်ဆောင်ကြားတွင် ခေါင်းကို အရိုက်ခံထားရသော ဖေသန့် လဲကျနေသည်။

ဒဏ်ရာကြောင့် သူ့နှုတ်မှ ညည်းသံတွေ ထွက်ပေါ်နေ၏။ စိုင်းနန္ဒက ဖေသန့်ဘေးတွင် ထိုင်ချပြီး ထူမလိုက်သည်။

"သတိပေးရုံဆော်သွားတာ ဆရာအောင်၊ ဒီကောင် သတိပြန်ရခါစမို့ ညည်းနေတာ"

"တစ်ယောက်နဲ့တစ်ယောက် လက်တွဲခဲ့တာကြာပြီဆိုတော့လဲ ဟိုကောင်က မသတ်ရက်ဘူးနဲ့တူတယ်၊ ဒါမှမဟုတ် ပြဿနာသိပ်မကြီးချင်လို့ ဖြစ်ချင်ဖြစ်မယ်"

"မီးနဲ့အချက်ပြတဲ့ကောင် သိပ်ဝေးဝေးမရောက်နိုင်သေးဘူး၊ ကျွန်တော် ထွက်ရှာချင်တယ်"





"နေပါစေ၊ အဲဒီကောင်က ဘသိန်းဇံမှန်း ငါ သိပါတယ်၊ မီးနဲ့ အချက်ပြပြီး သူ တောင်အောက်ကို ဘာသတင်းပို့တာလဲ"

"မနက်ဖြန် ဦးတည်ချက်ကိုရောက်မယ်၊ အင်အားသုံးအောက် လျော့သွားပြီ... ဆရာအောင်က သိပ်ပါးတယ်၊ သိထားပါဆိုတဲ့ အဓိပ္ပာယ်ပဲ ဆရာအောင်"

ဦးတိုက်အောင်က ခေါင်းတဆတ်ဆတ်ညိတ်ပြီး ဖေသန့်ကို ဆွဲထူလိုက်သည်။

"ဘသိန်းဇံနဲ့ တွေ့ကြတာပေါ့ကွာ"

* * *

ဖေသန့်ကို မိုးကာတဲထဲသို့ ကင်းစောင့်တစ်ယောက် ချထားပြီးသည့်နောက် ဦးတိုက်အောင်နှင့် စိုင်းနန္ဒတို့ မီးပုံဘေးမှာ ထိုင်သည်။

"နန္ဒ..."

ဦးတိုက်အောင်၏ခေါ်သံ ခပ်တိုးတိုးပေါ်လာသည်။ မီးပုံမှ မီးရောင်ဖြင့် မျက်မှောင်ကြုတ်ထားသော ဦးတိုက်အောင်၏ မျက်နှာကို မြင်ရသည်။

"မင်းကို ငါ မေးစရာရှိတယ်"

မေးပါဆိုသည့်သဘောနှင့် စိုင်းနန္ဒက ဦးတိုက်အောင်အား လှမ်းကြည့်သည်။

"မင်းတို့ ထွက်ပြေးတုန်းက ရတနာသေတ္တာကိုယူဖို့ ဘယ်လိုအကြံရတာလဲ နန္ဒ"

"အဲဒါ ကျွန်တော့်အကြံ မဟုတ်ပါဘူး ဆရာအောင်၊ သေတ္တာထဲမှာ အရေးကြီးတဲ့ စာရွက်စာတမ်းတွေ၊ ပစ္စည်းတွေ ပါတယ်ဆိုပြီး ဘသိန်းဇံက ယူခဲ့တာ၊ ရတနာသေတ္တာဆိုလဲ ကျွန်တော် မသိဘူး၊ အဲဒီအချိန်က ကျွန်တော့်မိဘတွေ ဆုံးသွားတဲ့အတွက် သောကရောက်နေတော့ စူးစူးစမ်းစမ်းလဲ မလုပ်မိဘူး၊ ဒီသေတ္တာကို စိတ်မဝင်စားလို့ ချောက်ထဲကျသွားတာကို ကျွန်တော် ပြန်မဆယ်ဘဲ နေခဲ့တာပေါ့"

"ဘသိန်းဇံကပြန်ဆယ်ဖို့ မပြောဘူးလား"

"သူ… အဲဒီအချိန်က အကြီးအကျယ်ဖျားနေတာ၊ လူမှန်းတောင် မသိဘူး၊ မြို့ကိုရောက်တာနဲ့ ချက်ချင်း ဆေးရုံတင်လိုက်ရတယ်"

ဦးတိုက်အောင် ခေါင်းတဆတ်ဆတ်ညိတ်သည်။ ရက်စက်မည့် အရိပ်အယောင်တွေပေါ်နေသော အပြုံးတစ်မျိုး သူ့မျက်နှာတွင် ပေါ်လာသည်။

"အင်း… ဘသိန်းဇံ… ဘသိန်းဇံ… ဇော်တော့်ကို လည်တဲ့ ကောင်၊ သူက မင်းနဲ့ ပေါင်းမိလို့ မှားခဲ့တာပါ၊ ဘာ





ာနဲ့ ငါ့ဆီလာတောင်းပန်တော့ ငါ သူ့ကို ယုံကြည်သွားတယ်၊ ငါလဲ လူပါးပုလင်းထိတာပါပဲ"

အပြင်ဘက်မှ လှုပ်ရှားမှုကြောင့် နိုးလာပုံရသော ကျော်စွာ မိုးကာတဲထဲမှ ထွက်လာသည်။

"သြော်… ဟော့… ကျော်စွာ… ဘသိန်းဇံကို သွားနှိုးလိုက်၊ သန်းအခြေအနေကိုလဲ ကြည့်ခဲ့…"

"ဒီမှာ ဘာဖြစ်နေတာလဲ ဆရာအောင်"

"အဲဒါကို ငါ ပြောမှာပေါ့၊ ခိုင်းတာ အရင်လုပ်"

ကျော်စွာ မိုးကာတဲဆီသို့ ပြန်လျှောက်သွားသည်။ ကျော်စွာက ဘသိန်းဇံနှင့်အတူ ပြန်ထွက်လာသည်။ ဘသိန်းဇံ က အိပ်ချင်မပြေဟန်ဖြင့် တဝါးဝါးသမ်းသည်။

"ထိုင်ကြ… မင်းတို့ အသေအိပ်နေလိုက်ကြတာ၊ အပြင်မှာ ဘာဖြစ်လို့ဖြစ်မှန်းတောင် မသိဘူး မဟုတ်လား"

"အိပ်ရာမဝင်ခင် ချမ်းလို့ အရက်သောက်တာ နည်းနည်းများသွားတယ် ဆရာအောင်၊ အိပ်ပျော်သွားတာ တုံးခနဲ ဘာမှန်းတောင် မသိလိုက်ဘူး"

ဘသိန်းဇံက မျက်လုံးအစုံကို ပွတ်သပ်ရင်းမှ ပြောသည်။

"ရန်သူက ဒီနားထိအောင် ရောက်လာတယ်ကွ၊ ငါတို့ နောက်က လိုက်တဲ့လူတွေ ရှိနေပြီ၊ ကြည့်ရတာ အိုက်ကွီနဲ့ ပတ်သက်တဲ့လူတွေဖြစ်မယ်၊ နောက်နေ့ဆို ငါတို့ဦးတည်

ချက်ကို ရောက်မယ်လို့ မှန်းတယ်၊ မင်းတို့ မပေါ်ဆ
အရက် လုံးဝ မသောက်ရဘူး၊ ကြားလား"

"ဟုတ်... ဟုတ်ကဲ့... ဆရာအောင်"

မျက်နှာသေလေးနှင့် ဦးတိုက်အောင်အား ကြည့်
သော ဘသိန်းဖဲ၏ အမူအရာကြောင့် စိုင်းနန္ဒ ကြိတ်
ပြုံးမိသည်။

ဦးတိုက်အောင်က ဘသိန်းဖဲကို စူးစူးစိုက်စိုက် ကြ
သည်။ ကြည့်နေရင်းမှ ဦးတိုက်အောင်၏မျက်နှာ တဖြည်
ဖြည်း ပြုံးလာ၏။

"ဘသိန်းဖဲ..."

"ခင်ဗျာ... ဆရာအောင်..."

"မင်း တော်တော် အမူအရာကောင်းပါလား၊ တေ
တယ်ကွာ၊ မင်း တကယ်တော်တာပဲ၊ စောစောကပဲ တော
အောက်က ကောင်တွေကို မီးနဲ့အချက်ပြပြီး အခုမှ အိပ်
က နိုးလာသလို ငါ့ရှေ့ လာထိုင်နေတာ တော်ရုံသ
မဟုတ်ဘူး"

"ဆရာအောင်... ကျွန်တော်..."

"တိတ်စမ်း... မင်း ဘာလုပ်နေသလဲဆိုတာ
သိတယ်၊ ကျော်စွာ ဒီကောင့်ကို ချုပ်ထားလိုက်၊ တိုက်အေ
က ပြဿနာကို လက်ငင်းရှင်းတတ်တယ်... သိလာ





ဘသိန်းဖဲ၊ မင်း ဘာလဲဆိုတာ ငါ အခု သိရအောင်
လုပ်မယ်"

ဦးတိုက်အောင်သည် နေရာမှ ဖြည်းညင်းစွာ ထ,
လိုက်သည်။ ကြောက်ရွံ့တုန်လှုပ်ခြင်းကြောင့် မျက်နှာ
တစ်ပြင်လုံး သွေးဆုတ် ဖြူဖျော့သွားသော ဘသိန်းဖဲကို
ပြုံးလျက် ကြည့်သည်။ အအေးသည်းသောညတွင်
ဘသိန်းဖဲ၏ နဖူးပြင်၌ ချွေးတွေ သီးစို့လာလေ၏။

* * *

## [ခုနစ်]

"ဘယ်လိုလဲ အိုက်မောင်၊ နိုးပြီလား"

အိုက်မောင်က ကွမ်းတံတွေးတစ်ချက် ပျစ်ခနဲထွေးပြီး ခေါင်းညိတ်ပြသည်။

"အနောက်ဘက်ချိုင့်ထဲကိုကြည့် ဆရာအောင်၊ မိုင်းကျွတ်ကို လှမ်းမြင်နေရပြီ၊ ဒီကနေဆိုရင် ရှစ်မိုင်ပျော့ပျော့ရှိတယ်၊ အခု ကျွန်တော်တို့ ရောက်နေတဲ့နေရာက မိုင်းကျွတ်ရဲ့ အရှေ့တောင်ဘက်ဆိုတော့ နောက်ထပ် ခြောက်မိုင်လောက် လျှောက်ရင် ကျောက်တောင်ကို ရောက်မယ်"





"မင်း ပြောတော့ ကျောက်တောင်က အမြင့်ကြီးဆို"

အိုက်မောင်က ကွမ်းစားလွန်း၍ မည်းချိတ်နေသော သွားများပေါ်အောင် ရယ်လိုက်သည်။

"ရှေ့မှာ တောင်ထိပ်တစ်ခုလုံးခံနေတာ ဘယ်မြင်ရမလဲ၊ ရှေ့က တောင်ပေါ်ကိုရောက်ရင် သေသေချာချာ မြင်ရလိမ့်မယ်"

"ဒါဆိုရင် ဆက်သွားမယ်၊ ရှေ့က တောင်ပေါ်ကိုရောက်ရင် မနက်စာစားဖို့ နားမယ်၊ ရှေ့ကကောင်တွေ သတိထား၊ တောင်ပေါ်မှာ ကျောက်ဆောင်တွေ၊ ချုံတွေများတယ်၊ ချုံခိုတိုက်ဖို့ အကောင်းဆုံးနေရာပဲ၊ ညက အသိန်းခံ လွတ်သွားတော့ ရန်သူက ငါတို့ကို ခြောင်ဝင်တိုက်ချင် တိုက်လိမ့်မယ်၊ ယက္ခနဲ့ ဖေသန့် ရှေ့ကထွက်..."

ယက္ခနှင့် ဖေသန့်တို့ ရှေ့မှ ထွက်သည်။ သူတို့နှင့် အတူ လမ်းပြ အိုက်မောင် ပါသွားသည်။ မနိမ့်မမြင့် တောင် ပေါ်မှ ဆင်းပြီး တစ်ဖက် တောင်ပေါ်သို့ တက်ကြသည်။

ဦးတိုက်အောင်နှင့် စိုင်းနန္ဒတို့ သေနတ်များကို အသင့်ကိုင်ပြီး လျှောက်သည်။ သူတို့ရှေ့မှာ လတ်လတ်ဖြူနှင့် မြရည်နန္ဒာတို့ ရှိသည်။

တောင်ပေါ်မှ ဆင်းရင်း ဦးတိုက်အောင်ထံမှ

သက်ပြင်းချသံကို ကြားရသည်။ စိုင်းနန္ဒက ဦးတိုက်အောင်၏ မျက်နှာကို အမှတ်မထင် ကြည့်မိ၏။

အမြဲတစေ တင်းမာခက်ထန်နေလေ့ရှိသော ဦးတိုက်အောင်၏ မျက်နှာမှာ မှိုင်းမှုန်သည့်အရိပ်များ ထင်နေသည်ကို တွေ့ရ၏။ ရှေ့တူရူသို့ ကြည့်နေသော ဦးတိုက်အောင်၏ မျက်လုံးအစုံမှာ ရီဝေနေသည်။

“ဆရာအောင်...”

ဦးတိုက်အောင် လှည့်ကြည့်သည်။ မျက်နှာအမူအရာက မပြောင်း။

“ဆရာအောင် နေမကောင်းဘူးလား”

ဦးတိုက်အောင်သည် ဆတ်ခနဲဖြစ်သွားသည်။ မျက်တောင် တဖျပ်ဖျပ်ခတ်လိုက်စဉ် သူ့မျက်နှာပေါ်မှ မှိုင်းညို့ဟန်များ ပျောက်သွားသည်။

“အေး...မင်း ဘာဖြစ်လို့ မေးတာလဲ၊ ငါ နေကောင်းပါတယ်၊ ဘာမှ မဖြစ်ပါဘူး”

“ဆရာအောင် မျက်နှာမကောင်းလို့ မေးတာပါ”

“ဒီလိုပေါ့ကွာ၊ တစ်ခါတစ်ခါတော့လဲ စိတ်မကောင်းတာ ရှိတာပေါ့”

ဦးတိုက်အောင် သက်ပြင်းချလိုက်သည်။ စိုင်းနန္ဒက ဆက်မမေးတော့။ တစ်ဖက်တောင်ပေါ်သို့ အတက်တွင် သတိထားပြီး ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ်ကြည့်သည်။



ရှေ့မှ သွားနေသော ယက္ခတို့သုံးယောက် တောင်ထိပ်ပေါ်သို့ ရောက်သွားသည်။ ယက္ခက တောင်ထိပ်တွင် ရပ်ပြီး အန္တရာယ်ကင်းကြောင်း လက်မြှောက်ပြသည်။ စိုင်းနန္ဒတို့က တောင်ပေါ်သို့ရောက်အောင် ခြေလှမ်းသွက်သွက်လှမ်းကာ တက်သည်။

တောင်ထိပ်တွင် ရောက်နေသော အိုက်မောင်က ကွမ်းတစ်ရာကို ပါးစပ်ထဲသို့ ထိုးထည့်ပြီး တောင်ဘက်စူးစူးသို့ ကြည့်သည်။ ဦးတိုက်အောင် အနားသို့အရောက်တွင် သူက ကြည့်နေရာဘက်သို့ လက်ညှိုးထိုးပြပြီး...

“ကျွန်တော်တို့ သွားရမယ့် တောင်ချွန်က အဲဒါပဲ ဆရာအောင်”

ဦးတိုက်အောင်က စိုင်းနန္ဒကို လှည့်ပြောသည်။ စိုင်းနန္ဒက အိုက်မောင် ညွှန်ပြသော တောင်ကို လှမ်းကြည့်သည်။ ခပ်ဝေးဝေးတွင် မှိုင်းပြာပြာနှင့် တည်ရှိနေသော တောင်မြင့်မြင့်ကြီး မြင်ရသည်။

“ကျွန်တော်ပြောတာ အဲဒီတောင်ပဲ ဆရာအောင်၊ ရတနာသေတ္တာပါတဲ့လားကျသွားတာ တောင်ညာဘက်ခြမ်းပဲ၊ အဲဒီဘက်မှာ ချောက်ကြီးရှိတယ်”

ဦးတိုက်အောင်က သစ်ပင်တစ်ပင်အောက်တွင် ထိုင်ချလိုက်သည်။ သူ့အနားသို့ရောက်လာသော ကျော်စွာအား တစ်ချက်လှမ်းကြည့်၏။

"ကျော်စွာ ဒီမှာစခန်းချဖို့ အစီအစဉ်လုပ်၊ ငါနဲ့ စဉ်းစားစရာရှိတာ စဉ်းစားလိုက်ဦးမယ်"

ဦးတိုက်အောင်က သစ်ပင်ကို ကျောမှီပြီး မျက်စိ မှိတ်ထားလိုက်သည်။ စိုင်းနန္ဒက ဦးတိုက်အောင်ကို အက ခတ်ရင်း မနီးမဝေးရှိ သစ်ပင်ရိပ်မှာ ထိုင်ချလိုက်သည် ကျော်စွာက စခန်းချရန်၊ နံနက်စာစားရန် အစီအစဉ်လုပ် သည်။ တစ်ခဏအတွင်း တောင်ထိပ်ပေါ်၌ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

လမ်းပြ အိုက်မောင်က အချက်အပြုတ်ဝါသနာပါ သဖြင့် နံနက်စာ ချက်ပြုတ်သည်။ နာရီဝက်ခန့်အကြာတွင် အိပ်ပျော်သွားသကဲ့သို့ ငြိမ်နေသော ဦးတိုက်အောင် ခေါင်း ထောင်ပြီး ပတ်ဝန်းကျင်ကို ကြည့်သည်။

"ယက္ခ၊ ဖေသန့်၊ ကျော်စွာ၊ ဒီကို လာစမ်း"

ဦးတိုက်အောင်၏ ခေါ်သံကြောင့် ချက်ပြုတ်နေသည် နေရာအနီး၌ ရှိနေသော ကျော်စွာတို့ နေရာမှ ထ,လာသည် ဦးတိုက်အောင်က စိုင်းနန္ဒကိုပါ လှမ်းကြည့်ပြီး အနားသို့ လာရန် မျက်ရိပ်ပြလိုက်သည်။ စိုင်းနန္ဒ နေရာမှထ,ပြီး ဦးတိုက်အောင်ရှေ့ မြေပြင်ပေါ် ထိုင်ချလိုက်သည်။

"ငါ မင်းတို့ကို ပြောစရာရှိလို့ ခေါ်တာ၊ မင်းတို့က ငါ့ရဲ့ တွဲဖော်တွဲဖက်တွေ၊ ငါ မင်းတို့နဲ့ လက်တွဲမဖြုတ် ချင်ဘူး၊ ဒါပေမယ့် အခုအချိန်မှာ ငါ အားလုံးနဲ့ လက်



ဖြုတ်မယ်လို့ စဉ်းစားတယ်၊ ကိစ္စပြီးရင် ငါ မင်းတို့အတွက် ဝေစုပေးမယ်၊ မင်းတို့တစ်တွေ ကိုယ့်လမ်းကိုယ်သွားကြ၊ ဒုစရိုက်အလုပ်တွေကို စွန့်ပစ်ပြီး ကောင်းကောင်းမွန်မွန် နေထိုင်ဖို့ စဉ်းစားကြပါ"

စိုင်းနန္ဒ မျက်လုံးတွေ အငြိမ်မနေ၊ ဟိုဟိုသည်သည် ကြည့်ရင်း ကျော်စွာ၏နောက်တည့်တည့် ကျောက်ဆောင် အရိပ်မှ လှုပ်ရှားမှုတစ်ခုကို တွေ့လိုက်ရသည်။

"ဆရာအောင်..."

သတိပေးသလို ခေါ်လိုက်သောအသံကြောင့် ဦးတိုက် အောင် စကားပြတ်သွားသည်။

"ဘာလဲ နန္ဒ..."

"ကျော်စွာ့နောက်တည့်တည့်က ကျောက်ဆောင်နား မှာ လူရိပ်တွေ့တယ်"

ဦးတိုက်အောင်၏ကိုယ် သတိထားဟန်ဖြင့် မတ်ခနဲ ဖြစ်သွားသည်။ သူက စိုင်းနန္ဒပြောသည့် ကျောက်ဆောင် ဆီသို့ မသိမသာလှမ်းကြည့်သည်။

"ကျွန်တော်တို့လူတွေ ကင်းစောင့်နေတာရှိတယ် ဆရာအောင်"

ကျော်စွာ့အသံပေါ်လာသည်။ ဦးတိုက်အောင် ခေါင်းခါ လိုက်၏။

"ဒါ...ကင်းသမား မဟုတ်ဘူး၊ ရန်သူပဲ၊ ဟော..."

လစ်သွားပြီ၊ ဖေသန့် မင်း ဒီမှာ နေခဲ့၊ ယက္ခက လတ်လတ်ဖြူတို့ကို စောင့်ကြည့်၊ ကျော်စွာ မင်းက ဟိုတောင်ကုန်းတည့်တည့် ကျောက်ဆောင်တန်းတန်းကိုသွား၊ အေး...နန္ဒမင်းလဲ လိုက်ခဲ့၊ ငါက ဘယ်ဘက်သွားမယ်၊ မင်းက ညာဘက်...”

ဦးတိုက်အောင်က အမ်ပီငါး စက်သေနတ်ကို လှမ်းပေးသည်။ စိုင်းနန္ဒ သေနတ်ကို လှမ်းယူပြီး နေရာမှ ခပ်သွက်သွက် ထ,သည်။ ကျော်စွာနှင့် ဦးတိုက်အောင်တို့လည်း ထိုင်ရာမှ ထ,ကြ၏။

ကျော်စွာက စမိုက်ဆာ စက်သေနတ်ကို ရှော့တီ ရှော့ရဲကိုင်ပြီး သူ ကျောခိုင်းထိုင်နေသော ကျောက်ဆောင်ရှိရာသို့ ဆင်းသည်။ ဦးတိုက်အောင်က ဂရေး(လ)ခြေမှုန်းရေးရိုင်ဖယ်ဆွဲပြီး ဘယ်ဘက်သို့ ထွက်သည်။ စိုင်းနန္ဒက အမ်ပီငါး စက်သေနတ်ကိုင်ပြီး ညာဘက်မှ ကွေ့ပတ်လျှောက်သည်။

ညာဘက်ခြမ်းမှာ ကျောက်ဆောင် ပို၍ ထူသည်။ မြေပြင်က မညီညာ၊ စိုင်းနန္ဒက ကျောက်ဆောင်များဘေးမှ ခြေဖော့နင်းပြီး မြွေလိမ်မြွေကောက် လျှောက်သည်။ လူရိပ်မြင်ခဲ့သော ကျောက်ဆောင်အနောက်ဘက်ကျကျသို့ အရောက်တွင် အရိပ်ကျပြီး အနေအထားကောင်းသော ကျောက်ဆောင်တန်းပေါ်သို့ ခက်ခက်ခဲခဲတက်သည်။



ကျောက်ဆောင်ပေါ်အရောက်တွင် ကျောက်ဆောင်စွန်းသို့ မိကျောင်းသွားသွားပြီး ထိုးချ၏။

တောင်ထိပ်သို့ ပြန်ကြည့်လျှင် မြင်၊ တောင်အောက်သို့ ကြည့်လျှင်လည်း မြင်သော နေရာကို စိုင်းနန္ဒ ရွေးလိုက်သည်။

သူက အဆင့်ဆင့်အထပ်ထပ်ရှိနေသော တောင်ဘက်ကျောက်ဆောင်များဆီသို့ ကြည့်သည်။

တောက်ပပူနွေးသော နေရောင်ခြည်အောက်တွင် မြင်ကွင်းတစ်ခုလုံး ငြိမ်နေ၏။ သူက ကျော်စွာနှင့် ဦးတိုက်အောင်တို့ ရှိနေမည့်ဘက်များသို့ ကြည့်သည်။ ထိုနေရာများမှာလည်း လှုပ်ရှားမှုမရှိ။ ငြိမ်သက်နေလွန်းသည်ကို သူသဘောမကျ ဖြစ်လာသည်။

သူက မှောင်ရိပ်ကျသော ကျောက်ဆောင်များကြားသို့ အားပြုစိုက်ကြည့်သည်။ ဘယ်ဘက်ခြမ်းဆီမှ လက်ခနဲရောင်ပြန်တစ်ချက် ပေါ်လာသည်။ သေနတ်မှ သံပါသော အစိတ်အပိုင်း တစ်ခုခု ရောင်ပြန်ဟပ်ခြင်း ဖြစ်သည်။ ထိုနေရာ၌ ရှိနေသူမှာ ဦးတိုက်အောင် ဟု သူ ခန့်မှန်းလိုက်၏။

ရှေ့တည့်တည့် ကျောက်ဆောင်များကြားမှ လှုပ်ရှားမှုတစ်ခုကို ရိပ်ခနဲ တွေ့ရသည်။ စိုင်းနန္ဒ၏ခေါင်းထဲတွင် အန္တရာယ်များ အချက်ပေးခေါင်းလောင်းသံ မြည်သွား၏။

သူက ကျောက်ဆောင်စွန်းတွင် သေနတ်ကို မေးတင်ပြီး လှုပ်ရှားမှုပေါ်လာရာသို့ ကြည့်သည်။

ကျောက်ဆောင်ဘေးမှ လူတစ်ယောက် ထွက်လာသည်။ လူချည်းသက်သက် မဟုတ်၊ မြင်းတစ်ကောင်ကို ဆွဲလာသည်။

စက်သေနတ်၏ ထိရောက်မှုနှင့် အလှမ်း ကွာသဖြင့် စိုင်းနန္ဒက ရန်သူကို မပစ်သေးဘဲ ငြိမ်ကြည့် နေသည်။

ဦးတိုက်အောင်တို့က မြင်းဆွဲလာသူကို မြင်ပုံမရ။ စောင့်ကြည့်နေလျှင် ရန်သူ ဝေးသည်ထက်ဝေးသွားမှာကို တွေးမိပြီး သေနတ်မောင်းကို ဆွဲလိုက်သည်။ ပေါက်ကွဲသံနှင့်အတူ ကျည်ဆန်တွေ ပြေးထွက်သွား၏။

ကျယ်ကျယ်လောင်လောင် ပေါက်ကွဲမြည်ဟည်းသွားသော်လည်း ကျည်ဆန်တွေက ရန်သူကို မထိ၊ ရန်သူ အနားသို့ မရောက်။ ရန်သူက ပုန်းလျှိုးကွယ်လျှိုး လုပ် မနေတော့ဘဲ မြင်းပေါ်သို့ ခုန်တက်သည်။

"ဒိုင်း...ဒိုင်း..."

ရိုင်ဖယ်သံနှစ်ချက် ဆက်တိုက် ပေါ်လာသည်။ သေနတ်သံက ဆက်နေသည်။ တိုပြီး ပြတ်သည်။ မြင်းပေါ်မှလူ ကျောက်ဆောင်ကြားသို့ ထိုးကျသွားသည်။ မြင်းက လန့်ဖျပ်ပြီး တောင်အောက်သို့ ပြေးဆင်းသွားသည်။

စိုင်းနန္ဒ နေရာမှထ,ပြီး ကျောက်ဆောင်အောက်သို့ လွှားခနဲ ခုန်ဆင်းသည်။ ရန်သူထိုးကျသွားသော ကျောက်ဆောင်ရှိရာသို့ ပြေးထွက်သည်။ ထိုနေရာသို့ မရောက်ခင် ကျော်စွာနှင့်ဆုံပြီး နှစ်ယောက်အတူ ဆက်ပြေးသည်။

ကျောက်ဆောင်နှစ်ခုကြားသို့ သူတို့ပြေးဝင်မိသည်နှင့် ဦးတိုက်အောင်ကို ဘွားခနဲ တွေ့ရသည်။ ဦးတိုက်အောင်က ရိုင်ဖယ်ကို အသင့်ကိုင်ပြီး သူ့ခြေရင်းတွင် လဲကျနေသူအား ကြည့်သည်။ ဦးတိုက်အောင်၏ခြေရင်းတွင် လဲကျသေဆုံးနေသူမှာ ဘသိန်းဇံပင် ဖြစ်သည်။

"ဒီကောင်ဟာ ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ တွေ့ပြီ မဟုတ်လား၊ ညတုန်းက ထွက်ပြေးသွားတယ်၊ ခုတစ်ခါ ငါတို့ကို အကဲစမ်းဖို့ ပြန်လာတယ်။ ညတုန်းက ငါ့ရိုက်ချက်တစ်ချက်တည်းနဲ့ သတိလစ်သွားလို့ သေသေချာချာ မစစ်ဆေးလိုက်ရတာ သိပ်နာတယ်။ အဲဒီတုန်းက တကယ်သတိလစ်တာမဟုတ်ဘဲ၊ ဟန်ဆောင်တာ ဖြစ်ချင်ဖြစ်မှာ"

စိုင်းနန္ဒက ဘသိန်းဇံဘေးတွင် ဒူးထောက်ထိုင်သည်။ ဘသိန်းဇံ၏ကိုယ်ကို စမ်းသပ်ရှာဖွေသည်။ သူ့ခါးကြားမှ ဝေါ့ကီတော့ကီကို တွေ့သဖြင့် ဦးတိုက်အောင်အား လှမ်းပေးလိုက်သည်။

"ဘသိန်းဇံဆီမှာ ဝေါ့ကီတော့ကီပါတယ်ဆိုတော့ ရန်သူတွေ အဝေးကြီးမှာ မဟုတ်ဘူး၊ ဒီပတ်ဝန်းကျင်မှာပဲ

ရှိလိမ့်မယ်။ ဒီကောင့်ကို ကျောက်ဆောင်ကြားမှာ မြှုပ်ခဲ့ပြီး တောင်ပေါ်ပြန်တက်မယ်။ ရှေ့ဆက်ပြီး ဖုံးကွယ်သွားနေဖို့ မလိုတော့ဘူး၊ ဖြောင့်ကျကျပဲ၊ သွားမယ်...နောက်က လိုက်လာတဲ့ ကောင်နဲ့ သူတင် ကိုယ်တင် ဆော်ကြတာပေါ့ ကွာ”

* * *

“ဝန်တင်လားကျသွားတာ ဒီနေရာပဲ ဆရာအောင်”

“သေချာတယ်နော် နန္ဒ”

စိုင်းနန္ဒ ခေါင်းညိတ်ပြသည်။

“မင်း အောက်ဆင်းပြီးရှာပါ နန္ဒ၊ သတိထားနော်၊ နောက်က လိုက်လာတဲ့ကောင်တွေထဲမှာ လက်ဖြောင့် သေနတ်သမားတွေ ပါလိမ့်မယ်”

စိုင်းနန္ဒ ခေါင်းညိတ်သည်။ ပြီး သေနတ်ကိုကိုင်ကာ ချောက်ထဲသို့ စ,ပြီး ဆင်းသည်။ အဆင်းလမ်းအစတွင် ခက်ခက်ခဲခဲမရှိ။ ခရီးတစ်ဝက်သို့ရောက်မှ ထောင်ထားသလို ရှိသော ကျောက်သားပြင်များနှင့် တွေ့ရသည်။ ခုန်ချ တန်လျှင်ခုန်ချ၊ ဘေးသို့ ကွင်းပတ်ပြီး လျှောက်သင့်လျှောက် နှင့် သူက တောင်အောက်သို့ ဆက်ဆင်းသည်။

တောင်အောက်သို့ရောက်အောင် ဆင်းနေရသည်မှာ



အပင်ပန်း အခက်ခဲဆုံး အလုပ်တစ်ခုကို လုပ်နေရသည်နှင့် တူသည်။ ခြေနှင့်လက်ကို မြဲအောင် ထိန်းရသည်။ ခြေလှမ်း တစ်ချက်မှားလျှင် ကျောက်ဆောင် ကျောက်တုံးများကြား သို့ ကားခနဲ ကျသွားလိမ့်မည်။ ထိုသို့ အကျမှာ သေလျှင် သေ၊ မသေလျှင် ပြင်းပြင်းထန်ထန် ဒဏ်ရာ ရသွားနိုင် သည်။

စိုင်းနန္ဒက လက်မြဲအောင် ကျောက်စွန်း ကျောက် စွယ်များကို ကုတ်တွယ်သည်။ ချိုင့်ခွက်များ၊ အဖုအထစ် များကို ခြေဖြင့် နင်းသည်။

လက်တစ်ဖက်လွှတ်၊ ကိုင် စရာရှာ၊ မြဲမြဲကိုင်မှ ခြေတစ်ဖက်ကို စ,ပြီး နောက်လက် တစ်ဖက်ကို လွှတ်၊ ကိုင်စရာရှာပြီး ခြေချနှင့် တရွေ့ရွေ့ဆက်ဆင်းသည်။ တောင်အောက်သို့ မရောက်ခင် သူ့လက်မောင်းတွေ လေးလာ၊ ခြေသလုံးတွေ တောင့်လာသည်။

အောက်ဆင်းနေရာမှ သူက အမှတ်မထင် အပေါ်သို့ မော်ကြည့်သည်။ ထိုအခါ သူ ဆင်းလာသည့် ခရီးမှာ ကြောက်ခမန်းလိလိရှိနေကြောင်း သတိပြုမိ၏။

သည်မျှ ကျောက်ဆောင် ကျောက်တုံး ထူထပ်ရာတွင် အပေါ်မှ ကျလာသည့်“လား” အောက်ခြေသို့ မရောက်ဘဲ တစ်နေရာရာတွင် တင်နေနိုင်ကြောင်း သူ စဉ်းစားမိသည်။

ထို့ကြောင့် သူက ဟန်ဟန်ပန်ပန်ရပ်နိုင်သော ကျောက်ဖျာ

တစ်ချပ်ပေါ်တွင် ရပ်နားသည်။ ကျောက်ဖျာပေါ်မှနေ၍ အောက်ဘက်၊ ဘေးဘက်များသို့ ကြည့်သည်။

ကျောက်ဖျာအစွန်းတစ်ဝက် ကျောက်တုံးနှစ်တုံးကြား မှာ သံသေတ္တာကို သူ တွေ့သည်။ သူက သံသေတ္တာရှိ နေရာသို့ တိုးရွေ့၏။

သံသေတ္တာမှာ ကျောက်ဆောင်ဘေးသို့ အကျတွင် ကျောက်စွန်းများနှင့် ရိုက်မိပြီး ပိန်သည့်နေရာ ပိန်၊ ချိုင့်သည့် နေရာချိုင့်ကာ ပတ္တာများဟနေသည်ကိုတွေ့ရ၏။ သံသေတ္တာ တွင် ခတ်ထားသည့် သော့ခလောက် မှာမူ ပွင့်ဟနေခြင်း မရှိပေ။

သူက အနီးအနားတွင်ရှိနေသော ကျောက်တုံးတစ်တုံး ဖြင့် သံသေတ္တာကို ရိုက်ဖွင့်သည်။ အကြိမ်ကြိမ်ရိုက်မှ ပတ္တာပြုတ်ထွက်သွား၏။

သေတ္တာထဲတွင် ကောက်ရိုးခြောက်များ ပြည့်နေ သည်။ ကောက်ရိုးခြောက်များကို ဖယ်လိုက် သည့်အခါ သံသေတ္တာငယ်လေးတစ်လုံးကို တွေ့ရသည်။

"စိုင်းနန္ဒ...အဲဒီသေတ္တာလေးကို ဒီဘက်ပစ်ပေးလိုက် စမ်းပါ"

ရုတ်တရက် ပေါ်ထွက်လာသည့်အသံကြောင့် စိုင်းနန္ဒ ဆတ်ခနဲ လှမ်းကြည့်သည်။ သူ့နောက်တွင် ရပ်နေသော ဖေသန့်ကို တွေ့ရ၏။



ဖေသန့်လက်မှ ရှမိုက်ဆာ စက်သေနတ်ပြောင်းက သူ့ကို တည့်မတ်စွာ ချိန်ရွယ်ထားသည်။

"ဖေသန့်...မင်း သစ္စာဖောက်တာပေါ့...ဟုတ်လား"

"သစ္စာဖောက်တာ မဟုတ်ဘူး၊ သစ္စာရှိတာ...အချိန် မရှိဘူး၊ သေတ္တာကို မြန်မြန်ပေးစမ်း"

"ရော့..."

စိုင်းနန္ဒက သံသေတ္တာလေးကို ဖေသန့်ထံ ပစ်ပေး လိုက်သည်။ သံသေတ္တာမှာ ဖေသန့်ထံ အရှိန်ပြင်းစွာ ပြေး ဝင်သည်။

ဖေသန့်က သံသေတ္တာလေးကို ဖမ်းယူသည်။ ထိုအချိန် ကလေးမှာပင် စိုင်းနန္ဒက ဖေသန့်ထံ လှစ်ခနဲ လှစ်ခနဲ ခုန်ဝင်သည်။ သေတ္တာရိုက်ဖွင့်တုန်းက သေနတ်ကို ချထား မိသဖြင့် သူ့လက်ထဲမှာ ဘာမျှမရှိ။ ထို့ကြောင့် သေနတ်ကိုင် ထားသည့် ဖေသန့်၏လက်ကို ရိုက်ချသည်။

ဖေသန့် လက်ထဲမှသေနတ် လွတ်ကျသွား၏။ တစ် ချက်တည်းမှာပင် စိုင်းနန္ဒ ခုန်ဝင်လာသဖြင့် ကပျာကယာ ရှောင်သည်။ ရှောင်ရင်းထွက်၍ ဆုတ်သည်။ စိုင်းနန္ဒက ဖေသန့်အား မီးတောက်မီးလျှံပမာ အရောင်လက်နေသော မျက်လုံးများဖြင့် ကြည့်သည်။ ဖေသန့်ကလည်း ကျောက်ဖျာပေါ် ခြေမြဲအောင်ရပ်ပြီး စိုင်းနန္ဒအား ကြည့် သည်။

“ဒီသေတ္တာလေးက မင်းအတွက် ဘာတန်ဖိုးမှ မရှိဘူး နန္ဒ...”

“ငါ့အတွက် တန်ဖိုးမရှိပေမယ့် မင်းအတွက်တော့ တန်ဖိုးရှိတယ်ပေါ့...ဟုတ်လား...ဖေသန့်”

“နေဦး နန္ဒ...မင်းကို ငါ ပြောပါရစေဦး”

စိုင်းနန္ဒ၏ ညာလက်ကောက်ချွန် တန်းထွက်လာသည်။ ဖေသန့်က ဝီခေါ်ပြီး ဝင်လာသော လက်ခေါက်ချွန်ကို သူ၏ညာလက်ဖျံနှင့် ရိုက်ပယ်သည်။ တစ်ဆက်တည်းပင် လက်ဝါးစောင်းဖြင့် စိုင်းနန္ဒ၏နားထင်ကို ခုတ်သည်။ စိုင်းနန္ဒက လက်ဝါးဖြင့် ပုတ်ပစ်သည်။

လက်ချင်းအထိမှာ ဖြောင်းခနဲ မြည်သွားသည်။ စိုင်းနန္ဒက ဘယ်ခြေညာခြေထပ်ပြီး ခုန်သည်။ ကျောက်ဖြာပေါ်မှ ခြေအကြွတွင် ဘယ်ခြေ ဝဲခနဲ မြောက်တက်သွားသည်။

စိုင်းနန္ဒက မျက်နှာဆီသို့ တန်းဝင်လာသော ခြေဖဝါးစောင်းကို ခေါင်းငုံ့ပြီး ရှောင်သည်။ သို့သော် လေထဲတွင် တစ်ပတ်လှည့်ပြီး နောက်ပြန်ပေါက်လိုက်သော ဖနောင့်ချက်ကိုမူ လွတ်အောင် မရှောင်နိုင်။ သူ့ပါးစပ်မှ အွတ်ခနဲ မြည်သွားသံနှင့်အတူ နောက်သို့ ယိုင်သွားသည်။

“နန္ဒ...နေ...နေပါဦး...ငါ...သေတ္တာတောင်းတာ ဆရာအောင်ကို ပေးဖို့ပါ...”



“ဘာ...ဆရာအောင်ကိုပေးဖို့ ဟုတ်လား၊ ဒါဖြင့်ရင် ငါ့ကို မယုံလို့ပေါ့”

“ဒီလိုလဲ မဟုတ်ပါဘူး၊ မင်း ချောက်ထဲဆင်းပြီးတော့ ဆရာအောင်က ငါ့ကိုပါ ဆင်းခိုင်းတယ်၊ ရတနာသေတ္တာကို ယူခဲ့လို့လဲ မှာလိုက်တယ်”

“ခွေးကောင်...အဲဒါ မင်းကို သပ်သပ်ရှာခိုင်းတာကွ၊ စိုင်းနန္ဒ ရှာတွေ့ရင် လုဖို့ ခိုင်းလိုက်တာ မဟုတ်ဘူး၊ လာ... အပေါ် တက်ကြမယ်၊ အပေါ်မှာ ရန်သူတွေ ရောက်နေပြီ”

ဦးတိုက်အောင်က သံသေတ္တာသော့ကို ကောက်ယူပြီး အပေါ်သို့ သွက်လက်ဖျတ်လတ်စွာ တက်သည်။ ထိုစဉ် အပေါ်မှ သေနတ်သံများ တခဲနက် ပေါ်လာသည်။

“လာ...မြန်မြန်လာ”

စိုင်းနန္ဒက ကျောက်တုံးနှစ်ခုကြားတွင်ရှိနေသော သေနတ်ကို လှမ်းကြည့်သည်။

“နန္ဒ...သေနတ်ကို ကြည့်မနေနဲ့၊ ဟောဒါယူထား”

ဦးတိုက်အောင်က အမ်ခြာ စက်ပစ္စတိုကို လှမ်းပေးသည်။ စိုင်းနန္ဒက စက်ပစ္စတိုယူပြီး လှန်ခေါက်ထားသည့် သံမဏိဒင်ကို ဆွဲဆန့်သည်။ သေနတ်ကိုယ်ထည်ဘေးရှိ ဗို့သီးနှစ်ခုကို ဆွဲပြီး မောင်းတင်သည်။

“ဆရာအောင်...ညီမလေးတို့ကော...”

"သူတို့ ဟိုဘက်လှိုဏ်ထဲ ရောက်နေပြီ၊ ငါတို့ ဒီကနေ လှိုဏ်ဘက် ဖြတ်ထွက်မယ်၊ ဟိုကနေ သံလွင်မြစ်ဘက် ဖြတ်ထွက်မယ်"

အပေါ်မှ သေနတ်ကျည်ဆန်တွေ ကျောက်ဖျာကို တဖြန်းဖြန်း လာမှန်သည်။ စိုင်းနန္ဒတို့ အပေါ်သို့မတက်ဘဲ ဘေးတိုက် ရွေ့လျားခဲ့ကြလေ၏။

* * *

[ရှစ်]

သေနတ်သံတွေက အဆက်မပြတ်။ ကျည်ဆန်တွေ ကျောက်ဆောင် ကျောက်တုံးတို့ကို လာမှန်သဖြင့် ကျောက်စ ကျောက်နတွေ ဖွာခနဲ ဖွာခနဲ လွင့်စဉ်သည်။

စိုင်းနန္ဒတို့ တုံ့ပြန်ပစ်ခတ်ခြင်းမရှိ။ ကျောက်ဆောင် ကျောက်တုံးများကို အကာအကွယ်ယူပြီး ရွေ့သွားသည်။ ကျောက်စွန်းနှစ်ခုကို ကျော်ဖြတ်ပြီးသည်နှင့် သူက ကျောက် တုံး တစ်တုံးအကွယ်မှာ ရပ်ကာ ဘေးဘီကို ကြည့်သည်။ ရှေ့တွင်လည်းကောင်း၊ ဘေးတစ်ဖက်တစ်ချက်တွင်လည်း

ကောင်း၊ ဖေသန့် အရိပ်အယောင်ကိုမျှ မမြင်ရ။ စိုင်းနန္ဒ မသိမသာ မျက်မှောင်ကြုံ့ပြီး ရှေ့တိုးသည်။

မလှမ်းမကမ်းမှ ကျောက်ဆောင်တစ်ခုမှာ လွင့် လာသည်။ စိုင်းနန္ဒ ခေါင်းထောင်ကြည့်လိုက်၏။ သူ့ဘ သို့ ကျော်ပေးထားသော ဦးတိုက်အောင်ကို တွေ့သည် ဦးတိုက်အောင်၏နောက်မှာ ဖေသန့်၊ ကျောက်ဆောင် စွန်း မှီပြီး ရပ်နေသော ဦးတိုက်အောင်က သူ့အခြေအနေ သိပုံမရ။

ဖေသန့်၏သေနတ်ပြောင်း ဦးတိုက်အောင်ဘက် သို့ လှည့်သွားသည်။ စိုင်းနန္ဒက ပစ္စတိုမောင်းကွင်းထဲမှ လက် ညင်သာစွာ လှုပ်ရှားသည်။ သေနတ်မောင်းကို အသာအယာ ဖိညှစ်လိုက်သည်။

ကျည်ဆန်တွေ ဝေါခနဲထွက်သွားသည်။ ဖေသန့်မှာ အကန်ခံလိုက်ရသူပမာ နောက်သို့ လန်ကျသည်။ စိုင်းနန္ဒက ဖေသန့်ရှိရာသို့ ပြေးဝင်သည်။

"ဘယ်လိုဖြစ်တာလဲ နန္ဒ..."

"ဒီကောင် ဆရာ့အောင့် နောက်ကနေ ပစ်မယ်လုပ် နေတာတွေ့လို့ ကျွန်တော် လက်ဦးအောင် ပစ်လိုက် တာပါ"

ဦးတိုက်အောင်က ယိမ်းယိုင်သွားသော ကိုယ်ကို ထိန်းလိုက်သည်။ သူ့မျက်နှာ တင်းမာခက်ထန်သွား၏



က ဖေသန့်ကို တစ်ချက် ကြည့်သည်။ ဖေသန့် မလှုပ် တော့။ သူ့ကိုယ်မှာ သွေးတွေ လိမ်းကျံထားလျက် ရှိသည်။

"သူ့ကိုထားခဲ့ နန္ဒ...ငါတို့ သံလွင်ကို ဖြတ်ကူးပြီး ြီးရမယ်"

စိုင်းနန္ဒ ရှေ့ကို တိုးထွက်သည်။ အပေါ်ဘက်မှ ပစ်သံ တ်သံများကို ကြားနေရဆဲဖြစ်သည်။ သို့သော် ကျည်ဆန် တွေ တောင်အောက်သို့ ရောက်မလာတော့။

"အပေါ်မှာ တိုက်ပွဲဖြစ်နေပြီနဲ့တူတယ် နန္ဒ..."

"ဟုတ်တယ်၊ အပြန်အလှန်ပစ်ခတ်သံတွေ ကြားနေ တယ်၊ ကျွန်တော်တို့နောက်——လိုက်တဲ့အဖွဲ့ကို နောက်အဖွဲ့ ဝင်ဆော်တာဖြစ်မယ်"

"ငါ...ငါတို့အတွက် အခွင့်အရေးပဲ...မြန်မြန်လာ..."

ကျောက်ဆောင် ကျောက်တိမ်များကြားမှ ထွက်သည် င် လှိုဏ်တစ်ခုသို့ ရောက်သည်။ ထိုလှိုဏ်ထဲတွင် ကျော်စွာ နေ၏။

"ကျော်စွာ...လတ်လတ်ဖြူတို့ကော..."

"သူတို့က ရှေ့က သွားနေတယ်၊ ရှေ့နားမှာ သံလွင် စ်ကို ဖြတ်ကူးလို့ ရမယ့်နေရာရှိတယ်လို့ အိုက်မောင်က ပြောတယ်၊ ကျွန်တော်တို့နောက်က အဖွဲ့တစ်ဖွဲ့မဟုတ်ဘူး၊ ဖွဲ့တောင် လိုက်လာတာဆိုတော့ သံလွင်ဟိုဘက် မြန်မြန် ရောက်မှ ဖြစ်မယ်"

ကျော်စွာက ဦးတိုက်အောင် လက်ထဲမှ သံသေတ္တာကို ဖျတ်ခနဲကြည့်ပြီး ပြောသည်။ ဦးတိုက်အောင်က ခေါင်း တစ်ချက် ဆတ်ခနဲ ညိတ်လိုက်၏။

"ဒီအစီအစဉ်ကောင်းပါတယ်၊ မင်း ရှေ့ကနေသွား"

ကျော်စွာ ချက်ချင်းလှည့်ထွက်သွားသည်။ ဦးတိုက်အောင်နှင့် စိုင်းနန္ဒတို့က အနည်းငယ် နောက်ချန်နေခဲ့ပြီးမှ လိုက်သည်။

"နန္ဒ...မင်းကို ငါ...ပြောစရာရှိတယ်"

"အန္တရာယ်ပတ်လည်ဝိုင်းနေချိန်မှာ စကားစ,လာသော ဦးတိုက်အောင်ကို စိုင်းနန္ဒ နားမလည်နိုင်ဟန်ဖြင့် ကြည့်သည်။

"အခုအခြေအနေက ပြောစရာရှိတာ ပြောထားရမယ့် အခြေအနေမို့ပါ၊ ငါ...ဒီသေတ္တာလေး ဆွဲလုလိုက်ပြီး ဒီအထဲမှာ ဘာရတနာမှ မရှိဘူး၊ ဖော်မြူလာတစ်ခုနဲ့ မှတ်တမ်းတွေပဲ ရှိတယ်၊ ဖော်မြူလာက သိန်းပေါင်းထောင်နဲ့ချီပြီး တန်တယ်၊ လွန်ခဲ့တဲ့ ခြောက်နှစ်တာက ပြန်ပေးအဆွဲခံပြီး ပျောက်သွားတဲ့ ဒေါက်တာစက်ရှိန် ရှာဖွေတွေ့ရှိထားတဲ့ စိတ်ပြောင်းဆေး ဖော်မြူလာပဲ၊ မှတ်တမ်းတွေကတော့ လူတစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာတွေပါ၊ အဲဒီမှတ်တမ်းတွေကို ကာယကံရှင်က သိန်းရာနဲ့ချီပြီး ပေးဝယ်မယ် ကမ်းလှမ်းထားတယ်"



"ဒါ...ဘယ်သူမှ မသိတဲ့ လျှို့ဝှက်ချက်တွေပဲ ဆရာအောင်၊ ဒီအကြောင်းတွေ ကျွန်တော့်ကို ဘာဖြစ်လို့ ပြောပြတာလဲ"

"မင်းကို ငါ အကူအညီ တောင်းစရာရှိလို့ပါ၊ အစကတော့ ငါ ဒီသေတ္တာလေးကို ရောင်းစားဖို့ စိတ်ကူးထားတယ်၊ အခု ငါ စိတ်ပြောင်းသွားပြီ၊ ဒါတွေကို သက်ဆိုင်ရာလက်ထဲ အပ်ရမယ်၊ ငါ မရှိတော့ရင် မင်းက ငါ့ကိုယ်စား ဒီတာဝန်ယူပါ"

"ဆရာအောင်...ကျွန်တော်..."

"ငါ ပြောတာကို နားထောင် နန္ဒ၊ ငါ့ဘဝတစ်လျှောက်လုံးမှာ ကောင်းတာဆိုလို့ ဘာတစ်ခုမှ မလုပ်ခဲ့ဘူး၊ အခု... ငါ တစ်သက်လုံး မလုပ်ခဲ့တဲ့အလုပ်ကို လုပ်မယ်၊ ရော့... အဲဒီသေတ္တာကိုယူထား၊ နောက် မင်းကို ငါ မှာစရာတစ်ခု ရှိတယ်၊ လတ်လတ်ဖြူကို စောင့်ရှောက်ပါကွာ...သူ...သူ... ဟာ ငါ့သမီးပါ၊ သူ ပြောတဲ့ ဘယ်ဘက်ရင်အုံမှာ ဓားဒဏ်ရာနဲ့ ဗိုလ်မိုးဆိုတာ ငါပဲ..."

စိုင်းနန္ဒ အံ့အားသင့်ပြီးရင်း အံ့အား သင့်သွားရသည်။

လတ်လတ်ဖြူရှာနေခဲ့သော ဦးမိုး မိုး...တာဝန်မကျေခဲ့သော လတ်လတ်ဖြူ၏ဖခင်မှာ ဦးတိုက်အောင်ပါလားဟု သိလိုက်ရသဖြင့် ရင်မှာ နင့်ခနဲ ခံစားလိုက်ရ၏။

"ရော့...ဒါဟာ ငါပိုင်ပစ္စည်းပဲ၊ ဒီပစ္စည်းကို သမီး အတွက် ပါ ပေးခဲ့ချင်တယ်"

"ဆရာအောင် ဘာဖြစ်လို့ ဒီစကားတွေ ပြောနေတာလဲ"

စိုင်းနန္ဒက ဦးတိုက်အောင် လှမ်းပေးနေသော ရှမိုင်း အညိုရောင်နုနုဖြင့် ချုပ်ထားသည့် လက်တစ်ဝါးစာ အိတ်ကလေးကို မယူသေးဘဲ မေးလိုက်သည်။

"ဒီအိတ်ကို အရင်ယူထားလိုက်၊ အိတ်ထဲမှာပါတာ စိန်တွေချည်းပဲ၊ ငါ ဘာဖြစ်လို့ မင်း လက်ထဲ ဒါတွေ အပ်ရသလဲဆိုတော့ ဒီ...မှာ...ကြည့်..."

ဦးတိုက်အောင်က သူ ဝတ်ထားသော ဂျာကင်ကို ဟပြသည်။ သူ့ရင်ဘတ်ပေါ်တွင် သွေးကွက်ကြီးတစ်ကွက် ရှိနေသည်ကို တွေ့လိုက်ရ၏။

"အပေါ်က ပစ်လိုက်တဲ့ ကျည်ဆန် ငါ့ကို လာထိတာပဲ၊ ငါ့အတွက် အခြေအနေ မကောင်းနိုင်တော့ဘူး၊ ငါ့ဘာသာ ငါ သိတယ်"

"စိတ်ဓာတ်မကျပါနဲ့...ဒါလောက်နဲ့ ဆရာအောင် ဘာမှ မဖြစ်နိုင်ပါဘူး"

ဦးတိုက်အောင် အားနည်းပင်ပန်းစွာ ပြုံးလိုက်သည်။ ရုတ်တရက် စိတ်လျှော့လိုက်ဟန်ဖြင့် သူ၏ခန္ဓာကိုယ် ယိမ်းယိုင်သွား၏။



"ဆရာအောင်..."

ဦးတိုက်အောင် ပြုံးသည်။ သူက တစ်စုံတစ်ရာ ပြောရန် ကြိုးစားရင်း ရှေ့ကို ငိုက်ခနဲ ထိုးကျသွားလေ၏။

* * *

အပေါ်ဘက်မှ သေနတ်သံတွေ တဖြည်းဖြည်း နီးလာသည်။ စိုင်းနန္ဒက အသက်ကင်းမဲ့နေပြီဖြစ်သော ဦးတိုက်အောင်အား တွေတွေကြီး ကြည့်သည်။ သူက ဦးတိုက်အောင်ကို မြေမြှုပ်သင်္ဂြိုဟ်ပေးချင်နေ၏။ သေနတ်သံများ နီးလာသည့်အခါ သေဆုံးသွားသူထက် အသက်ရှင်နေသူများကို ဦးစားပေးရမည်ဟု စဉ်းစားပြီး ကျော်စွာ ပြေးထွက်သွားရာနောက်သို့ လိုက်သည်။

သူ လှိုဏ်အပြင်သို့ မရောက်ခင် ဆူညံစွာ မြည်ဟည်းသွားသော သေနတ်သံများကို ကြားရသည်။ ကျည်ဆန်တစ်တောင့် သူ့လက်ကို လာထိသဖြင့် ကိုင်ထားသည့် သံသေတ္တာလေး လွင့်ကျသွားသည်။ သူက သေတ္တာကို ပြန်ကောက်မည်အပြုတွင် ဘယ်ညာနှစ်ဖက်မှ ပစ်လိုက်သည့် ကျည်ဆန်တွေ ပြေးဝင်လာသဖြင့် ကိုယ်ကို မြေပြင်ပေါ်သို့ လှိမ့်ချပြီး ရှောင်သည်။ သစ်ပင်တစ်ပင် ခြေရင်းသို့ ရောက်သည်နှင့် သူက ထ,ရပ်ပြီး မြွေလိမ်မြွေကောက် ပြေးသည်။

ပြေးလွှားရင်း သံလွင်မြစ်အနီးသို့ အရောက်တွင် လေးဖက်လေးတန်မှ ညှပ်ပိတ်လာသော ရန်သူများကို တွေ့ရသည်။ သူက သစ်ပင်တွေကို အကာအကွယ်ယူကာ ပြေးရင်း သစ်ပင်တစ်ပင်ပေါ်သို့ တက်လိုက်သည်။ ထိုသစ်ပင်ပေါ်မှ သံလွင်မြစ်ကို တွေ့ရသကဲ့သို့ မြစ်တစ်ဖက်ရှိ မြေကွက်လပ်ကိုလည်း မြင်ရသည်။

သူ ရှိရာဘက်သို့ တဟုန်ထိုး ပြေးလာနေသော သဏ္ဌာန်တစ်ခုကို တွေ့ရသည်။ ပြေးလာသူမှာ မြရည်နန္ဒာမှန်း သိသည်နှင့် သူ သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်သည်။

"ညီမလေး...ညီမလေး...ဒီကိုလာ..."

မြရည်နန္ဒာက စိုင်းနန္ဒကို မြင်သွားသည်။ သူ့ အားသွန်ပြီး ပြေး၏။ သေနတ်သံတစ်ချက် ဒိုင်းခနဲ ပေါ်လာပြီး မြရည်နန္ဒာ ရှေ့ကို ထိုးကျသွားသည်။

"ညီမလေး...ညီမလေး..."

စိုင်းနန္ဒ ရှေ့ကို အားသွန်ပြီး ပြေးသည်။ လက်ထဲမှ စက်ပစ္စတိုဖြင့် ရမ်းပစ်ခတ်သည်။ သူ့ပစ္စတိုကျည်ဆန်က မြရည်နန္ဒာနောက်သို့ ပြေးလိုက်လာသူကို ထိမှန်သည်။ ထိုသူ ခွေခနဲ လဲကျသွား၏။

"ညီမလေး..."

စိုင်းနန္ဒ မြရည်နန္ဒာအနားသို့ ရောက်သွားသည်။ သူသည် မြေပြင်ပေါ် ဒူးထောက်ထိုင်ချပြီး မြရည်နန္ဒာကို



ပွေ့ချီလိုက်သည်။ မြရည်နန္ဒာ၏ရင်တစ်ပြင်လုံး သွေးဖြင့် ချင်းချင်းနီနေသည်။

"ညီမလေး..."

မြရည်နန္ဒာ၏ မှေးစင်းနေသော မျက်လုံးအစုံ ပွင့်လာသည်။

"ကိုကို...ညီ...ညီမ..."

စကားဆုံးအောင် မပြောနိုင်။ မြရည်နန္ဒာ ခေါင်းကျိုးကျသွားသည်။ စိုင်းနန္ဒ၏ မျက်လုံးအစုံမှာ ရောင်စုံမီးများ လင်းလက်သွားသလို ရှိသည်။ သူ့ ရင်တစ်ပြင်လုံး ပေါက်ကွဲမတတ် ပြင်းထန်စွာ နာကျင်သွား၏။ သူက မြရည်နန္ဒာနှင့် မလှမ်းမကမ်းတွင် လဲကျနေသူကို မီးလျှံမျက်လုံးများဖြင့် လှမ်းကြည့်သည်။

သူ့စက်ပစ္စတိုကျည်ဆန် ထိမှန်ပြီး လဲကျနေသူမှာ နီနီစောထွေး၊ စိုင်းနန္ဒက အံတင်းတင်းကြိတ် ပြီး သေနတ်မောင်းကို ဖိညှစ်လိုက်သည်။ ကျည်ဆန်တွေ ဝေါခနဲ ပြေးထွက်သွားပြီး ငြိမ်သက်နေပြီဖြစ်သော နီနီစောထွေး၏ ကိုယ်ထဲသို့ စူးဝင်သွားသည်။

သေနတ်သံအစဲတွင် အပြေးအလွှားရောက်လာသော လူတွေကို တွေ့ရသည်။ ရှေ့ဆုံးမှ ပြေးလာသူက ကျော်စွာ၊ သူ့နောက်မှာ ကွန်မန်ဒို စစ်ဝတ်စုံဝတ်ထားသူများ ပါလာသည်။

ကျော်စွာက စိုင်းနန္ဒဘေးမှာ ရပ်လိုက်သည်။ တစ်ချက်ကြည့်လိုက်ရုံနှင့် မြရည်နန္ဒာ အသက်မရှိတော့ကြောင်း သူသိလိုက်၏။

"စိုင်းနန္ဒ..."

စိုင်းနန္ဒက နီရဲနေသော မျက်လုံးအစုံဖြင့် ကျော်စွာအား ကြည့်လိုက်သည်။

"ကျော်စွာ...ညီ...ညီမလေး...အသက်မရှိတော့ဘူး..."

"ငါ နောက်ကျသွားတယ် စိုင်းနန္ဒ...သူနဲ့ လတ်လတ်ဖြူ လူချင်းကွဲသွားမှန်း သိလို့ လိုက်လာတာ၊ သူ့ကို မကယ်နိုင်တော့ဘူး"

"ဟို...ဟိုမှာ...နီနီစောထွေး"

"ငါ...သိတယ်...ဖေသန့်နဲ့ သိန်းဇံ သစ္စာခံထားတာ နီနီစောထွေးတို့အဖွဲ့ပဲ၊ မင်း လက်ထဲက သေတ္တာ ငါ့ကို ပေးပါ နန္ဒ၊ ကျော်စွာလို့ မင်း သိထားတဲ့ငါဟာ ဒီသေတ္တာနောက် လိုက်နေတဲ့ လျှို့ဝှက်ဝန်ထမ်းတစ်ယောက်ပါ၊ ငါ့နာမည် စဝ်ရန်နိုင် လို့ ခေါ်တယ်"

စိုင်းနန္ဒ၏ကိုယ် ဆတ်ခနဲ တုန်သွားသည်။ သူက ကျော်စွာအဖြစ် အသွင်ယူ လှုပ်ရှားခဲ့သော စဝ်ရန်နိုင်အား ရီဝေစွာ လှမ်းကြည့်သည်။ စဝ်ရန်နိုင်၏ဘေးတွင် ကြေးနီရောင် ဆံပင်နှင့် ကြံ့ခိုင်တောင့်တင်းသော လူတစ်ယောက်က လာရပ်သည်။



"သူက စိုင်းနွတ်...ငါ့ရဲ့ တွဲဖော်တွဲဖက်ပဲ"

စိုင်းနန္ဒ ခေါင်းညိတ်လိုက်သည်။ တစ်ဆက်တည်းပင် သူ့လက်ထဲမှ သေတ္တာလေးကို စဝ်ရန်နိုင်အား လှမ်းပေးသည်။

စဝ်ရန်နိုင်က သေတ္တာကိုယူပြီး ကွန်မန်ဒိုဝတ်စုံဝတ်ထားသူ တစ်ယောက်လက်ထဲ ထည့်လိုက်၏။

"မြရည်နန္ဒာအတွက် ငါ စိတ်မကောင်းပါဘူး နန္ဒ၊ တကယ်ပြောတာပါ၊ နီနီစောထွေးတို့အဖွဲ့ကို ရှင်းနေတာနဲ့ သူ့ကို ငါ မကယ်နိုင်လိုက်ဘူး..."

စိုင်းနန္ဒ အံကြိတ်လိုက်သည်။

"ကျွန်တော် မိုက်ခဲ့တာတွေကြောင့် ညီမလေး အခုလိုဖြစ်ရတာ၊ ကျွန်တော့်ကြောင့်......ကျွန်တော့်ကြောင့်......"

"စိတ်ကို ထိန်းပါကွာ...မင်း ဘယ်လိုခံစားနေရတယ်ဆိုတာ ငါ သိပါတယ်၊ ဒါထက် ဆရာအောင်ကော..."

"သူလဲ သေပြီ...သူက မသေခင် ဒီ သေတ္တာလေးကို သက်ဆိုင်ရာလက်ထဲအပ်ဖို့ မှာသွားတာပဲ"

စဝ်ရန်နိုင် ခေါင်းတစ်ချက် ဆတ်ခါလိုက်သည်။ သက်ပြင်းတစ်ချက် ရှိုက်ရင်း သူက စိုင်းနွတ်ဘက်သို့ လှည့်လိုက်၏။

"ရန်သူ လက်ကျန် ရှိ–မရှိ စစ်ဆေးလိုက်ဦး စိုင်းနွတ်၊ ပြီးတာနဲ့ ငါတို့ သံလွင်ကို ဖြတ်မယ်"

စိုင်းနွတ် ခေါင်းညိတ်ပြပြီး ကွန်မန်ဒိုဝတ်စုံဝတ်ထားသူ ငါးယောက်ကို ခေါ်ကာ ထွက်သွားသည်။

"မင်း ညီမလေးကို ဒီမှာပဲ မြေမြှုပ်မယ်၊ မင်း သဘောတူတယ်မဟုတ်လား"

စိုင်းနန္ဒ ခေါင်းညိတ်ပြလိုက်သည်။ သူက ကြေကြေကွဲကွဲနှင့် မြရည်နန္ဒာအား ကြည့်သည်။ သူ့မျက်လုံးအစုံမှ မျက်ရည်များ မြရည်နန္ဒာ့ ကိုယ်ပေါ်သို့ ကျသွားလေ၏။

* * *

# မုဆိုး

[ကိုး]

လမ်းပေါ်မှာ ကားတွေ ဥဒဟို ပြေးနေသည်။ ပလက်ဖောင်းပေါ်မှာလည်း လှုပ်ရှားသွားလာနေသူများ၊ ပလက်ဖောင်းဈေးဆိုင်များဖြင့် ကြပ်နေသည်။

ကုန်သည်ကြီးများဟိုတယ်ရှေ့တွင် စိုင်းနန္ဒ ရပ်နေသည်။ ဟိုတယ်၏ဝင်ပေါက်တွင် လူတွေအဝင်အထွက် ရှုပ်ထွေးနေသည်။ ညည့်ခံကြိုဆိုသူများ လှုပ်လှုပ်ရှားရှား ရှိနေ၏။

ကားရပ်နားရာတွင် ရပ်ထားသော ကားတွေ တစ်စီးပြီး တစ်စီး ထွက်လာသည်။ ဟိုတယ်အတွင်းမှ ထွက်လာသူတွေ

ကိုယ့်ကားပေါ်ကိုယ်တက်၊ ကားက မောင်းထွက်သွားနှင့် တစ်ခဏ အကြာတွင် မြင်ကွင်းရှင်းသွားသည်။

စိုင်းနန္ဒက သူ့လက်တွင် ပတ်ထားသော နာရီကို ကြည့် သည်။ ငါးနာရီထိုးပြီ။ ဆောင်းဝင်စမို့ အလင်းအား နည်းစ ပြုလာပြီ။ တိုက်ခတ်သည့်လေတွင် အအေးဓာတ်တွေ ပါနေ၏။

ဟိုတယ်ရှေ့မှာ လူနည်းသွား၊ ကျဲသွားသဖြင့် စိုင်းနန္ဒ နေရာမှ ခွာသည်။ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံမှ ရုပ်ရှင်ပြီး၍ ပြုံဆင်းလာသော လူအုပ်ကို တွေ့ရသည်။ ဟိုတယ်အတွင်းသို့ ဝင်မည်ပြုပြီးမှ ခြေလှမ်းကို ရွှေ့သွားသည်။ ယမကာတစ်ခုခု မှီဝဲမည်ဟု စိတ်ကူးထားသည်ကို ပယ်ဖျက်ပြီး အနော်ရထာ လမ်းဘက်သို့ ဆင်းသည်။ ဟိုတယ်ရှေ့တွင် အလံတိုင်မှ ကြိုးနှင့် သံတိုင်ထိသံတချွင်ချွင်တို့ နောက်မှာကျန်ရစ်ခဲ့သည်။

မီးပွိုင့်ကိုဖြတ်ပြီး ဆူးလေဘက်သို့ဆင်းသည်။ မီးသတ် အေး ပလက်ဖောင်းပေါ်မှာ လက်ဖက်သုတ်ဆိုင်။ လက်ဖက် သုတ်၊ ဂျင်းသုတ်နှင့် ထမင်းစားချင်စိတ် ပေါ်လာသည်။ စိုင်းနန္ဒက ခုံပုပုလေးတစ်လုံးမှာ ဝင်ထိုင်လိုက်၏။ ထမင်းနှင့် လက်ဖက်သုတ်တစ်ပွဲ၊ ဂျင်းသုတ်တစ်ပွဲ မှာလိုက်သည်။

စားသောက်စရာစောင့်ရင်း ရေနွေးကြမ်းပန်းကန်လုံး လေးထဲသို့ ရေနွေးငှဲ့ထည့်ပြီး သောက်သည်။ ပြီး စိမ်းရွှေရွှေ





တာတာနိုင်သော ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်သည်။ လက်ဖောင်းပေါ်ခုံများမှာ တဖြည်းဖြည်း လူပြည့်စ ပြုလာ ည်ကို တွေ့ရ၏။

ရှေ့တူရူ ဆူးလေလမ်းပေါ်မှ ကားတွေ ဝေါခနဲ ါခနဲ ဖြတ်သန်းသွားလာနေတာ တွေ့ရသည်။ အဲကွန်း တ်စ်တွေ၊ နှစ်ထပ်ဘတ်စ်တွေပေါ်မှ လူအပြည့်။

မီးသတ်ရှေ့ ကုက္ကားရာလမ်းပေါ် ခပ်သွက်သွက် ပ်သုတ်သုတ် ဖြတ်သန်းသွားနေသူများကို တွေ့ရသည်။ ုပ်ငန်းခွင်မှထွက်လာသူများ၏ အိမ်ပြန်ချိန်။ မီးသတ်ရှေ့ ားမှတ်တိုင်မှာ စနစ်တကျ တန်းစီပြီး ကားစီးနေသူများကို က်စီတစ်ဆုံး တွေ့ရသည်။

ကားထူထပ်ခြင်း၊ လူထူထပ်ခြင်းကြောင့် ဆူးလေ မ်းမှ လေမှာ မနုနိုင် မအေးနိုင်တော့။ ဓာတ်ဆီနံ့၊ မီးခိုးနံ့ တွေ လေထဲမှာ ရောပါနေသည်။

လက်ဖက်သုတ်၊ ဂျင်းသုတ်နှင့် ထမင်းတစ်ပန်းကန် ာချသည်။ လက်ဖက်နံ့သင်းသင်း၊ ဂျင်းနံ့မွှေးမွှေးတို့ကြောင့် က်ထဲက ဆာဆာလောင်လောင် ဖြစ်လာသည်။ သူက ာက်ဖက်တစ်ဇွန်း၊ ထမင်းတစ်လုတ်၊ ကြက်သွန်ဖြူတစ်စိတ် ို့ဖြင့် အရသာ ခံစားသည်။

"ဒီမှာထိုင်လို့ မရလား ဟင်"

ချိုမြလွင်သာသည့် အသံလေး။ အသံပေါ်လာရာသို့ စိုင်းနန္ဒ မော်ကြည့်သည်။ သူ့မြင်ကွင်းတစ်ခုလုံး နီရဲသွား အနီရောင် အစပေါ် အဖြူပွင့်နုတ်နုတ်လေးများ ပါသော ရေခဲသားဝတ်စုံနှင့် မိန်းကလေးတစ်ယောက် သူ့ကို ပြုံးပြီး ကြည့်နေသည်။

မြင်သူ ငေးရလောက်တယ် ဆိုသည့် စကားနှင့် မလုံလောက်အောင် လှသော မိန်းကလေး။ စိုင်းနန္ဒ မျက်နှာလှလှလေးကို ကြည့်ပြီး ပြုံးလိုက်သည်။

"ထိုင်ချင်စိတ်ရှိရင် ထိုင်ပေါ့၊ ပြီးတော့ ကိုယ့်ကို ဘယ်ဆိုင်သွားမလဲဆိုတာကို ပြော"

ပန်းနုရောင် နှုတ်ခမ်းဖူးဖူးစွစွလေး ဝလုံးလို ဝိုင်းသွား သည်။ မျက်ခုံးထူထူနက်နက်တို့ အပေါ်ကို မြင့်တက်သွား လျက် အံ့အားသင့်ဟန် ပေါ်လာသည်။

"ရှင်"

မျက်နှာအမူအရာနှင့် လိုက်ဖက်သော အံ့အားသင့်သံ စိုင်းနန္ဒ နားထဲသို့ ချိုမြစွာတိုးဝင်သွားသည်။ အနီမလေးက ခုံပုပုလေးတစ်လုံးမှာ ဝင်ထိုင်သည်။ မျက်လုံးကြည်ကြည် လက်လက်တို့ဖြင့် စိုင်းနန္ဒကိုကြည့်ပြီး အံ့သြအယာ ပြုံးလို သည်။

"စိုင်းနန္ဒ . . . နော်"





"ဟုတ်ပါ့"

"စားလိုက်သောက်လိုက်ပါဦး၊ စားပြီးရင် ကျွန်မ နောက်ကို လိုက်ခဲ့ပါ"

စိုင်းနန္ဒ တွေခနဲ ဖြစ်သွားသည်။

"ပြောစရာရှိရင် ဒီမှာပဲပြောပါ"

"ကျွန်မမှာ ဘာမှ ပြောစရာမရှိပါဘူးရှင်၊ လူတစ် ယောက်က သူ့ဆီခေါ်ခဲ့ပါဆိုလို့ စိုင်းနန္ဒကို လာခေါ်တာပါ"

စိုင်းနန္ဒ မျက်မှောင်ကြုံ့လိုက်သည်။ သူက အနီမလေး ကို စူးစူးစိုက်စိုက် ကြည့်သည်။ အနီမလေးကလည်း စိုင်းနန္ဒကို တုံ့ပြန်ကြည့်သည်။ သူ့အကြည့် သူ့မျက်လုံးတို့က တကယ်တိ သန့်စင်အေးချမ်းနေသည်ဟု စိုင်းနန္ဒ ထင်သည်။

"မင်း ဘယ်သူလဲ၊ မင်းကို ဘယ်သူက ခိုင်းလိုက် တာလဲ၊ ကိုယ့်ကို စိုင်းနန္ဒမှန်း ဘယ်လိုလုပ် သိတာလဲ"

"ကျွန်မနာမည်ကို အနီလို့ပဲ မှတ်ထားပါ၊ သူက ကိုပြပြီး ရှင် ဘယ်သူဆိုတာ ပြောတယ်၊ ပြီးတော့ ကို ခေါ်ပေးဖို့ တာဝန်ပေးတယ်၊ ဒါကြောင့် ကျွန်မ လာခေါ်တာပါ"

စိုင်းနန္ဒက နှုတ်ခမ်းထောင့်စွန်း ကွေးညွတ်အောင် လိုက်သည်။ ထို အပြုံးတွင် မထီတရီနိုင်ဟန်တွေ နေ၏။

"ကိုယ်က မင်းခေါ်တဲ့နောက်ကို မလိုက်ဘူး ဆို

ကော"

"ရှင် မလိုက်ဘူးဆိုရင်လဲ ကျွန်မ ရှင့်ကို အပါခေ

မယ်၊ ဒါ...ကျွန်မ တာဝန်ပဲ"

စိုင်းနန္ဒ ခေါင်းမော့ပြီး ရယ်သည်။

"ဪ...ဒီလိုလား၊ ဒါဖြင့်ရင် မလိုက်ဘူးကွာ"

နှစ်ဦးစလုံး အေးချမ်းစွာ ပြုံးမြဲ ပြုံးသည်။ သူ

အင်္ကျီအိတ်ထဲမှ သားရေအိတ်အနက်ကလေးဖြင့် ထည့်ထ

သော ကတ်ပြားတစ်ခုကို ထုတ်ပြသည်။ ထိုကတ်ပြား

မြင်သည့်နှင့် စိုင်းနန္ဒ၏ မျက်နှာမှာ အပြောင်းအလဲ

ပေါ်လာသည်။

"ဘယ်လိုလဲ၊ ရှင် လိုက်မယ် မဟုတ်လား"

စိုင်းနန္ဒ ခေါင်းညိတ်ပြလိုက်သည်။

"လိုက်တာပေါ့၊ လိုက်ရတာပေါ့လေ"

စိုင်းနန္ဒက ခါးကြားထိုးထားသည့် ပိုက်ဆံအိတ်

ဆွဲထုတ် လိုက်သည်။ အနီက ခေါင်းခါပြပြီး...

"ကျွန်မ ငွေရှင်းပြီးပါပြီ"

"ဪ..."

"သွားကြရအောင်"





နှစ်ဦး ထိုင်ရာမှ ထသည်။ ကတ္တရာလမ်းအတိုင်း ခြေလှမ်း မှန်မှန် လှမ်းပြီး လျှောက်သည်။ ဖြူဖြူဝင်းဝင်း၊ ရှင်းရှင်း သန့်သန့်၊ ဖွံ့ဖွံ့ထွားထွား၊ အိအိစက်စက်နိုင်သော အနီ၏လမ်းလျှောက်ဟန်က မနွဲ့...ခြေလှမ်းပုံ လက်လွှဲပုံက အစ စည်းကမ်းတကျ ရှိနေသည်။

ပါဂျရိုအနက်တစ်စီး ပလက်ဖောင်းဘေးမှာ ကပ်ပြီး ရပ်ထားသည်။ အနီက ကားဘေးမှာ ရပ်သည်။ စိုင်းနန္ဒ ဘက်ကို တစ်ချက်ကလေးမှ မကြည့်။ စိုင်းနန္ဒ သူ့နောက်သို့ လိုက်လာမည်ဖြစ်ကြောင်း အပြည့်အဝ ယုံကြည်ထားဟန် ရှိသည်။

ကားတံခါး ဖျတ်ခနဲ ပွင့်လာသည်။ အနီ ကားပေါ်သို့ တက်လိုက်၏။ နောက်မှပါလာသော စိုင်းနန္ဒလည်း ကားပေါ်သို့ လိုက်တက်သည်။ ကားပေါ်သို့ရောက်သည်နှင့် သူက ကားတံခါးကို ဆွဲပိတ်လိုက်သည်။ ကားမောင်းသူ နေရာတွင် ထိုင်နေသူက ကားကို စက်နှိုးပြီး မောင်းထွက် သည်။

"ဒါ...ကိုယ့်ကို ဖမ်းတာလား"

စိုင်းနန္ဒက စီးကရက်တစ်လိပ် မီးညှိရင်းမှ မေးသည်။ အနီ ခေါင်းခါလိုက်သည်။

"ဖမ်းတာ မဟုတ်ပါဘူး"

"ဒါဖြင့်ရင်..."

"အချိန်ကျတဲ့အခါ သိရမှာပေါ့ရှင်"

စိုင်းနန္ဒ မေးခွန်းမထုတ်တော့။ စီးကရက် ဖွာရှိုက်ရင်း ကားနောက်မှီတွင် ခေါင်းမှီလိုက်သည်။

ကားက တရိပ်ရိပ် ပြေးနေသည်။ မိုးထိမြင့်သော တိုက်တွေနှင့် ပြည့်နေသော ရန်ကုန်မြို့လည်း လမ်းအတိုင်း ကွေ့ပတ် မောင်းနှင်နေသည်။ ဖြတ်သန်းနေသည့် လမ်းတွေကိုကြည့်ရင်း စိုင်းနန္ဒ မျက်မှောင်ကြုံ့သည်။ လမ်းတစ်လမ်းကို တစ်ခါထက်မက ဖြတ်နေသဖြင့် အနီမတို့၏ ရည်ရွယ်ချက်ကို မသိနိုင်အောင် ရှိနေသည်။

ဆူးလေကို သုံးပတ်မျှ ပတ်မောင်းပြီးနောက် လမ်းသွယ်တစ်ခုအတွင်းသို့ ကားချိုးဝင်သည်။ လမ်းဘေးတွင် ရပ်ထားသော တက္ကစီတစ်စီးနောက်မှ တုံ့ခနဲ ရပ်သည်။ အနီမက ကားတံခါးကိုဖွင့်ပြီး အောက်သို့ဆင်းသည်။

"ဆင်းပါ…စိုင်းနန္ဒ"

စိုင်းနန္ဒ ကားပေါ်မှ ဆင်းသည်။ အနီမက တက္ကစီ တံခါးကိုဖွင့်ပြီး ကားပေါ်တက်သည်။ စိုင်းနန္ဒလည်း ကားပေါ် လိုက်တက်သည်။ သူတို့ ကားပေါ်သို့အရောက်တွင် တက္ကစီ ဒရိုင်ဘာက ကားမောင်းထွက်သည်။

အမိုးဝါ တက္ကစီကား လမ်းသွယ်အတွင်းမှ ပြေးထွက်သည်။ လမ်းသွယ်မှနေ၍ လမ်းမကြီးပေါ်သို့ တက်ကာ ရန်ကုန်မြို့၏ အချက်အချာကျသည့်နေရာမှ အထပ်နှစ်ဆယ်ရှိ





တိုက်ကြီးရှေ့တွင် တက္ကစီ ရပ်သွားသည်။ အနီက စိုင်းနန္ဒကို ခေါင်းညိတ်ပြပြီး ကားပေါ်မှဆင်းသည်။ သူက ဗဟို သုတေသနဌာနဟု ဆိုင်းဘုတ်တင်ထားသော အဆောက် အအုံသို့ ဝင်သည်။ အဝင်ဝ အခန်းတွင်ရှိသော ဓာတ်လှေ ကားဖြင့် အပေါ်သို့တက်သည်။ ဆယ့်ရှစ်ထပ်သို့ အရောက် တွင် ဓာတ်လှေကား ရပ်သွားလေ၏။

* * *

"ထိုင်ပါ…စိုင်းနန္ဒ"

ဩဇာသံပါသော အသံကို ကြားရသည်။ စိုင်းနန္ဒက မဟော်ဂနီရောင် စားပွဲကြီးရှေ့ရှိ ကုလားထိုင်တွင် ဝင်ထိုင် လိုက်သည်။ ထို့နောက် စားပွဲနောက်တွင် ထိုင်နေသူအား ကြည့်သည်။

စားပွဲနောက်တွင် ထိုင်နေသူမှာ ဘချုပ်ပင် ဖြစ်သည်။ ဘချုပ်က မျက်မှန်နောက်မှ စူးရှဟန်ပေါ်နေသော မျက်လုံး အစုံဖြင့် စိုင်းနန္ဒအား ကြည့်သည်။ ထိုမျက်လုံးများ၏ အကြည့်ကြောင့် စိုင်းနန္ဒ မနေတတ် မထိုင်တတ်ရှိ၏။

"လွတ်လွတ်လပ်လပ်နေပါ စိုင်းနန္ဒ၊ ဆေးလိပ်သောက် ချင် သောက်လို့ရပါတယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

ဘချုပ်က စိုင်းနန္ဒကို ခပ်စူးစူးကြည့်သည်။

"မင်း ဘယ်သူလဲ၊ ဘာလုပ်ခဲ့သလဲ၊ ဘာလုပ်နေသလဲ ဆိုတာတွေ မှတ်ထားတဲ့ မင်းရဲ့မှတ်တမ်း ငါတို့ဆီမှာ ရှိတယ်၊ မင်း ငါ့ကို မသိပေမယ့် ငါကတော့ မင်းမွေးဖွားချိန်ကစပြီး ခုချိန်ထိအောင် မင်း ဘာတွေ လုပ်ခဲ့တယ်၊ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ တိတိကျကျ သိတယ်"

"အန်ကယ်က စဝ်ရန်နိုင် တို့ရဲ့..."

"သူတို့ရဲ့ အကြီးအကဲပေါ့ကွာ၊ မင်းတို့က ရတနာသေတ္တာလို့ ထင်တဲ့ သေတ္တာနောက်ကို လိုက်ကြတယ်၊ အဲဒီမှာ တိုက်ပွဲတွေ ဖြစ်ခဲ့တယ်၊ နောက်ဆုံး ဦးတိုက်အောင် သေတယ်၊ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

"ဒီသေတ္တာထဲမှာ ဘာရတနာမှ မပါဘူးဆိုတာလဲ သိပြီးပြီ မဟုတ်လား"

"ဟုတ်ကဲ့၊ သိပါတယ်"

"အဲဒီသေတ္တာထဲကမှတ်တမ်းတွေက ဦးသီလရဲ့ လူမှုရေး ဖောက်ပြန်မှုနဲ့ ပတ်သက်ပြီး ဖွင့်ချထားတဲ့ မှတ်တမ်းပါ"

ဦးသီလ ဆိုသည့် အမည်ကို စိုင်းနန္ဒ ခေါင်းထဲတွင် စွဲမြဲနေအောင် မှတ်ထားလိုက်သည်။

"မှတ်တမ်းတွေအရ ဦးသီလရဲ့ လူမှုရေးဖောက်ပြန်မှုတွေကို သိရပေမယ့် ဒါတွေဟာ တရားဥပဒေအရ အရေး





ယူလောက်တဲ့ အထောက်အထားတွေ မဟုတ်ဘူး၊ ဒါကြောင့် ဦးသီလကို အရှိအတိုင်း သိမြင်အောင် လုပ်နိုင်ဖို့အတွက် သူ့နောက်လိုက်ရမယ့် လူတစ်ယောက် လိုလာတယ်၊ ငါတို့ဆီက လူတွေကိုလွှတ်ရင် ဦးသီလ ဘာမှ မလှုပ်ရှားဘဲ ငြိမ်သွားလိမ့်မယ်၊ သူငြိမ်နေရင် သူ့ကို အရေးယူလို့မရတော့ဘဲ ရှိမယ်၊ ဒါကြောင့် မင်းကို သုံးချင်တယ်၊ မင်းကို ဆိုရင် သူ သံသယဖြစ်မှာ မဟုတ်ဘူး"

"ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါပြီ"

"သူဟာ သာရေးနာရေးတွေနဲ့ပတ်သက်ရင် ရက်ရောတဲ့လူ၊ ကောင်းမှုကုသိုလ်ကို နည်းအမျိုးမျိုးနဲ့ လုပ်နေတဲ့လူ၊ ရပ်ရေးရွာရေးမှာ ရှေ့တန်းကပါတဲ့လူ စသဖြင့် နာမည်ကောင်းရထားယ်၊ နည်းမျိုးစုံနဲ့လဲ လုပ်တယ်"

"ကျွန်တော် သူ့ကို ဝင်ပူးကပ်ရမှာပေါ့၊ ဘယ်လိုနည်းမျိုးသုံးပြီး ဝင်ပူးရမှာလဲ"

"အဲဒီအတွက် ငါတို့ နည်းလမ်းတွေ့ထားပြီးပါပြီ၊ နည်းလမ်းက သူ့သားသမီးကနေ တစ်ဆင့် ဝင်ပူးတာပဲ"

"သူ့သမီးက ဘယ်သူလဲ"

"မိုမို တဲ့၊ ဒီဖိုင်ထဲမှာ ဦးသီလနဲ့ ပတ်သက်တာတွေ အများကြီးပါတယ်၊ မိုမိုအကြောင်းတွေလဲ ပါတယ်၊ မင်း ဖတ်ကြည့် လေ့လာထားပေါ့"

"ဟုတ်ကဲ့"

"ဦးသီလဟာ အခု ရောဝတီတိုင်းက မြို့တစ်မြို့မှာ ရှိနေတယ်၊ သူက အသစ်ဆောက်လုပ်ပြီးစီးတာ မကြာသေးတဲ့ သူပိုင် ဟိုတယ်တစ်ခုကို ကြီးကြပ်နေတယ်၊ သူရှိနေတဲ့မြို့က မော်ကျွန်း၊ အဲဒီမှာ သူက အထပ်ဆယ့်နှစ်ထပ်ပါတဲ့ ရောဝတီဟိုတယ် ဆောက်ထားတယ်၊ သူ ဟိုတယ်က ကမ္ဘာလှည့်ခရီးသည် အတော်များများကို ဆွဲဆောင်နိုင်စွမ်း ရှိတယ်"

"သူ့လုပ်ငန်း အောင်မြင်နေရဲ့သားနဲ့ ဒီလူက ဘာဖြစ်လို့ ဒုစရိုက်လုပ်ငန်းတွေကို မစွန့်နိုင်တာလဲ"

"အဲဒီလုပ်ငန်းက အရချောင်လို့ပေါ့၊ ဒါလောက်ဆိုရင် မင်း အကြမ်းဖျင်း သဘောပေါက်ပြီနော်"

"ဟုတ်ကဲ့...ပေါက်ပါပြီ"

"မင်း ဒီဖိုင်ကိုယူပြီး စိမ့်သူဇာဆီကိုသွား၊ စိမ့်သူဇာက မင်းကို အခန်းတစ်ခန်းထဲ ပို့ပေးလိမ့်မယ်၊ အခန်းထဲမှာ စဝ်ရန်နိုင်တို့ ရှိတယ်၊ စဝ်ရန်နိုင်က မင်း ဘာလုပ်ရမယ် ဆိုတာ ဆက်ပြောလိမ့်မယ်၊ မင်း သွားလို့ရပြီ"

စိုင်းနန္ဒ ဘချုပ်ရှေ့မှ ထသည်။

"ကျွန်တော် တစ်ခု မေးပါရစေ"

"မေးပါ စိုင်းနန္ဒ၊ မင်း ဘာသိချင်စရာ ရှိသေးလို့လဲ"

စိုင်းနန္ဒ၏ မျက်နှာထား တည်သွားသည်။





သူက ဘချုပ်အား တည်ငြိမ်စွာကြည့်သည်။

"တကယ်လို့များ ကျွန်တော်က အန်ကယ်ခိုင်းတဲ့ အလုပ်ကို မလုပ်ဘူးဆိုရင် ကျွန်တော့်ကို ဘာလုပ်မလဲ၊ အမိန့်ဖီဆန်တဲ့ ကျွန်တော့်အပေါ် ဘယ်လို ဆုံးဖြတ်မလဲ"

ဘချုပ် ပြုံးလိုက်၏။

"မင်းကို အန်ကယ်တို့ ဘာမှ မလုပ်ပါဘူး၊ အန်ကယ်တို့အနေနဲ့ မင်းအပေါ် ဆိုးကျိုးတစ်ခုခုရအောင်လဲ လုပ်ခွင့်မရှိပါဘူး၊ ပြီးတော့ စောစောက မင်းကို ပြောဆိုဆွေးနွေးခဲ့တာက အမိန့် မဟုတ်ပါဘူး၊ အကူအညီ တောင်းတာပါ၊ တစ်ခုတော့ ရှိတယ်၊ မင်း အခု သိသွားပြီဖြစ်တဲ့ အကြောင်းအရာဟာ လျှို့ဝှက်ထားသင့်တဲ့ အကြောင်းအရာ၊ ထိပ်တန်းလျှို့ဝှက်ချက်ကြီး မဟုတ်ဘူးနော်၊ နိုင်ငံတော်အတွက် ဆိုးကျိုးတစ်စုံတစ်ရာ ပေါ်လာနိုင်တယ်ထင်လို့ ကြိုတင် ပြင်ဆင်ထားတာ၊ ဒီအတွက် မင်းအနေနဲ့ လျှို့ဝှက်ချက်ကို ထိန်းသိမ်းဖို့ တာဝန်ရှိသွားပြီ၊ ဒါကို လျှို့ဝှက်ထားပါမယ်လို့ မင်းကိုယ်မင်း တာဝန်ယူရလိမ့်မယ်"

"ဒါပဲလား အန်ကယ်"

"ဒါပါပဲ၊ ဦးသီလနဲ့ပတ်သက်ပြီး ပြောဆိုတုန်းက အန်ကယ် မင်းရဲ့သဘောထားကို မမေးဘူး၊ ဘာဖြစ်လို့ မမေးသလဲ ဆိုတော့ မင်းဟာ ဒီကိစ္စကို စိတ်ဝင်တစားနဲ့

တက်တက်ကြွကြွနဲ့ ဆောင်ရွက်မယ့် လူတစ်ယောက်လို့ ထင်မြင်မိလို့ပဲ”

ပြေပြစ်သော၊ ချိုသာသော၊ ရှင်းလင်းသော ဘချုပ်၏ စကားအဆုံးမှာ စိုင်းနန္ဒ ပြုံးလိုက်သည်။ ရင့်ကျက်တည်ငြိမ်ခြင်း၊ စူးရှထက်မြက်ခြင်းတွေ ပေါ်လွင်နေသော ဘချုပ်၏ မျက်နှာကို သူက လေးစားစွာ၊ ခင်မင်စွာ ကြည့်သည်။

“ကျွန်တော့် စကားကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားရင် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ် အန်ကယ်၊ ဦးသီလနဲ့ပတ်သက်ပြီး ကျွန်တော် လုပ်နိုင်သမျှ အစွမ်းကုန် လုပ်ပါ့မယ်၊ တာဝန်ရှိတဲ့ လူတစ်ယောက်လိုပဲ ကျွန်တော့်အသက်၊ ကျွန်တော့် ခန္ဓာကိုယ်ကို တိုင်းပြည်အတွက် ပေးအပ်ပါ့မယ်”

ဘချုပ်က ရွှင်လန်းစွာပြုံးပြီး စိုင်းနန္ဒအား လက်တစ်ဖက် ကမ်းပေးသည်။ စိုင်းနန္ဒက နူးညံ့သည်နှင့်အမျှ ခိုင်မြဲသော ဘချုပ်၏လက်ကို ဆွဲယူ ဆုပ်ကိုင် လှုပ်ရမ်းလိုက်သည်။

“အစကတည်းက မင်းဟာ ဘယ်လိုလူမျိုးလဲ ဆိုတာသိလို့ ဒီအလုပ်ကို ခိုင်းတာပါ၊ မင်းဟာ ယုံကြည်ဖို့ သင့်၊ မသင့် ဆိုတဲ့ အဖြေကို စနစ်တကျ စုစည်းထုတ်ယူပြီးမှ မင်းကို ခေါ်တွေ့ခဲ့တာပါ”





“ကျွန်တော့်စကားတွေက အန်ကယ်တို့အဖွဲ့အစည်းကို ခပ်ညံ့ညံ့အဖွဲ့အစည်းတစ်ခုလို့ ပြောသလိုများရှိသွားခဲ့ရင် ခွင့်လွှတ်ပါ”

“ကိစ္စမရှိပါဘူး စိုင်းနန္ဒ…”

“နောက်ဆုံး ကျွန်တော် သိချင်တာတစ်ခု ရှိပါသေးတယ်”

“ဘာလဲ၊ ပြောပါ”

“ကျွန်တော့်မှာ ဘယ်အတိုင်းအတာအထိ လုပ်ပိုင်ခွင့်ရှိမလဲ”

“ဒီက လျှို့ဝှက်အေးဂျင့်တစ်ယောက်နဲ့ တန်းတူအခွင့်အရေး မင်းကို ပေးပါတယ်၊ ဒီအကြောင်းတွေ အားလုံး စဝ်ရန်နိုင်က မင်းကို ရှင်းပြပါလိမ့်မယ်၊ အခုကိစ္စ ဆောင်ရွက်တဲ့နေရာမှာ သူက မင်းတို့ရဲ့ အဖွဲ့စုမှူးပဲ”

စိုင်းနန္ဒက လေးနက်သော အကြည့်ဖြင့် ဘချုပ်ကို ကြည့်သည်။

“ဒီတာဝန်ကို ကျွန်တော် အစွမ်းကုန် ထမ်းဆောင်ပါ့မယ်”

“အောင်မြင်ပါစေ စိုင်းနန္ဒ…”

စိုင်းနန္ဒက ဘချုပ်ရှေ့မှ ခွာသည်။ ပိတ်ထားသည့် သံမဏိတံခါး ညင်သာစွာပွင့်သွား၏။ အပြင်ဘက် စားပွဲတွင် ရှိနေသော စိမ့်သူဇာ နေရာမှ ထသည်။ စိုင်းနန္ဒအား

ကြည်လင်ရှင်းသန့်သော အပြုံးဖြင့် ပြုံးပြသည်။ သူ့နောက်သို့ လိုက်ခဲ့ရန် မျက်ရိပ်ပြပြီး စင်္ကြံလမ်းသို့ ထွက်သည်။

ပေါ်လစ်ရောင် ပြောင်လက်နေသော ကြမ်းခင်းကို နင်းဖြတ်ပြီး လျှောက်သည်။ နံရံတွင် မြုပ်ကွယ်ထားသော မီးချောင်းမှ ဖြူဖွေးသောမီးရောင် စင်္ကြံလမ်းတစ်လျှောက် ပျံ့နေသည်။ ကွေ့ချိုးနှစ်ခုကို ချိုးကွေ့ပြီး အမှတ်သုံး အခန်းရှေ့တွင် စိမ့်သူဇာ ရပ်လိုက်သည်၊

"စိုင်းနန္ဒကို လာပို့ပါတယ် စဝ်..."

ဟိုက်ဒရောလစ်တံခါး လျှောခနဲ ပွင့်သွားသည်။ စိုင်းနန္ဒ အခန်းထဲသို့ ဝင်လိုက်၏။ စိမ့်သူဇာ အပြင်မှာ နေရစ်ခဲ့သည်။ စိုင်းနန္ဒ အခန်းထဲသို့ အရောက်တွင် ဟိုက်ဒရောလစ်တံခါး ညင်သာစွာ ပြန်ပိတ်သွားသည်။

"လာ...စိုင်းနန္ဒ"

စဝ်ရန်နိုင်၏အသံကို ကြားရသည်။ ပေါ်လစ်ရောင် ပြောင်လက်နေသော စားပွဲတစ်လုံးနောက်မှာ စဝ်ရန်နိုင် ထိုင်နေသည်။ ပြုံးချိုသော ခင်မင်ခြင်းတွေ ပျော်ဝင်နေသော အကြည့်ဖြင့် စိုင်းနန္ဒကို ကြည့်နေသည်။

"ထိုင်...စိုင်းနန္ဒ၊ မွေးကြီးနဲ့ စိုင်းနွတ်၊ အခုပဲ လာလိမ့်မယ်၊ ဒီအခန်းထဲမှာ မနက်စာ စားရင်း ပြောစရာရှိတာ ပြောကြတာပေါ့"





စိုင်းနန္ဒက သံမဏိခေါက်ကုလားထိုင်တွင် ထိုင်ချသည်။ သူ့လက်ထဲတွင် ကိုင်လာသော ဖိုင်ကို စဝ်ရန်နိုင်ရှေ့သို့ ချသည်။ နိုင်ငံတော်၏ အချုပ်အခြာ အာဏာ တည်မြဲရေး၊ တရားဥပဒေစိုးမိုးရေးအတွက် လုပ်ရှားရန် ဆွေးနွေးပွဲတစ်ခု မကြာခင် ပေါ်လာတော့မည်။

* * *

[တစ်ဆယ်]

လှလိုက်သည့် ကောင်မလေး။

တစ်လောကလုံးရှိ အလှအပမှန်သမျှ သူ့ရှေ့မှာ မှေးမှိန်သွားလောက်အောင် လှသည့် အလှဟု ဆိုရမည်။ မှန်တံခါးကို တွန်းဖွင့်ပြီး ခန်းမကျယ်ကြီးအတွင်းသို့ နွဲ့နွဲ့လေး လျှောက်ဝင်လာသည်။

အရပ်က သာမန်မိန်းကလေးတွေထက် ပိုမြင့်သည်။ ရှားရှားပါးပါး အရပ်မျိုး။ ကိုယ်ခန္ဓာက အချိုးအစားကျပြီး ပြည့်တင်း ပြေပြစ်သည်။ စလင်းဘော်ဒီဟု စိတ်ဖြေပြီး ခေါ်သော အရိုးခေါက်ကာက်၊ ပိန်ပိန်ကပ်ကပ် ရှု့တွ





ချိုင့်ခွက်ခွက် မဟုတ်။ ပိုးသားမျှင်လို [illegible] ပြောင်စင်း အရောင်လက်နေသော ဆံပင်ကို [illegible] သည်။ ရှည်လျားသော ဆံပင်က ဒူးခေါက်[illegible] ပြီး ဖြာကျနေသည်။ ဝတ်ထားသည့် [illegible] အဖြူ။ ဖွေးဆွတ်ပြီး နှင်းပွင့်လိုဖြူသော အဖြူ။ [illegible] အဝတ်အစားကြောင့် မည်းနက်သည့်ဆံပင်တွေ ပိုပြီး [illegible] နေသည်။ ဆံပင်များကြောင့် အဖြူက ပိုလှ သန့်စင်နေသည်။

အဖြူမလေး ဝိညာဉ်တစ်ခုပမာ ရွှေ့လျားလာသည်။ ခန်းမကြီးတစ်ခုလုံး၌ ပေါ်ထွက်နေသော အသံဗလံအားလုံး အဖြူမလေး ဝင်အလာမှာ ငြိမ်တိတ်ပျောက်ကွယ်သွားသည်။ မျက်လုံးဆေါင်းများစွာတို့ အဖြူမလေးထံတွင် တွယ်ငြိသွားသည်။

အဖြူမလေးက မေးလုံးလုံးတွေ ရှေ့ကို မသိမသာ ထွက်အောင် ခေါင်းမော့ထားသည်။ ရှင်းသန့်နေသည့် လမင်းမျက်နှာ အထင်းသား ပေါ်နေ၏။ အလှပေါင်းများစွာကို တွေ့ဖူးပြီး အလှရှင်ပေါင်းများစွာနှင့် တွေ့ထိပတ်သက်ဖူးသော စိုင်းနန္ဒ ငေးသွားသည်။ သူ့အာရုံမှန်သမျှ အဖြူမလေး၏ မျက်နှာလှလှဆီမှာ စုပြုံကျရောက်သွားသည်။

လှလိုက်သည့် မျက်နှာလေး။ မေးရိုး မဆိုစလောက်ကားသည်ဟု ထင်ရသော မျက်နှာ။ ညီညာသော နဖူးပြင်၊

အပြုအပြင် အချယ်အသမရှိ ပကတိအတိုင်း ရှင်သန်မည်းနက်နေသော မျက်ခုံး။ မျက်ခွံမို့မို့။ မျက်တောင်ကော့ကော့။ မည်းနက်ပြီး အရည်လဲ့နေသည့် မျက်လုံး။ ပေါ်လွင်သော နှာတံ။ မထူမပါး အနေတော်ရှိပြီး အနည်းငယ်ကျယ်သည်ဟု ထင်ရသည့် နှုတ်ခမ်း။ မျက်နှာတစ်ပြင်လုံးမှာ အခြယ်အသဆို၍ နှုတ်ခမ်းကို ရဲရဲနီအောင် ဆိုးထားခြင်းသာ ရှိသည်။ အနီရောင် တောက်ပသော နှုတ်ခမ်းမှာ စိုလက်နေ၏။

ကျက်သရေအပေါင်းနှင့် ပြည့်စုံသည့် အလှ။ အလှအပမှန်သမျှကို လွှမ်းမိုးနိုင်စွမ်းရှိသော အလှ။ ကြည့်နေသော မျက်လုံးရှင်များ မျက်တောင်ခတ်ရန်၊ အသက်ရှူရန် မေ့လျော့သွားစေသည့် အလှ။

စိုင်းနန္ဒ သက်ပြင်းတစ်ချက် ချလိုက်သည်။ တည်ငြိမ်စွာ၊ ဖြည်းညင်းစွာ၊ ဟန်ဆောင်ခြင်း ကင်းမဲ့စွာ လျှောက်လာနေသော မိန်းကလေးကိုကြည့်ရင်း သူ့ခေါင်းထဲတွင် အချက်ပေးခေါင်းလောင်းသံတွေ မြည်လာသည်။

စဝ်ရန်နိုင်နှင့် ဆွေးနွေးတိုင်ပင်စဉ်က သူ မြင်ဖူးသော ဓာတ်ပုံကို ဖျတ်ခနဲ သတိရသည်။ ဓာတ်ပုံထဲကထက် အဆပေါင်းများစွာ ပို၍လှနေသော်လည်း အဖြူမလေးမှာ မို့မို့ ဖြစ်ကြောင်း သူ သိလိုက်သည်။





ဝိညာဉ်တစ်ခု လွင့်လာသည့်ပမာ ရွေ့လျားလာသော မို့မို့က စိုင်းနန္ဒ မျက်နှာမူထားရာရှိ စားပွဲမှာ ဝင်ထိုင်သည်။ စားပွဲထိုး ရောက်အလာတွင် စားသောက်ဖွယ်ရာများ မှာသည်။

စိုင်းနန္ဒက ဘီယာဖန်ခွက်ကို ကောက်ကိုင်ပြီး ဘီယာနှင့် မို့မို့၏အလှကို မြည်းသည်။ ခန်းမအတွင်း စကားသံတွေ ပြန်ပေါ်လာသည်။ အများစုက မို့မို့ထံ ရောက်သွားသော အာရုံကို ပြန်လည် ထိန်းသိမ်းလိုက်နိုင်ကြပြီ ဖြစ်သည်။

တစ်ချို့က မို့မို့ကိုကြည့်ပြီး ခပ်တိုးတိုး ဝေဖန်နေကြသည်။ အားကျဟန်၊ လိုလားဟန်ရှိသော မျက်လုံးများကို ကြည့်ပြီး မို့မို့အကြောင်း ပြောနေကြသည်ဟု စိုင်းနန္ဒ ခန့်မှန်းမိသည်။

မို့မို့...သို့မဟုတ်၊ ပစ်မှတ်။ စိုင်းနန္ဒက ပစ်မှတ်ကို အကဲခတ် ကြည့်ရှုနေသည်။

ကျက်သရေ ကုဋေပေါင်း များစွာ မိုင်ဆိုင်သော အလှကို သုံးသပ်နေသည်။

တီးဝိုင်းမှ ဂီတသံ ငြိမ့်ငြိမ့်လေး ပေါ်လာသည်။ ထို့နောက် အနက်ရောင်ပေါ်တွင် ငွေခြည်လက်လက်တွေ ထိုးထားသော ဝတ်စုံရှင် အဆိုကျော်မလေး၏ သီချင်းသံ ပေါ်လာသည်။ ဩရှရှိနိုင်သော အသံနှင့် စွဲမက်စဖွယ်၊ စိတ်လှုပ်ရှားဖွယ် သီချင်း။ စိုင်းနန္ဒက သီချင်းနှင့် မို့မို့၏

အလှကို မြည်းသည်။ ရင်ထဲတွင် ချိုမြသော ခံစားချက်တွေ တိုးဝင်လာ၏။

And I Love you so
The people ask me you
How I Live tell now
I tell thom I don't know
I guessed they understand
How lonly life has been
But life began again
The day you tooh my hand.

"လူတွေက မေးကြတယ်၊
ခုချိန်ထိအောင် ဘယ်လိုများ နေခဲ့သလဲ...တဲ့။
မသိပါဘူးလို့ဘဲ ကိုယ် အဖြေပေးမိတယ်။
ဘဝဟာ ဘယ်လောက် အထီးကျန်နိုင်တယ်ဆိုတာ
သူတို့ နားလည်လိမ့်မယ် ထင်ပါရဲ့။
ဒါပေမယ့် ကိုယ့်လက်ကို မင်း ခိုင်ခိုင်တွဲတဲ့နေ့ကစပြီး
ကိုယ့်ဘဝ နိဒါန်းစပြီ။
မင်းကို ကိုယ် သိပ်ချစ်တယ်ကွယ်..."

စိုင်းနန္ဒက အဆိုကျော်မလေး ဆိုနေသော နိုင်ငံခြားသီချင်းကို စိတ်ထဲမှ ဘာသာပြန်နေမိသည်။ လှိုက်လှဲသော





အသံ၊ ထိမိသော အဓိပ္ပာယ်က ရင်ထဲသို့ ထိုးဖောက်ဝင်ရောက်သွား၏။

စားပွဲတစ်လုံးခြားကာ မျက်နှာချင်းဆိုင် ထိုင်နေသော မိုမိုနှင့် စိုင်းနန္ဒ အကြည့်ချင်း ဆုံမိသည်။ အေးစက်သော မိုမို၏အကြည့်က စိုင်းနန္ဒထံမှ တော်တော်နှင့် မခွာ။ စိုင်းနန္ဒက သက်ပြင်းတစ်ချက်ချပြီး မျက်နှာလွှဲလိုက်သည်။ ကြည့်ကြစတမ်းသာဆိုလျှင် သူက မိုမိုတစ်ကိုယ်လုံး အရည်ပျော်ကျသွားလောက်အောင် ကြည့်ရဲသူ ဖြစ်သည်။ သို့သော် မိုမိုကို သူ ချဉ်းကပ်ချိန်မှာ သံသယဖြစ်နိုင်စရာမျိုး မရှိစေချင်သဖြင့် မျက်နှာလွှဲလိုက်ရခြင်း ဖြစ်သည်။

ဘီယာ၏ ခါးသက်သော အရသာ။ စီးကရက်၏ ရှတတ အရသာ။ တေးဂီတ၏ ယစ်မူးဖွယ် အရသာ။ အလှတရား၏ တွယ်ငြိသောအရသာတို့ကို ခံစားရင်း အချိန်အတော်တော်များများ ကုန်ဆုံးသွားသည်။ မိုမိုပင် ဥရောပအစားအသောက်များကို စားသောက်ပြီးသွားသည်။ ဂီတဝိုင်းမှာ အဆိုကျော် နောက်တစ်ယောက် ပြောင်းသွား၏။

မိုမို ငွေရှင်းသည်။ ငွေရှင်းမှပင် သူ့မှာ လက်တစ်ဝါးစာ ပိုက်ဆံအိတ်သေးသေးလေး ပါလာတာ သတိပြုမိ၏။ ထိုင်ရာမှ အထတွင် မိုမိုက စိုင်းနန္ဒကို ဖျတ်ခနဲ တစ်ချက်ကြည့်သွားသည်။ ပြီးနောက် ဝင်လာစကအတိုင်း ဝိညာဉ်တစ်ခု ရွေ့လျားသည့်ပမာ ပြန်ထွက်သွားသည်။

စိုင်းနန္ဒ ရင်ထဲမှာ ဟာခနဲ ဖြစ်သွားသည်။ ခန်းမကြီးတစ်ခုလုံးမှာ လမင်း ကွယ်ပျောက်သွားသည့်ပမာ အလှအပတွေ ကင်းမဲ့သွား၏။ သူက စားပွဲထိုးကိုခေါ်ကာ ကျသင့်ငွေရှင်းသည်။ ပြီး နေရာမှ ထ,ထွက်သည်။ မြန်မာအမျိုးသားပိုင်ကြယ်ငါးပွင့်အဆင့်ရှိ ကေရီဟိုတယ် တတိယထပ်ရှိ ယမကာခန်းမမှ ထွက်သည်။ မဟော်ဂနီရောင် လှေကားကျယ်ကြီးအတိုင်း အောက်ထပ်သို့ ဆင်းသည်။

အောက်ထပ် ဧည့်ခံခန်းမကို အဖြတ်တွင် လူတစ်ယောက်နှင့် စကားပြောနေသော မို့မို့ကို တွေ့ရသည်။ စိုင်းနန္ဒ မျက်လုံးတစ်ချက် စွေကြည့်ပြီး အပြင်ကိုထွက်သည်။

ညသည် အေးမြနေ၏။ အင်းလျားရေပြင်ပေါ် ဖြတ်လာသော လေ၏အထိအတွေ့ကြောင့် ကြည်လင်လန်းဆန်းသော ခံစားချက်အသစ်ကို ရရှိလိုက်သည်။ သူက ကားရပ်ထားရာသို့ လျှောက်သည်။ မြန်မာ့ကားလုပ်ငန်းမှ ထုတ်လုပ်သော လင်းယုန်ပြိုင်ကား ပုပုနိမ့်နိမ့်လေးဘေးတွင် ရပ်သည်။ ထိုအချိန်မှာပင် ဝိညာဉ်တစ်ခု လေတွင် လွင့်ပါးသည့်ပမာ မို့မို့ အပြင်ကို ထွက်လာသည်။ သူ အပြင်ကိုအရောက်မှာပင် မာစီဒီး ကားဖြူကြီးတစ်စီး သူ့အနားသို့ ဘီးလိမ့်ရောက်ရှိကာ ငြိမ့်ခနဲ ရပ်သည်။

စိုင်းနန္ဒက သူ့ကားပေါ်သို့ တက်ပြီး စက်နှိုး မောင်းထွက်သည်။ မို့မို့ တက်လိုက်သည်နှင့် မာစီဒီးကားက သူ့ကားအနားမှ ဝေါခနဲ ကျော်ဖြတ်သည်။ ကားထဲတွင် မို့မို့ကို လူတစ်ယောက်က ချုပ်ကိုင်ရန် ကြိုးစားနေသည်ကို လည်းကောင်း၊ မို့မို့က ရုန်းကန်နေသည်ကို လည်းကောင်း တွေ့ရ၏။





စိုင်းနန္ဒ သူ့ပြိုင်ကားကလေးကို အရှိန်မြှင့်လိုက်သည်။ မာစီဒီးကားဘေးမှ ဝေါခနဲ ကျော်တက်ပြီး လမ်းကို ကန့်လန့်ပိတ်ရပ်လိုက်၏။ ဟိုတယ်မှ အထွက်လမ်းက များစွာမကျယ်ဝန်း။ ကားတစ်စီး ပိတ်ရပ်သည်နှင့် နောက်ကားကျော်ဖြတ်တက်ရန် ခက်သွားသည်။

မာစီဒီးကား၏ ဟွန်းသံ အဆက်မပြတ် ပေါ်လာသည်။ စိုင်းနန္ဒ ကားပေါ်မှဆင်းပြီး မာစီဒီးကားဘေးမှာ ရပ်သည်။ ကားတံခါးကို ဆတ်ခနဲ ဆွဲဖွင့်ကာ မို့မို့အား ချုပ်ကိုင်ထားသူကို ဆွဲချသည်။

"ဟိတ်"

ကားထဲမှ လူနှစ်ယောက် ခုန်ပျံထွက်လာသည်။ စိုင်းနန္ဒကို ရှေ့နောက် ညှပ်ပြီး ခပ်ကြမ်းကြမ်း တိုက်ခိုက်သည်။ ရှေ့မှ ကတုံးဆံတောက်နှင့်လူက ရှေ့ကို ဖျတ်ခနဲ တိုးပြီး စိုင်းနန္ဒကို လက်ဝါးစောင်းဖြင့် ရိုက်သည်။ စိုင်းနန္ဒ ခေါင်းငုံ့ရှောင်ပြီး ထိုသူ့ပေါင်ကြားကို ဒူးဖြင့်တိုက်သည်။ နှုတ်မှ အွတ်ခနဲ မြည်သံနှင့်အတူ ကတုံးဆံတောက်နှင့်လူ ဒူးညွတ်ကျသွားသည်။ စိုင်းနန္ဒ ကိုယ်ကိုလှည့်ပြီး ပတ်ခြေဖြင့်

နောက်မှ လူကို ပတ်ကန်သည်။ ပြင်းထန်သော ခြေဖဝါးဆောင့် ဒဏ်ကြောင့် ထိုသူမှာ ခွေကျသွား၏။

ကားမောင်းသူနေရာ၌ ရှိနေသူ ကားတံခါးဖွင့်ပြီး အောက်ဆင်းသည်။ စိုင်းနန္ဒအား ထိတ်လန့်စွာ တစ်ချက်ကြည့်ပြီး ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးသည်။

စိုင်းနန္ဒက သူ့လက်နှစ်ဖက်ကို ဖုန်ခါသလို ပွတ်သုတ်လိုက်၏။ ပြီးနောက် မိုးမိုးဘက်သို့ ကြည့်သည်။ မိုးမိုးအနားမှာ မရှိတော့။ စိုင်းနန္ဒ ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်သည်။ ဟိုတယ်ဘက်သို့ ကြည့်သည်။ ဟိုတယ်အဝင်ဝသို့ ကြည့်သည်။ ထိုသို့ သူကြည့်နေစဉ် ပြိုင်ကားနီမှိန်မှိန်လေး ဝေါခနဲ မောင်းထွက်သွားသည်။ ကားမောင်းထွက်သွားသူက မိုးမိုး။

စိုင်းနန္ဒ ခေါင်းဆတ်ခါလိုက်သည်။ မာစီဒီးကားဘေးတွင် လဲကျနေသူများကို ထားခဲ့ပြီး နေရာမှ ခွာသည်။ ဟိုတယ် အထွက်ပေါက်ဆီသို့ ခပ်သွက်သွက် လျှောက်သည်။ ကိုယ်ပိုင် လမ်းတစ်လမ်းကို တွေ့သဖြင့် ထိုလမ်းအတိုင်း ဆက်လျှောက်သည်။ အင်းလျားလမ်းပေါ်သို့ အရောက်တွင် ကားတစ်စီး သူ့ဘေးမှ ကျွီခနဲ ထိုးရပ်သည်။ ကားရပ်လျှင် ရပ်ချင်း ကားပေါ်မှ လူလေးယောက် အပြေးအလွှား ဆင်းလာပြီး စိုင်းနန္ဒကို ဝိုင်းရံလိုက်သည်။





"ဘယ့်နှယ်လဲ သူရဲကောင်းကြီး၊ ငါတို့ ပြန်တွေ့ပြီနော်"

ဆံပင်ရှည်ရှည်ကို နောက်လှန်ဖြီးထားသော၊ သွားကြားထိုးတံကို ပါးစပ်တွင် တပ်ထားသော လူက ရိသဲ့သဲ့ ပြောသည်။ ထိုသူ၏ဘေးမှာ စောစောက စိုင်းနန္ဒနှင့် ရင်ဆိုင်ခဲ့သော ကတုံးဆံတောက်နှင့်လူ။

မိုးမိုးအား ဖမ်းဆီးသူတွေမှာ အဖော်ပါမှန်း မျက်နှာချင်းဆိုင်ရမှ သိသည်။ ထိုသူတို့က ကားတစ်စီးနှင့် သတ်သတ် စောင့်နေကြခြင်းဖြစ်မည်။

စိုင်းနန္ဒ ခြေခွဲပြီး ရပ်သည်။ ဆံပင် နောက်လှန်ဖြီးထားသူက ရှေးခေတ် မင်းသားကြီး ခင်မောင်ရင် ရယ်သလို ရယ်သည်။

ထိုသူ ရယ်နေစဉ်မှာပင် စိုင်းနန္ဒ ရှေ့ကို လွှားခနဲ ခုန်ထွက်ကာ ဆံပင်နောက်လှန်ဖြီးထားသူကို ကန်သည်။ မြေပြင်ပေါ် ပြန်အကျတွင် ကတုံးဆံတောက်နှင့်လူကို တံတောင်ဖြင့် တွတ်သည်။

"ဟော့...ကြာတယ်၊ မြန်မြန်ရှင်း"

ဖြောင်းခနဲ ပွင့်ထွက်လာသော မောင်းပြန်စားသံ။ တဝီဝီ ဝေ့ယမ်းလိုက်သော တုတ်သံတို့ကို ကြားရသည်။

စိုင်းနန္ဒ ဖျတ်ခနဲ နောက်သို့ ခုန်ဆုတ်သည်။ လေးယောက်အနက် သုံးယောက် ရှေ့တိုးလာသည်။ ဒုတိယ

အကြိမ် တံတောင်ချက် မိသွားသော ကတုံးဆံတောက်နှင့်လူ လမ်းဘေးမှာ လဲကျ ကျန်ရစ်သည်။

စိုင်းနန္ဒ ဓားသမားကို အာရုံစိုက်မိသွားသည်။ ဓားသမား ခြေခွဲပြီး ကိုယ်ကို ကိုင်းပြီးရပ်နေသည်။ ခွဲထားသည့် ခြေက ညီမနေ။ ဘယ်ခြေကို ရှေ့ထုတ်ထားသည်။ ဓားကိုင်လက်ကို ဆန့်ထားသည်။

ဓားသမား ရိပ်ခနဲ လှုပ်ရှားသည်။ ဓားကို အဖြောင့်ကိုင်ပြီး ခုန်ဝင်သည်။ စိုင်းနန္ဒက ဘယ်ခြေ ညာခြေကပ်ပြီး ခုန်ရှောင်သည်။ ဓားသမားက ကိုယ်ကို လျင်မြန်စွာ လှည့်ပြီး ဝိုက်ထိုးသည်။ လက်အနုတ်အသိမ်း မြန်သည်။ ထိုးပုံ တွတ်ပုံ အားပါသည်။ အရှောင်မကောင်းလျှင် သည်နေရာမှာပင် ပွဲချင်းပြီးသေနိုင်ကြောင်း စိုင်းနန္ဒ သိသည်။ ထို့ကြောင့် သူက သွက်သွက်မြန်မြန် ရှောင်သည်။

ဘယ်ညာ ဝိုက်ထိုးလိုက်သောဓားချက် ဝင်လာသည်။ စိုင်းနန္ဒက ဒူးညွှတ်ပြီး ရှောင်သည်။ ရှောင်ရင်း ဓားသမား၏ အောက်ပိုင်းကို ခြေစောင်းဖြင့် သိမ်းရိုက်သည်။ ဓားသမား ဟန်ပျက်သွားစဉ် ဓားကိုင်လက်ကို လက်ဝါးစောင်းဖြင့် ခပ်ဆတ်ဆတ် ခုတ်သည်။

"ဒုတ်"

"အား"





အသံနှစ်သံ တစ်ပြိုင်နက်တည်း ပေါ်လာသည်။ ဓားသမား၏လက်မှ ဓားလွတ်ကျသွား၏။ စိုင်းနန္ဒက လူချင်းဝင်ပူးပြီး ဓားသမား၏အရှိုက်ကို လက်ခေါက်ချွန်ဖြင့် ထိုးသည်။ ဓားသမား ခွေခနဲ အကျတွင် စိုင်းနန္ဒ ဘေးသို့ ခုန်ထွက်သည်။

သူက အခုန်၊ တုတ်သမားကအရိုက် ကြုံကြိုက်ပြီး ပြင်းထန်သောတုတ်ချက် ပခုံးပေါ်သို့ ကျသည်။ တုတ်ချက်ကြောင့် လမ်းဘေးသို့ ပစ်ကျသွား၏။ နာကျင်နေသည်ကို ဂရုမစိုက်နိုင်။ သူက ကိုယ်ကို လှိမ့်ထွက်ပြီး ခုန်ထသည်

ကားတစ်စီး ဝေါခနဲ မောင်းဝင်လာသည်။ စိုင်းနန္ဒ၏ လင်းယုန်ပြိုင်ကား ပုပုနိမ့်နိမ့်လေး။ ကားနီလေးထဲမှ ဖြူဖွေးသော လက်တစ်ဖက် အပြင်ကိုထွက်လာသည်။ အသံတိတ်ပြောင်းပို တပ်ထားသော သေနတ်ပြောင်းစတစ်ခုက စိုင်းနန္ဒကို ဆက်လက်တိုက်ခိုက်ရန် ပြင်နေသူ သုံးယောက်အား ချိန်လိုက်သည်။

"ရပ်လိုက်စမ်း၊ သုံးယောက်စလုံး နောက်ကိုဆုတ်၊ မြန်မြန်ဆုတ်နော်"

ဖောက်ခနဲ မြည်သံနှင့်အတူ တုတ်ကိုင်သမား၏ လက်ထဲမှ တုတ်ကို ကျည်ဆန် လာမှန်သည်။ သစ်သားစတွေ ဖွာခနဲ လွင့်စဉ်သွား၏။ တုတ်သမား ဒေါသပျက်သွားပြီး နောက်ကို အပြေးဆုတ်သည်။

ကျန်နှစ်ယောက် တုတ်သမားနှင့်အတူ လိုက်ဆုတ်သည်။

"ကားပေါ်တက်လေ"

မို့မို့က နောက်သို့ လှည့်မကြည့်ဘဲ ပြောသည်။ စိုင်းနန္ဒ ကားတစ်ဖက်တံခါးကို ဖွင့်ပြီး ကားပေါ်သို့ တက်လိုက်သည်။ မို့မို့က ကားကို တစ်ရှိန်ထိုး မောင်းထွက်သည်။ နှင်းဆီပန်းရနံ့ မွှေးပျံ့ကြိုင်လှိုင်နေသော ကားအတွင်းမှ လေကို အားရပါးရ ရှူပြီး စိုင်းနန္ဒ ထိုင်ခုံနောက်မှီတွင် ခေါင်းမှီချလိုက်လေသည်။

* * *

"ယူ ခဏနားလိုက်ရင် ကောင်းမယ်"

"ရပါတယ်၊ အခု နားနေတာပဲ"

မို့မို့၏ မျက်စောင်းတစ်ချက် ဝေ့ခနဲ ရောက်လာသည်။ မျက်လုံးအစုံကိုမှေးမှိတ်ထားသဖြင့် စိုင်းနန္ဒ မမြင်။ တုတ်ချက်မိထားသော ပခုံးကို လက်တစ်ဖက်ဖြင့် အုပ်ကိုင်ရင်း နာကျင်သည့်ဝေဒနာကို အံကြိတ်ခံနေသည်။

မို့မို့က ကားအရှိန်ကို မြှင့်လိုက်သည်။ ကား ဘယ်ကိုသွားနေမှန်း စိုင်းနန္ဒ မသိ။ သွားချင်ရာ သွားပါစေ၊ မို့မို့နှင့် အတူသွားနေရလျှင် ပြီးရောဟုသာ တွေးသည်။





ရှည်လျားသော လမ်းကို ဖြတ်သည်။ လမ်းကွေ့များကို ကွေ့သည်။ တစ်ခဏအကြာ ကားတုံ့ခနဲ ရပ်သွားသည်။

"ဆင်းလေ..."

"အင်..."

စိုင်းနန္ဒ မျက်လုံးဖွင့်ကြည့်သည်။ မီးတွေလင်းနေသော တိုက်ပုပုလေးတစ်လုံးရှေ့သို့ ရောက်နေကြောင်း သိလိုက်ရသည်။ မို့မို့က စိုင်းနန္ဒကို ပြောပြီး ကားပေါ်မှ ဆင်းသည်။ ရှမ်းဘောင်းဘီအနက် ဝတ်ထားသော လူကြီးတစ်ယောက် ရိပ်ခနဲ ထွက်လာပြီး တိုက်ပုလေးတံခါးကို သော့ဖွင့်ပေးသည်။

စိုင်းနန္ဒ ပျင်းတိပျင်းတွဲနှင့် ကားပေါ်မှ ဆင်းလိုက်သည်။ မို့မို့က စိုင်းနန္ဒကို တစ်ချက်ကြည့်ပြီး တိုက်ပုလေးအတွင်းသို့ ဝင်သည်။ စိုင်းနန္ဒ နောက်မှလိုက်၏။ တံခါးဖွင့်ပေးသည့်လူကြီး သံဆွဲတံခါးကို ပြန်ပိတ်ပြီး ထွက်သွားသည်။ မို့မို့က တိုက်ပုလေး၏ ဧည့်ခန်းမှာ ရပ်လိုက်သည်။

"ထိုင်ပါ"

စိုင်းနန္ဒက စက်ရုပ်တစ်ရုပ်လိုပင် ထိုင်လိုက်သည်။

"ယူက ဘယ်သူလဲ"

"နန္ဒ...စိုင်းနန္ဒ"

မို့မို့၏ မျက်လုံးအစုံ အရောင်တဖျပ်ဖျပ် လက်သွားသည်။ သူက စိုင်းနန္ဒဘေးမှာ လာထိုင်သည်၊ ဖြူဖွေး

နုနယ်သော ဖယောင်းလက်ကလေးဖြင့် စိုင်းနန္ဒ ပခုံးကို ညင်သာစွာ ကိုင်သည်။

"ဒဏ်ရာကို ကြည့်မယ်နော်"

"မဖြစ်လောက်ဘူး ထင်ပါတယ်"

မို့မို့ မျက်မှောင်လေး ကြုံ့လိုက်သည်။ စိုင်းနန္ဒက အင်္ကျီကို ချွတ်လိုက်၏။ ကျစ်လစ်သန်မာသော ခန္ဓာကိုယ် အပေါ်ပိုင်းမှာ အဝတ်အစား ကင်းမဲ့သွားသည်။ မို့မို့က စိုင်းနန္ဒ၏ပခုံးပေါ်မှ ဒဏ်ရာကို ကြည့်သည်။ တုတ်ချက်မိထားသည့် နေရာမှာ အညိုအမည်း စွဲနေသည်ကို တွေ့ရ၏။

"ဆေးလိမ်းပေးမယ်၊ ထိုင်နေနော်၊ မို့ ဆေးသွားယူလိုက်ဦးမယ်"

"နေပါဦး..."

"ဘာဖြစ်လို့လဲဟင် စိုင်း..."

"တရင်းတနှီးနိုင်လာသည့် ပြောဟန်။ စိုင်း ဟု ခေါ်လိုက်သံက ရင်ထဲသို့ ဖြတ်သန်းစီးဝင်သွား၏။

"မင်းနာမည် မို့လား"

"မို့မို့ပါ ရှင်..."

"ဒါပါပဲ၊ ကယ်တင်ရှင်မလေးရဲ့နာမည်ကို သိချင်လို့ မေးလိုက်တာပါ"

မို့မို့ ရယ်လိုက်သည်။ ဖြူဖွေးညီညာသော ပုလဲသွယ်သွားတန်းလေး လှက်ခနဲ ပေါ်သွား၏။ အရယ်အပြုံး



ကြောင့်လည်း မျက်နှာလေး အတိုင်းအဆမဲ့ လှသွားသည်။ မျက်တောင်ခတ်ရန် မေ့လျော့စွာနှင့် စိုင်းနန္ဒ တစ်ခဏမျှ အသက်ရှူရပ်သွား၏။

အဖြူရောင်ဝိညာဉ်မလေး ရယ်မောပြီး ထွက်သွားသည်။ စိုင်းနန္ဒက ဆိုဖာအိအိပေါ်တွင် သက်တောင့်သက်သာ ထိုင်သည်။ တစ်ခဏအကြာတွင် မို့မို့ ပြန်ရောက်လာသည်။ သူ့လက်ထဲတွင် ဒဏ်ကြေဆေးတစ်ဘူး။

"ငြိမ်ငြိမ်နေနော်"

"အင်းပါ"

နှင်းဆီရနံ့ သင်းသင်းပျံ့ပျံ့ကို ရှူရှိုက်ရမိသည်။ မို့မို့၏လက်ဖဝါးနုနုနွေးနွေးလေး စိုင်းနန္ဒ ပခုံးပေါ် ညင်သာစွာ လှုပ်ရှားသည်။ နူးညံ့သော အထိအတွေ့နှင့်အတူ ပြင်းရှရှ နိုင်သော ဒဏ်ကြေဆေးအနံ့ကို ရသည်။

"ကိုယ်က မို့ကို ဝင်ကူတာ၊ မို့က ကိုယ့်ကားကိုယူပြီး ဘာဖြစ်လို့ ထွက်ပြေးတာလဲ"

မို့မို့ ရယ်လိုက်ပြန်သည်။

"မို့ဘဝမှာ အခုလို အနှောင့်အယှက်ပေးခံရတာတွေနဲ့ အခါခါ တွေ့ဖူးနေတော့ ဘာကိုမှ မယုံဘူး၊ စိုင်းတို့တစ်တွေ စည်းဝါးရိုက်ပြီး မို့ကို ဝင်ပူးတာလို့ထင်မိတယ်လေ၊ ဒါကြောင့် ထွက်သွားတာ၊ ဒါပေမယ့် ဟုတ်ပါ့မလားဆိုတဲ့ သံသယ က ရှိနေတော့ မှောင်ရိပ်ထဲမှာ ကားရပ်ပြီး အခြေအနေ

ကြည့်ရတယ်၊ ဟိုလူတွေ လိုက်လာပြီး စိုင်းကို ရန်ရှာမှ ဒါဟာ စည်းဝါးရိုက်ထားတဲ့ လုပ်ဇာတ်မဟုတ်မှန်း သိလို့ စိုင်းကို ဝင်ကူတာပေါ့”

“ဟုတ်ကဲ့၊ အခုလို ကျွန်တော့်အပေါ် သဘောပေါက်နားလည်ပြီး ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ”

စိုင်းနန္ဒက ခေတ်ဟောင်းအကယ်ဒမီ မင်းသားကြီးတစ်ယောက်၏လေကို တုပြီး ခပ်ချွဲချွဲပြောသည်။ မို့မို့က စိုင်းနန္ဒကို ကြည့်ပြီး ရယ်၏။

“စိုင်းကို မို့က ကျေးဇူးတင်ရမှာပါနော်”

“ရပါတယ်၊ ဒီလို ကူညီဖို့က ယောကျ်ားတစ်ယောက်ရဲ့ တာဝန်ပဲ၊ ကိုယ့်ကို အထင်လွဲမခံရတာပဲ ကျေးဇူးတင်ေ ပါပြီ”

မို့မို့၏ မျက်စောင်းလှလှလေးတစ်ချက် ဝေ့ခနဲ ဝဲခ ကျလာသည်။ စိုင်းနန္ဒ ရင်ထဲမှာ လှပ်ခနဲ ခံစားလိုက်ရ၏ ဟိုယခင် လတ်လတ်ဖြူနှင့် တွေ့စဉ်က ခံစားချက်မျိုး လားဟု တွေးမိရင်း ရင်ထိတ်သွားသည်။ တင်းကျပ်သေ ဝေဒနာတစ်ရပ် သူ့နှလုံးသားဝန်းကျင်မှာ ပျံ့နှံ့သည်။

“မို့က ကျေးဇူးတရားကို မသိတတ်တဲ့ မိန်းမဆိုးလေ မဟုတ်ပါဘူးနော်၊ မသက်ာတဲ့ကြားက တကယ်ကျေး ပြုတဲ့လူဆိုရင် ကိုယ့်ကြောင့် ဒုက္ခရောက်မှာစိုးလို့ တစ်ပ လှည့်ပြီး ပြန်လာတာ၊ သိတယ် မဟုတ်လား”



စိုင်းနန္ဒ ခေါင်းညိတ်လိုက်သည်။ သူက မို့မို့၏ မျက်နှာကို ရွှန်းလဲ့တောက်ပသော မျက်လုံးအစုံဖြင့် ရူးရူး စားစား ကြည့်သည်။ တောက်ပ အရောင်လက်နေသော မျက်လုံးဒဏ်ကို မခံနိုင်ဟန် မို့မို့ မျက်လွှာချသည်။

“စိုင်းက သိပ်အကြည့်ရဲတာပဲ”

“ဆောရီး မို့ရယ်၊ ဆောရီးနော်၊ မို့မို့က သိပ်လှလွန်းတော့ ကိုယ် သတိလက်လွတ် ဖြစ်သွားတယ်၊ တကယ်ပါ၊ မို့မို့က သိပ်လှတာပဲ၊ ဟို...နတ်ပြည် မိုးသူဇာ ပျံကျလာလို့ ဆိုတဲ့ စကားလို...”

“အို...တော်ပါကွယ်”

မို့မို့၏ လက်ဖဝါးနုနုလေးက စိုင်းနန္ဒ ပါးစပ်ကို ညင်သာစွာ လှပိတ်သည်။ စိုင်းနန္ဒ ရယ်ပြီး မို့မို့လက်ကို ဆုပ်ကိုင်လိုက်၏။ နှစ်ယောက်သား မျက်လုံးအကြည့်ချင်း ဆုံလိုက်စဉ် ရင်ခုန်သံတွေ သောသောညံသွားလေ၏။

* * *

## [ဆယ့်တစ်]

"စိုင်း"

"အင်..."

"ကြည့်ကွယ်၊ သိပ်အပျင်းကြီးတာပဲ၊ ထံတော့နေ ဆယ်နာရီ ထိုးနေပြီ"

စိုင်းနန္ဒက မိုမို့ကို ပြုံးပြီး ကြည့်သည်။ ပြီး မျက် အစုံကို မှေးမှိတ်ကာ တစ်ဖက်သို့ လှည့်လိုက်၏။

"စိုင်း..."

"အင်..."

"ထဆို...မထဘူးလား၊ ခု ထ..."



မာမာထန်ထန် ပြောသံနှင့် နုနုနွေးနွေး လက်ဖဝါး လေး၏ အဆုပ်အကိုင်ကို ခံရသည်။ စိုင်းနန္ဒ မျက်လုံးအစုံ မှေးမှိတ်ထားလျက်နှင့် လက်မောင်းရင်းရှိရာသို့ မှန်းပြီး ဆွဲလိုက်သည်။

"အိုး..."

ရှင်ပျသောရယ်သံ၊ ကြည်နူးစွာရယ်သံ၊ လူးလွန့်သံ၊ သက်ပြင်းရှိုက်သံတို့နှင့်အတူ ရင်ထဲမှာ ဖိုခနဲ ဟာခနဲ လှပ်ခနဲ ခံစားရသည်။

ပြီးနောက် ရင်ထဲမှာ ဟာလာဟင်းသွားသည်။

ရင်ထဲမှာ ဘာမှ မရှိတော့။ ရင်ဗလာ။

"မို့"

စိုင်းနန္ဒ ပိုးသားလို နူးညံ့သော မိုမို့၏ဆံစနွယ် တို့ကို ပွတ်သပ်ရင်း ခေါ်သည်။

"ဟင်..."

သက်ပြင်းချသံနှင့်အတူ ပန်းလျလျနိုင်သော ထူးသံ ပေါ်လာသည်။

"ချစ်တယ်နော် မို့..."

"အင်...ဘယ်သူက ပြောလို့လဲ"

"ဒါဖြင့်ရင် မချစ်ဘူးပေါ့"

"ကို အဲသလို မလုပ်နဲ့နော်၊ မို့ကလေ စိုင်းကို ချစ်ပါတယ်ရှင်၊ တွေ့တာနဲ့ မိန်းမတို့ဣန္ဒြေ ပိတ်ဆို့လို့မရ

ဆိုသလို ဖြစ်သွားအောင် ဟန်ဆောင် မဆောင်နိုင်ဘဲ ချစ်မိပါတယ်ရှင်”

မိုမို့၏မျက်လုံးတွေ ကြည်လင် စိုလက်နေသည်။ ရွှန်းရွှန်းစားစား ကြည့်ရင်း မိုမို့ ပြုံးနေသည်။ မျက်နှာ အမူအရာကို ကြည့်ရုံနှင့် ကြားရသည့်စကားများက မိုမို့ ရင်ထဲမှလာသော စကားဖြစ်ကြောင်း သူ သိလိုက်သည်။

မျက်တောင်ကော့များ ပွင့်ဖျံ့စွာ၊ မျက်ဝန်းများ ရွှန်းလဲ့စွာ ကြည့်နေသော မိုမို့ အနားမှာ ထိုင်လိုက်သည်။ မိုမို့က စိုင်းနန္ဒ၏ ရင်ဘတ်ကို တွန်းလိုက်၏။

“သွား... မျက်နှာသစ်၊ ရေချိုး...မို့ ဆာလှပြီ”

မိုမို့ မျက်မှောင်လေးကြုံ့ပြီး ကြည့်သည်။ စိုင်းနန္ဒကို နှာခေါင်းတစ်ချက် ရှုံ့ပြကာ ထွက်သွားသည်။ စိုင်းနန္ဒ နေရာမှထပြီး အပျင်းတစ်ချက် ဆန့်သည်။ ပြီးနောက် ရေချိုးခန်းသို့ ဝင်လိုက်သည်။ ရေအေးအေးဖြင့် တစ်ကိုယ်လုံး သန့်သွား လန်းဆန်းသွားအောင် စိမ်ချိုးသည်။ ရေချိုး အဝတ်အစားလဲပြီးချိန်တွင် ထမင်းစားခန်းသို့ ကူးသည်။

ထမင်းစားခန်းမှာ မိုမို့ စားသောက်ဖွယ်ရာများ ပြင်ဆင် နေသည်။ စိုင်းက မိုမို့ ပြင်ဆင်ထားသည်တို့ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။ ရေနွေးဖြင့် ပြန်ပြုတ်ထားသော ရှမ်းခေါက်ဆွဲတွေ ထမင်းအုပ်တစ်လုံးနှင့် အပြည့်။ စားပွဲ



တစ်ဖက်တစ်ချက်မှာ ဟင်းရည်သောက် ကြွေပန်းကန်လုံး နှစ်လုံးကို မှောက်ထားသည်။ ရှေ့မှာ [illegible] တစ်လုံး။ ခရမ်းချဉ်သီးနိုင်နိုင်ဖြင့် ချက်ထားသည့် ကြက်သား ဟင်း တစ်ခွက်။ မြေပဲဆံကို လှော်ထောင်းထားသော မြေပဲမှုန့်ပန်းကန်။ ရိပ်ရိပ်ပါအောင် လှီးထားသော ကြက်သွန် မြိတ် ပန်းကန်၊ မုန်ညင်းချဉ်ပန်းကန်တို့ဖြင့် စားချင့်စဖွယ် ပြင်ဆင်ထားသည်။

“ရှမ်းခေါက်ဆွဲလား မို့...”

“ဟုတ်ပါတယ်ရှင်၊ မနက် အိပ်ရာထစာအဖြစ် စားမလို့ပါ၊ စိုင်း အပျင်းကြီးပြီး အိပ်နေတာနဲ့ မနက်စာ ဖြစ်သွားပြီ”

“ဘာစာအဖြစ်နဲ့ပဲ စားရ စားရ၊ ရှမ်းခေါက်ဆွဲ ကျွေးတာတော့ ရှမ်းကလေးက ကျေးဇူးတင်ပါတယ်”

မိုမို့က စားပွဲပေါ်မှောက်ထားသည့် ဟင်းရည်သောက် ပန်းကန်ကို လှန်ပြီး ခေါက်ဆွဲဖတ်များ ထည့်သည်။ ကြက်သားကို အမျှင်လေးများဖြစ်အောင် ဖိုပြီး ချက်ထား သည့် ဟင်းကို ထည့်သည်။ ပြီး မြေပဲမှုန့်၊ နမ်းထောင်း၊ မုန်ညင်းချဉ်၊ ဆား၊ အချိုမှုန့် တစ်မျိုးပြီး တစ်မျိုး ထည့် သည်။

နောက်ဆုံးတွင် ဓာတ်ဘူးဖွင့်ပြီး ဓာတ်ဘူးထဲမှ ရေနွေး များ ပန်းကန်ထဲသို့ လောင်းထည့်သည်။

○ မိုးဆမ်းပန်းစာပေ ○

“ဟား…အနံ့ကလေးက မွှေးလိုက်တာ”

“မြှောက်ပြောဖို့ မကြံနဲ့၊ စားစရာရှိတာ စား…”

စိုင်းနန္ဒ ရှမ်းခေါက်ဆွဲတစ်ဖွန်း ခပ်စားသည်။ ချဉ်ချဉ်စပ်စပ် ထူးကဲသောအရသာ လျှာဖျားမှာ စွဲသွား၏။

“ဒါ မို့ကိုယ်တိုင် ချက်တာနော်”

“ဒါပေါ့၊ ဒီမှာ ဘယ်သူရှိလို့ လာချက်ပေးမှာလဲ၊ ဒီအိမ်က မို့ တစ်ခါတလေ လာပြီး အနားယူတဲ့ အိမ်၊ ခြံထဲမှာ အိမ်စောင့် ဦးကောလီတို့ လင်မယားပဲ ရှိတယ်”

“ဦးကောလီ ဆိုတာ အိမ်တံခါးဖွင့်ပေးတဲ့ လူကို ပြောတာလား”

မို့မို့က ခေါင်းညိတ်ပြသည်။

စိုင်းနန္ဒက စကားပြောရင်း ရှမ်းခေါက်ဆွဲကို အားရပါးရ စားသည်။ ရှမ်းခေါက်ဆွဲ နှစ်ပန်းကန် ပြိုက်ခနဲ ကုန်သွား၏။

“ထည့်ဦးလေ…စိုင်း”

စိုင်းနန္ဒက နှုတ်ခမ်းကို လက်သုတ်ပဝါဖြင့်သုတ်ရင်း ခေါင်းခါသည်။

“တော်ပြီ မို့မို့၊ ဝပြီ”

“ကော်ဖီသောက်မလား၊ လက်ဖက်ရည် သောက်မလား၊ အထုပ်နော်၊ ကော်ဖီမစ်၊ တီးမစ်ပဲ ရှိတယ်”





“တီးမစ်လုပ်ပါ မို့မို့၊ အိပ်ရာထ စားသောက်ပြီးချိန်မှာ လက်ဖက်ရည်ကျကျတစ်ခွက်သောက်ရတာ ဘာနဲ့မှ မနှိုင်းယှဉ်နိုင်အောင် အရသာရှိတယ်”

“အဲဒါ စိုင်းအကြိုက်မို့ ပြောတာ မဟုတ်လား”

စိုင်းနန္ဒ ခေါင်းညိတ်လိုက်သည်။

“ကိုယ့်အကြိုက်လေ၊ လူဆိုတာ ကြိုက်တာလေးသုံး၊ ကြိုက်တာလေးစား၊ ပြီးတော့ ကြိုက်တဲ့လူနဲ့နေ…”

“တော်တော့၊ အဲဒီစကား ဘယ်ရောက်မလဲ ဆိုတာ မို့ သိတယ်”

လှပစွာ ပျံ့ဝဲလာသော မျက်စောင်းလိပ်ပြာကလေးကို နှစ်နှစ်သက်သက် ခံယူလိုက်သည်။ မိန်းကလေးတွေ စိတ်ကြည်နူးလျှင် မျက်စောင်းထိုးရန် ဘယ်သူကများ သင်တန်းပေးထားပါလိမ့်။ ထို သင်တန်းပေးသူကို ကျေးဇူးတင်မိသည်။ မို့မို့က ဓာတ်ဘူးထဲမှ ရေနွေး၊ လက်ဖက်ရည်အမှုန့် တစ်ထုပ်ဖြင့် လက်ဖက်ရည် ဖျော်ပေးသည်။ မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ ထုတ်လုပ်သော တီးမစ်။ အချိုလေးလေး၊ အကျများများနှင့် လျှာဖျားမှအရသာ ရင်ထဲသို့တိုင် စီးဝင်သွားသလို ခံစားရသည်။

“မနေ့ညက စားသောက်ပြီးရင် ဖက်ရှင်ပြပွဲတစ်ခုကို သွားမလို့ဟာ အစီအစဉ် ပျက်သွားတယ်၊ တကူးတက ဖိတ်ထားတဲ့လူကို ဖုန်းဆက်ပြီး တောင်းပန်ရမှာပဲ”

"ဖက်ရှင်ပြပွဲ...ဟုတ်လား၊ မိုးမိုး အဲဒီကို သွားလိုက်ရင် ပြပွဲက မော်ဒယ်လေးတွေ အရောင်မှိန်ဖျော့ကုန်မှာပေါ့"

"စိုင်းကတော့ လုပ်ပြီ၊ ဘာပြောပြော ရအောင် မြှောက်တယ်၊ စိုင်းလဲ အဲဒီကို သွားသင့်တယ်၊ အဲဒါဆိုရင် ဟိုက မော်ဒယ် မောင်လေးတွေ အောက်သွားလိမ့်မယ်"

စိုင်းနန္ဒက နှာခေါင်းတစ်ချက် ရှုံ့ပြီး ခေါင်းခါသည်။

မလိုလားဟန်၊ ရွံရှာဟန်ဖြင့် ပြောနေသော စိုင်းနန္ဒကို ကြည့်ပြီး မိုးမိုး ရယ်သည်။ တစ်ခဏအကြာတွင် ရယ်သံ ပျောက်သွားပြီး မိုးမိုးက တည်တည်ရူးရူးလေး ကြည့်လာသည်။





"စိုင်း..."

"ဟာင်...ဘာလဲ မိုးမိုး"

"ဒီအိမ်မှာက ညှော့သည့်ကို တစ်ညအိပ်ပဲ လက်ခံတယ်၊ အခု စိုင်းကို ကျွေးမွေးပြီးပြီ၊ ပြန်တော့"

"ပြန်တော့၊ ဟုတ်လား၊ နေပါဦး...ကိုယ်က ဘယ်ကို ပြန်ရမှာလဲ"

စိုင်းနန္ဒက အံ့အားတသင့် မေးသည်။

"ကိုယ့်အသိုက်ရှိရာ ကိုယ်ပြန်ပေါ့"

"ကိုယ်က လေလွင့်ငှက်ပါ မိုး၊ ကိုယ့်မှာ အသိုက်မရှိပါဘူး၊ ရန်ကုန်ရောက်နေချိန်မှာ ကြုံသလိုစား စခန်းသွားနေရတာယ်"

"ဟာင်၊ စိုင်းက ရန်ကုန်မှာနေတာ မဟုတ်ဘူးလား"

"မနေပါဘူး၊ ကိုယ့်အိမ်က တောင်ကြီးမှာပါ၊ အိမ်မှာလဲ ဘယ်သူမှမရှိလို့ ကိုယ်က ဒီလိုပဲ လေတိုက်ရာ လွင့်နေတာ"

"စိုင်းရဲ့ အိမ်သားတွေကော၊ မိုး မေးတာက မိဘတွေ၊ မောင်နှမတွေကိုပါ"

စိုင်းနန္ဒမျက်နှာမှာ မှိုင်းညို့သည့်သဏ္ဌာန်များ ထင်လာသည်။ သူက ခေါင်းတစ်ချက် ဆတ်ခါပြီး သက်ပြင်းချလိုက်၏။

"ကိုယ့်မှာ ဘယ်သူမှ မရှိတော့ပါဘူး မို့၊ အဖေနဲ့ အမေက ဓားပြတွေသတ်လို့ ဆုံးသွားပြီ၊ ကိုယ့်အချစ်ဆုံး ညီမလေးလဲ ဒီလိုပဲ အသတ်ခံလိုက်ရတယ်"

"အို..."

မို့မို့၏နှုတ်ခမ်းစုံတို့ ဝ,လုံးလို ဝိုင်းသွားသည်။ သူ့မျက်လုံးစုံမှာ အံ့အားသင့်ဟန်၊ စိတ်မကောင်းဖြစ်သွားဟန်တွေ ထင်လာသည်။

"မို့ မသိလို့ မေးမိတာပါနော် စိုင်း"

စိုင်းနန္ဒ တစ်ချက်ရယ်လိုက်သည်။ သူ့ရယ်သံက ခြောက်ကပ် အက်ကွဲနေ၏။

"မို့ မမေးရင်တောင် ကိုယ်က ဒီအကြောင်းတွေ ပြောပြမှာပါ၊ ဖြစ်ပြီးသွားတဲ့ကိစ္စပဲ မို့ရယ်၊ ယောကျ်ားတစ်ယောက်အနေနဲ့ စိတ်မကောင်းဖြစ်တာလောက်ကို ကိုယ်ခံနိုင်နေပါပြီ"

"စိုင်းရယ်"

မို့မို့ စိုင်းနန္ဒအနားသို့ ထွက်လာသည်။ စိုင်းနန္ဒ၏ ပခုံးကို ညင်သာစွာ ကိုင်သည်။

ပျောင်းနွဲ့ခွေလိပ်နေသော ဆံစတွေကို အသာအယာ ဖွသည်။

မို့မို့ထံမှ အကြင်နာတွေ ရင်ထဲသို့ ပျော်ဝင် စီးဆင်းလာသလို ခံစားရသည်။





ကြေကွဲရိပ်သန်းနေသော စိုင်းနန္ဒ၏ မျက်နှာမှာ ကြည်နူးပြုံးလေးတစ်ပြုံး ပေါ်လာလေ၏။

* * *

စိုင်းနန္ဒရောက်နေသော မို့မို့၏ တိုက်ပုလေးရှေ့တွင် သစ်သားအိမ်မည်းမည်းတစ်လုံး ရှိသည်။ ရေနံဝအောင် သုတ်ထားသော ခြေတံရှည် ရှေးမြန်မာအိမ်။ ဆင်ဝင်မြင့်မြင့်တစ်ခု။ အပေါ်တွင် သစ်သားတရုတ်ကပ် တပ်ထားသော အခန်းတစ်ခန်း ရှိသည်။

အခန်းရှေ့တည့်တည့်တွင် ဖွင့်ထားသော ပြတင်းပေါက်တစ်ပေါက် ရှိသည်။ ပြတင်းပေါက်တွင် အစိမ်းရောင် ခန်းဆီး တပ်ဆင်ထားသည်။ ခန်းဆီးက လေအလာတွင် တဖျပ်ဖျပ် လှုပ်နေသည်။

ပြတင်းပေါက်ဘောင် တည့်တည့်တွင် ထိုင်ခုံတစ်ခု ချထားပြီး ထိုင်ခုံပေါ်၌ နှုတ်ခမ်းမွေး ဘရှင် ထိုင်နေသည်။ သူ့ရှေ့တွင် အားကောင်းသည့် မှန်ပြောင်းတစ်ခု။ တရုတ်ကပ် ကြားသို့ တိုးဝင်အောင် တပ်ဆင်ထားသည်။

ကိုယ်အထက်ပိုင်း ဗလာ။ ခြေဗလာနှင့် ပင်နီရှမ်းဘောင်းဘီတစ်ထည်ကို ခါးပတ်သေးသေးပတ်ကာ ဝတ်ဆင်ထားသော စဝ်ရန်နိုင် ပြတင်းပေါက်အနီးသို့ လျှောက်လာ

သည်။ ပြတင်းပေါက်အကွယ်တွင် ရပ်ပြီး နှုတ်ခမ်းမွေးဘရှင်ကို ငုံ့ကြည့်သည်။

"ဘယ်လိုလဲ မွေးကြီး"

နှုတ်ခမ်းမွေး ဘရှင်က မှန်ပြောင်းတွင် မျက်လုံးတစ်ဖက်ကပ်ပြီး ကြည့်နေရာမှ ခွာလိုက်သည်။ ပြုံးဖြီးဖြီးအမူအရာနှင့် စဝ်ရန်နိုင်ကို မော်ကြည့်၏။

"ရှမ်းကလေး ကြီးပွားနေပုံကို ကိုယ့်ဘာကိုယ်ပဲ ကြည့်ပေတော့"

နှုတ်ခမ်းမွေးဘရှင် ထိုင်ခုံပေါ်မှ ထသည်။ စဝ်ရန်နိုင်က ကိုယ်ပေါ်တွင် သီးစို့နေသော ချွေးများကို လက်ဖြင့် သုတ်သည်။

ပြီး ထိုင်ခုံတွင် ဝင်ထိုင်။ မှန်ပြောင်းတွင် ချိတ်ထားသော နားကျပ်ကို ကိုင်းအခုံးလေး ခေါင်းပေါ်အုပ်ကာ တပ်သည်။

နားကျပ်နှစ်ခုက နားနှစ်ဖက်မှာ အံဝင်ခွင်ကျဖြစ်သွား၏။ နားထဲတွင် လှုပ်ရှားသံ၊ အသက်ရှူသံ ပြင်းပြင်းတို့ တိုးဝင်လာသည်။ စဝ်ရန်နိုင်က မျက်စိတစ်ဖက်မှိတ်ပြီး ကျန် မျက်စိတစ်ဖက်ဖြင့် မှန်ပြောင်းတွင် ကပ်ကြည့်သည်။

မှန်ပြောင်းမှ အခန်းတစ်ခန်းကို မြင်ရသည်။ အခန်းထဲ၌ အညိုရောင် သားရေအုပ် ဆိုဖာရှည်ကြီးရှိသည်။ ဆိုဖာရှည်ကြီးပေါ်တွင် စိုင်းနန္ဒ ရှိနေသည်။ သူ့မှာ အကျႌ





မပါ။ သူ့တစ်ကိုယ်လုံးမှာ ချွေးတွေ ရွှဲနစ်နေသည်။ အသက်ပြင်းပြင်းရှူတိုင်း သူ့ရင်ဘတ် ဖောင်းကြွတက်လာသည်။

သူ့လက်မောင်း၊ သူ့ရင်ဘတ်၊ သူ့ကျောပြင်တို့မှာ ချွေးကြောင့် ပြောင်လက်နေသည်။

"စိုင်း"

"ကိုယ် ခဏနားပါရစေ မို့"

"စိုင်းက သိပ်အပင်ခံတာကိုး၊ ဒီဘက်ကို လှည့်ပါဦး၊ ကြည့်စမ်း၊ တစ်ကိုယ်လုံး ချွေးတွေချည်းပဲ၊ မို့ သုတ်ပေးမယ်နော်"

"အင်း"

မို့မို့က ဆိုဖာရှည်ပေါ် တင်ပါးလွှဲ ဝင်ထိုင်သည်။ စိုင်းနန္ဒ ကိုယ်ပေါ်မှ ချွေးများကို မွေးပွသဘက်တစ်ထည်ဖြင့် သုတ်ပေးသည်။

"စိုင်းက အမြဲတမ်း ဒီလိုပဲ လေ့ကျင့်သလား ဟင်"

စိုင်းနန္ဒ ခေါင်းညိတ်ပြလိုက်သည်။

မိုးပြာရောင် ဝတ်ဆင်ထားသော မိုးပြာရောင်မလေး မြင်ကွင်းထဲမှ ပျောက်သွားသည်။ စဝ်ရန်နိုင်က အနားမှာ ရှိနေသော နှုတ်ခမ်းမွေး ဘရှင်ကို ဖျတ်ခနဲ ကြည့်၏။

"မွေးကြီး၊ စောစောက စိုင်းနန္ဒ သိုင်းလေ့ကျင့်တာ မဟုတ်လား"

"ဟုတ်တယ်၊ လေ့ကျင့်တာ ပြီးသွားတော့ မို့မို့က သူ့ကို ဆိုဖာပေါ် တွဲပို့တယ်ကွ၊ ကြင်နာနေတာလေ"

"ကောင်မလေးကြည့်ရတာ စိုင်းနန္ဒအပေါ် သံယောဇဉ် တော်တော်ရှိသွားပုံပဲ၊ ကျွန်တော်တို့ဘက်က စိတ်ခိုင်ပါ့ မလား မသိဘူး"

"မင်းပဲ... ဒီကောင် စိတ်သိပ်ခိုင်တယ်၊ သိပ် မာကျော တယ်ဆိုကွ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ သူ့လို မာကျောတဲ့လူ အတော်များများ နှလုံးသားရေးရာနဲ့ပတ်သက်ရင် ပျော့သွား တာ တွေ့ဖူးလို့၊ သူ့မှာက မိဘနဲ့ပတ်သက်တဲ့ခံစားချက် ညီမနဲ့ပတ်သက်တဲ့ ခံစားချက်တွေလဲ ရှိနေတော့ မို့မို့တို့ သံယောဇဉ်တွယ်သွားရင် အခြေအနေ တစ်မျိုးဖြစ်သွား လိမ့်မယ်"

စကားပြောရင်းမှ စဝ်ရန်နိုင် သက်ပြင်းချသည်။ ပြီး သူက အဝေးကြည့်မှန်ပြောင်းမှတစ်ဆင့် စိုင်းနန္ဒတို့ အခြေအနေကို ကြည့်သည်။

အခန်းထဲသို့ အရည်အပြည့်ပါသော ဖန်ခွက်တစ်လုံး ကိုင်ပြီး ဝင်လာသည့် မို့မို့ကို တွေ့ရသည်။

"ရော့...စိုင်း၊ သံပုရာရည် အေးအေးလေး သောက် လိုက်"





စိုင်းနန္ဒက သံပုရာရည် ဖန်ခွက်ကို လှမ်းယူပြီး ဖြည်းညင်းစွာ သောက်သည်။ မို့မို့က စိုင်းနန္ဒကို ငေးကြည့် နေ၏။

"စိုင်း လေ့ကျင့်နေတုန်းက ဖုန်းမြည်တာကို သတိ ထားမိလား ဟင်"

"ဟုတ်တယ်၊ အဲဒါကို ကိုယ်မေးမလို့"

"ဖေဖေ့ဆီက ဖုန်းပါ၊ ဖေဖေက မို့ကို သူ့ဆီ လိုက် လာဖို့ ခေါ်တယ်၊ သန်ဘက်ခါကျရင် ဖေဖေ့ဆီကို မို့ လိုက်သွားရမယ်"

"ဟင်...ဟုတ်လား၊ ကိုယ်တော့ လွမ်းကျန်ရစ်ရမှာပဲ"

မို့မို့က စိုင်းနန္ဒကို စူးစူးစိုက်စိုက် ကြည့်သည်။ တစ်စုံတစ်ရာ ဆုံးဖြတ်လိုက်ဟန်။ သူ့မျက်နှာ တဖြည်းဖြည်း ပြုံးလာ၏။

"စိုင်း"

"ဟင်၊ ဘာလဲ မို့..."

"မို့သွားရင် စိုင်း လိုက်ခဲ့မလား ဟင်"

"မို့က ဘယ်ကို သွားမှာလဲ၊ ကိုယ်လိုက်ရင် မို့ အဖေကကော ကျေနပ်ပါ့မလား"

"မို့က မိတ်ဆွေတစ်ယောက်လိုခေါ်သွားတာ ဖေဖေ ကန့်ကွက်တတ်ပါဘူး၊ မို့မှာ ဒါလောက်တော့ လွတ်လပ်ခွင့် ရှိပါတယ်"

"ကိုယ်က မိတ်ဆွေ မဟုတ်ဘူးလေ မို့ရဲ့၊ အဲဒါ ယောကျ်ားမကြီး ကျေနပ်မှဖြစ်မှာ"

မို့မို့က စိုင်းနန္ဒ ကျောပြင်ကို တစ်ချက်ထုသည်။

"ဘာယောကျ်ားမကြီးလဲ၊ သူကိုက ပါးစပ်နဲ့ဖြစ်ဖြစ် အသားယူရမှ၊ ဟွန်း...မပြောလိုက်ချင်ဘူး"

"မပြောပါနဲ့ မို့ရယ်"

စိုင်းနန္ဒ၏အသံက ချွဲနွဲ့နေသည်။ နှာကျပ်ထဲမှ ကြားနေရသော အသံ။ မှန်ပြောင်းမှတစ်ဆင့် မြင်နေရသော စိုင်းနန္ဒ၏ ဟန်ပန်တို့ကြောင့် စဝ်ရန်နိုင် ပြုံးလိုက်သည်။

"မို့ မေးတာကိုဖြေလေ စိုင်း၊ တို့ သွားရင် လိုက်မှာလား"

"လိုက်မှာပေါ့ မို့ရယ်၊ ဝမ်းသာအားရ လိုက်မှာပေါ့"

"ဘယ်ကိုသွားမှာလဲလို့ မမေးတော့ဘူးလား"

"မို့နဲ့သွားရမယ်ဆိုရင် ဘယ်ကိုပဲဖြစ်ဖြစ် ကိုယ် အဆင်သင့်ပါပဲ၊ ဆီဒိုးနား သွားမလား...သွား...မငြင်းဘူး"

မို့မို့၏ လက်နက်မျက်စောင်းလေး ဝဲခနဲ ပြေးထွက်လာပြန်သည်။

"သိပ်ပိုတာပဲ၊ ကိုပိုကြီး၊ သွားမယ့်နေရာပဲ မသိချင်ဘူးလို့"

"အခု သိချင်လာပြီ၊ ဘယ်သွားမှာလဲ၊ ပြောပါဦး"



"မော်ကျွန်း၊ အဲဒီမှာ ဖေဖေပိုင်တဲ့ ရောဝတီဟိုတယ် ရှိတယ်၊ အဲဒီကို သွားမှာ"

"ဘာနဲ့ သွားမှာလဲ"

"စပီဘုတ်နဲ့ပေါ့၊ ဇိမ်ခံမော်တော်တွေတော့ရှိပါတယ်၊ ရေလမ်းက ရှစ်နာရီလောက် သွားရတာ၊ ပျင်းဖို့ကောင်းတယ်၊ စပီဘုတ်နဲ့ဆို နှစ်နာရီခွဲလောက်ဆို ရောက်မှာ"

"ကောင်းတယ်၊ ကိုယ်လဲ သွားချင်တဲ့နေရာကို မြန်မြန်ဆန်ဆန် ရောက်တာပဲ ကြိုက်တယ်၊ စပီဘုတ်က မို့တို့ အပိုင်လား"

"ရောဝတီဟိုတယ်ပိုင်လေ"

"မို့ကလဲ မို့အဖေပိုင်တာ မို့ပိုင်တာပဲပေါ့၊ ဘာဖြစ်လို့ ခွဲခြား ခွဲခြား ပြောနေတာလဲ"

"မို့က မို့အင်အားနဲ့ မို့ရှာတာကိုမှ ကိုယ့်ပစ္စည်းအဖြစ် သတ်မှတ်တာ၊ ဖေဖေ့ ပစ္စည်းတွေက မို့နဲ့ဆိုင်ပေမယ့် မပိုင်ဘူးလေ"

"ထားပါတော့ဗျာ၊ ထားပါတော့၊ ခရီးထွက်မှာဆိုတော့ ကိုယ် တည်းခိုနေတဲ့ တည်းခိုခန်းကို ခဏသွားဦးမယ်၊ အခန်းခတွေပေးပြီး ပစ္စည်းတွေ သိမ်းရမယ်"

"မို့လဲ အခု အပြင်ခဏ သွားမလို့၊ စိုင်း နေခဲ့နော်၊ ရေမိုးချိုးပြီးမှ အပြင်ထွက်"

"ဘာဖြစ်လို့လဲ မို့ရဲ့၊ အတူတူ သွားမှာပေါ့"

"စိုင်းက ရေချိုးမှာနဲ့၊ အဝတ်အစားလဲမှာနဲ့ ကြာဦးမှာ၊ မို့က အပြင်သွားဖို့ အဆင်သင့် ဖြစ်နေပြီ"

"ကဲပါဗျာ၊ သွားပါ၊ ကိုယ့်ဘာသာကိုယ် နောက်မှပဲ သွားမယ်"

"မိုးမချုပ်ခင် ပြန်လာခဲ့နော်"

စိုင်းနန္ဒ ခေါင်းညိတ်ပြသည်။ မို့မို့ မြင်ကွင်းထဲမှ ပျောက်သွား၏။ စဝ်ရန်နိုင်က နားကြပ်ကို ဖြုတ်သည်။ မှန်ပြောင်းရှေ့မှ ခွာသည်။

"ကောင်မလေး တက္ကစီနဲ့ ထွက်သွားပြီ"

"ကျွန်တော်တို့လဲ အပြင်ထွက်မယ်၊ စိုင်းနန္ဒ ထွက်လာရင် တစ်ခါတည်း လိုက်သွားမယ်"

နှုတ်ခမ်းမွေး ဘရှင် ခေါင်းညိတ်ပြသည်။ သူက စဝ်ရန်နိုင်နှင့်အတူ အခန်းထဲမှထွက်ခဲ့သည်။ အိမ်အပေါ်ထပ်မှ ဆင်းခဲ့ပြီး အောက်ထပ် ကွပ်ပျစ်တစ်လုံးပေါ်တွင် ရေနွေးကြမ်း ထိုင်သောက်နေကာ သူ့အနီးမှ ရပ်လိုက်သည်။

"ကျွန်တော်တို့ သွားမယ်"

ရေနွေးကြမ်းသောက်နေသူ ခေါင်းညိတ်ပြသည်။ စဝ်ရန်နိုင်နှင့် နှုတ်ခမ်းမွေးဘရှင်တို့ ပခုံးချင်းယှဉ်ပြီး အိမ်အပြင်သို့ ထွက်သည်။ သူတို့ လမ်းပေါ်ကိုအရောက်တွင် မို့မို့၏အိမ်ဝင်းထဲမှ လင်းယုန်ပြိုင်ကား နီနီနိမ့်နိမ့်လေး ထွက်လာသည်။ ဝေါခနဲ မောင်းထွက်လာသည့် ကား





စဝ်ရန်နိုင်တို့ အနားမှာ ငြိမ့်ခနဲ လာရပ်သည်။ စဝ်ရန်နိုင်နှင့် နှုတ်ခမ်းမွေးဘရှင်တို့ ကားပေါ်သို့ တက်လိုက်ကြ၏။

"သူ သန်ဘက်ခါ သူ့အဖေဆီကို လိုက်သွားလိမ့်မယ် စဝ်"

"ငါတို့ သိပြီးပြီ၊ မင်းတို့ ပြောနေတာတွေကို ကြားတယ်၊ မင်းတို့ကိုလဲ မြင်တယ်၊ မင်း သူနဲ့လိုက်သွား ငါတို့ နောက်က ပါလာမယ်"

စိုင်းနန္ဒက ခေါင်းညိတ်ပြပြီး ကားကို မောင်းထွက်သည်။ လင်းယုန်ပြိုင်ကားလေး လျင်မြန်စွာ ပြေးထွက်၏။

* * *

## [ဆယ့်နှစ်]

နှစ်ယောက်စီး ရေပေါ်ရှပ်ပြေးယာဉ်လေး ရိပ်ရိ
ပါအောင် ပြေးနေသည်။ မြစ်ကျယ်ကြီးကို ဖြတ်ပြီး ချော
ထဲသို့ ဝင်သည်။ မို့မို့က ရေပေါ်ရှပ်ပြေးယာဉ်(စပိဘုတ်
ကို ကျင်လည်စွာ ထိန်းသိမ်းမောင်းနှင်နေသည်၊

ရှေ့မှာ အငူစွန်းတစ်ခု။ အထပ် နှစ်ဆယ် အမြင့်
အဆောက်အအုံ အငူစွန်းတွင် မှေးတင်ထားသလို ရှိသည

"အဲဒါ ရောဝတီပဲ"

မို့မို့က စက်ရှိန်လျှော့သည်။ မြစ်ဆုံကို ကွေ့ပတ်
ရေဆင်းတံတားတွင် စပိဘုတ်ကို ထိုးဆိုက်သည်။ တံတာ





ပေါ်တွင် ရှိနေသော အဝါရောင်ဝတ်စုံပြည့်နှင့် ဝန်ထမ်း တစ်ယောက်က စပိဘုတ်မှ ပစ်တင်ပေးသော ကြိုးကို ဆွဲယူပြီး တံတားတိုင်တွင် ချည်နှောင်လိုက်သည်။

စိုင်းနန္ဒက စပိဘုတ်ပေါ်မှနေ၍ ပတ်ဝန်းကျင်ကို ကြည့်သည်။ ကွေ့သွားသော မြစ်ဘယ်ဘက်ခြမ်းများ၊ လူနေအိမ်များ၊ ဆန်စက်များ၊ ညာဘက်ခြမ်းမှာ မြင့်မားသော မုခ်ဦးနှင့် မော်ကျွန်းမြို့။ လှပသော ဆိပ်ခံကို လှမ်းမြင်နေရသည်။

"ဒါ တုံးလှုံမြစ်၊ ဟိုရှေ့က မြို့ပေါ့၊ မြို့ပေါ်ကနေ ရောဝတီကိုလာဖို့ လူကူး ကားကူးတံတား ရှိတယ်"

"ဒီမှာ ကားရှိတယ်ပေါ့၊ ဟုတ်လား"

"ရှိတယ်၊ ဟိုမှာတွေ့လား၊ အဲဒါ ကားလမ်းပေါ့၊ မို့က တမင်သက်သက် ရေလမ်းကနေ လာတာ၊ ကားလမ်းက လာရင်လဲ အချိန်က ဒါလောက်ပဲ ကုန်ပါတယ်၊ လာ စိုင်း၊ အပေါ်ကို တက်မယ်"

မို့မို့က ဦးဆောင်ပြီး ရေဆင်းတံတားပေါ်သို့ တက်သည်။ ရပ်ဘတ်မှာ ရောဝတီဆိုသည့် ပိုးကြိုးထိုး စာတန်းပါသော အဝါရောင်ဝတ်စုံဝတ် ဝန်ထမ်းက မို့မို့ကို အရိုအသေပြုလိုက်သည်။

"ဖေဖေ ရှိတယ် မဟုတ်လား"

"ရှိပါတယ်၊ ဆရာကြီးက မမလေးကို စောင့်နေပါတယ်"

မို့မို့က စိုင်းနန္ဒကို ခေါင်းညိတ်ပြပြီး ရှေ့မှ လျှောက်ထွက်သည်။ စိုင်းနန္ဒ နောက်မှ လိုက်သည်။ ကွန်ကရိ ခင်းလမ်းအတိုင်း ကိုက်နှစ်ဆယ်ခန့် လျှောက်မိသည်နှင့် မြင့်မားသော အဆောက်အအုံရှေ့သို့ ရောက်သည်။

ဧရာဝတီဟိုတယ် အဝင်တံခါးရှေ့တွင် အဝါရောင်ပိုးသားဝတ်စုံ ဝတ်ထားသော မိန်းကလေးနှစ်ယောက် ရပ်နေသည်။ မိန်းကလေးနှစ်ယောက်က ပြုံးရွှင်သော မျက်နှာနှင့် မို့မို့အား ကြိုသည်။

"မမလေးကို ဘော့စ်က တတိယထပ်ကနေ စောင့်နေပါတယ်ရှင်"

မှန်တံခါး ညင်သာစွာ ပွင့်သွားသည်။ မို့မို့ထဲအတွင်းသို့ ဝင်လိုက်၏။

ကျွန်းသားအကွက်ပေါ်နေသော ကြမ်းခင်းပေါ် ဖြတ်နင်းပြီး ဧည့်ခံခန်းမသို့ ဝင်သည်။ ဧည့်ခံခန်းမမှ တစ်ဖက်ထောင့်တွင် ဓာတ်လှေခါးခန်း ရှိသည်။ မို့မို့က ဓာတ်လှေခါးခန်းသို့ ဝင်သည်။ ဓာတ်လှေခါးဖြင့် တတိယထပ်သို့ တက်သည်။

တတိယထပ်သို့ အရောက်တွင် ဓာတ်လှေခါး ရပ်သွားသည်။ တံခါးပွင့်အသွားမှာ အပြင်ဘက်တွင်ရပ်နေသော





လတ်လတ်ဖြူကို တွေ့လိုက်ရ၏။ မို့မို့ ဘေးတွင် ရပ်နေသော စိုင်းနန္ဒ၏ကိုယ် ဆတ်ခနဲ တစ်ချက်တုန်သွားသည်။ ချက်ချင်းပင် သူက သူ့ကိုယ်သူ ထိန်းသိမ်းလိုက်၏။

"အန်ကယ် ဦးသီလ အခန်းထဲက စောင့်နေပါတယ်၊ လတ် နောက်က လိုက်ခဲ့ပါနော်"

လတ်လတ်ဖြူက စင်္ကြံလမ်းအတိုင်း ဦးဆောင်လျှောက်သွားသည်။ မို့မို့တို့ နောက်မှ လိုက်ခဲ့ကြ၏။ တံခါးပိတ်ထားသည့် အခန်းတစ်ခန်းရှေ့တွင် လတ်လတ်ဖြူ ရပ်လိုက်သည်။ တံခါးဘေးတွင် တပ်ဆင်ထားသော ခလုတ်ဖြူကို အသာအယာ နှိပ်လိုက်၏။ စန္ဒယားကို အပြေးခေါက်လိုက်သကဲ့သို့ သာယာသောအသံ ပေါ်လာသည်။ ထိုအသံအဆုံးတွင် တံခါးရွက် ညင်သာစွာ ပွင့်သွားသည်။ လတ်လတ်ဖြူက ရှေ့မှ ဦးဆောင်ပြီး အခန်းထဲသို့ ဝင်သည်။

ကျယ်ပြန့်သော အခန်းတစ်ခန်းကို တွေ့ရသည်။ အခန်းတစ်ခုလုံးတွင် မွေးပွ ကော်ဇောခင်းထားသည်။ အခန်းတစ်ခုလုံးမှာ မြင်ကွင်းကျယ် မှန်ပြတင်းကြောင့် လင်းနေ၏။ အခန်းထောင့် တစ်နေရာတွင် သက္ကလတ်အစိမ်း အုပ်ထားသော စားပွဲကျယ်ကြီးတစ်လုံး ရှိသည်။ စားပွဲနောက်တွင် နှုတ်ခမ်းမွှေးဖြူပြီး ... 

ပြီး ထိုင်နေသဖြင့် အဆီပြင် မရှိ။ ကျစ်လစ်မာကျောသော ခန္ဓာကိုယ်အနေအထားကို သိသာစွာ မြင်ရသည်။ ထိုသူက ဦးသီလ။

"သမီး..."

မိုးမိုးက ဦးသီလထံသို့ ပြေးဝင်သည်။ စိုင်းနန္ဒက စားပွဲရှေ့တွင် ရပ်လိုက်၏။

"ဖေဖေ နေကောင်းတယ်နော်"

"ဟား...ဟား ကောင်းပါတယ်၊ ဖေဖေက နှာတောင်ဗေးဖူးတဲ့လူမှ မဟုတ်တာ၊ ခေါင်ခေါင်မြည်ကို နေကောင်းပါတယ်၊ ဩော်...သမီး၊ သူက သမီးရဲ့ အဖော်လား"

"ဟုတ်ပါတယ် ဖေဖေ၊ သူ့နာမည်က စိုင်းနန္ဒ တဲ့..."

ဦးသီလ ခေါင်းညိတ်လိုက်သည်။

"ထိုင်ပါ စိုင်းနန္ဒ၊ ကဲ...သမီး၊ လတ်လတ်ဖြူနဲ့ လိုက်သွား၊ ရေမိုးချိုး အဝတ်အစားလဲပြီး ထမင်းစားခန်းကို ထွက်ခဲ့၊ သူ့အတွက် အားလုံး အဆင်သင့်ဖြစ်အောင် ဖေဖေ ပြင်ဆင်ခိုင်းထားတယ်၊ အခု သူနဲ့ ဖေဖေ စကား နည်းနည်း ပြောချင်တယ်"

မိုးမိုးက စိုင်းနန္ဒကို လှမ်းကြည့် ပြုံးပြသည်။ ပြီး နေရာမှ ခွာသည်။ လတ်လတ်ဖြူက မိုးမိုးကို စောင့်ခေါ်ကာ အခန်းအပြင်သို့ ထွက်သွား၏။

အခန်းတံခါး အလိုအလျောက် ပြန်ပိတ်သွားသည်။





ဦးသီလက စိုင်းနန္ဒအား အေးစက်စက်နိုင်သော အကြည့်ဖြင့် ကြည့်လိုက်၏။

"မင်း ဘယ်လောက်လိုချင်လို့လဲ စိုင်းနန္ဒ..."

"ခင်ဗျာ..."

"မင်းဟာ တိုက်အောင်ရဲ့တပည့်ဆိုတာ ငါသိတယ်၊ သာမန်သိတာ မဟုတ်ဘူး၊ မင်းနဲ့ပတ်သက်တဲ့ အကြောင်း အရာ အားလုံးကိုပါ သိတယ်၊ ဒီတော့ ငါတို့နှစ်ယောက် ဟန်ဆောင်နေစရာ အကြောင်းမရှိဘူး၊ ပွင့်ပွင့်လင်းလင်း ပြောတာပဲ ကောင်းတယ်၊ မင်း ဘာလိုချင်လို့ ငါ့သမီး နောက် လိုက်လာတာလဲ၊ မင်း ငွေဘယ်လောက် လိုချင်သလဲ"

စိုင်းနန္ဒ မျက်နှာထား တင်းခနဲ ဖြစ်သွားသည်။

"ဒါ ကျွန်တော့်ကို အစွမ်းကုန် စော်ကားလိုက်တာ လား အန်ကယ်၊ အန်ကယ် သဘောမကျရင် ကျွန်တော် ဒီကနေ ချက်ချင်း ထွက်သွားပါ့မယ်"

စိုင်းနန္ဒ ထိုင်နေရာမှ ထလိုက်သည်။ ဦးသီလ၏ မျက်နှာမှာ အပြောင်းအလဲတွေပေါ်သွား၏။ သူက စိုင်းနန္ဒ၏ မျက်နှာကို မျက်တောင်မခတ်တမ်း ကြည့်သည်။

"ထိုင်ပါ စိုင်းနန္ဒ"

"ကျွန်တော် မထိုင်တော့ပါဘူး၊ မိုးမိုးက ဖိတ်ခေါ်လို့ ကျွန်တော် လိုက်လာတာ၊ ဒီလို အထင်သေး အမြင်သေးနဲ့

ဆက်ဆံခံရမယ်များသိရင် လိုက်မလာပါဘူး၊ ကျွန်တော် တစ်ချိန်က ဦးတိုက်အောင်ရဲ့တပည့် ဖြစ်ဖူးတယ်၊ နောက်တော့ သူနဲ့ လမ်းခွဲခဲ့တယ်၊ သူ့အကျဉ်းသားလဲ ဖြစ်ဖူးတယ်၊ ဒါတွေအတွက် ကျွန်တော့်မှာ အများကြီး ပေးဆပ်ခဲ့ရတယ်၊ ဖြစ်နိုင်ရင် ဒီအကြောင်းတွေကို ကျွန်တော် ပြန်တောင် မတွေးချင်ဘူး၊ ထားပါတော့၊ အန်ကယ်က ကျွန်တော့် အပေါ် အမြင်စောင်းနေတဲ့နောက် ကျွန်တော် ဒီကနေ ထွက်သွားတာ အကောင်းဆုံးပါပဲ”

စိုင်းနန္ဒ နေရာမှ ချာခနဲ လှည့်ထွက်သည်။ ဦးသီလ၏ တားဆီးသံကို မကြားရ။ အဝေးထိန်းခလုတ်ဖြင့် တံခါးကို ဖွင့်ပေးလိုက်သည်။ စိုင်းနန္ဒက တံခါးအပြင်သို့ ထွက်သည်။ ဓာတ်လှေကားဖြင့် အောက်ထပ်သို့ ဆင်းသည်။ ပြီး ဧရာဝတီဟိုတယ်အပြင်သို့ ထွက်သည်။

အပြင်ဘက်တွင် နေရောင်ခြည် တောက်ပ ပူနွေးစွာ ကျနေသည်။ စိုင်းနန္ဒက မြို့ကူးတံတားဘက်သို့ လျှောက်သည်။ တံတားမှတစ်ဆင့် မြို့ဘက်သို့ ကူးသည်။ သားငါးဈေးကို ဖြတ်မိသည်နှင့် ဈေးသစ်ကြီးကို တွေ့ရသည်။ ဈေးရှေ့မှအဖြတ် စီးကရက်ဘူးတွေ၊ အရက်ပုလင်းတွေ၊ သကြားအိတ်၊ ဆပ်ပြာသေတ္တာ စသည်များကို စနစ်တကျ သပ်သပ်ရပ်ရပ် ခင်းကျင်းထားသော ဆိုင်တစ်ဆိုင်ကို တွေ့သည်။ ဆိုင်မျက်နှာစာတွင် ဆိုင်းဘုတ်တစ်ခု။





ဆင်မင်း ဆိုသည့် အမည်နောက်မှ စာလုံးတစ်ချို့ ပျက်စီးနေသည်။

စိုင်းနန္ဒ ဆိုင်ရှေ့တွင် ရပ်လိုက်သည်။ ဆံပင်တိုတို ညှပ်ထားသော မျက်နှာဝိုင်းဝိုင်းနှင့် လူတစ်ယောက် စိုင်းနန္ဒကို မော့်ကြည့်သည်။

“ငါးသုံးလုံး တစ်ဘူး”

စီးကရက်ဖိုး ပေးချေရင်း စိုင်းနန္ဒ ပတ်ဝန်းကျင်ကို ကြည့်သည်။ ရှည်လျားသောဈေးတန်း မျက်စိတစ်ဆုံး ရှိနေ၏။

“ပညာ့ဘဏ် ဘယ်နားမှာလဲဗျ”

“ဩော်၊ ပညာ့ဘဏ်ကို သွားမလို့လား၊ ဒီလမ်းရဲ့ ဟိုဘက်လမ်းတစ်ဖက်ထိပ်မှာပါ”

“ကျေးဇူးပဲဗျာ”

စီးကရက်ဘူးကိုဖောက်၊ စီးကရက်တစ်လိပ် ထုတ်ယူ မီးညှိပြီး အနောက်ဘက်သို့ လျှောက်သည်။ လမ်းအဆုံးတွင် ညာဘက်သို့ ချိုးလိုက်၏။ အရှေ့တိုင်းစာပေအလွန်တွင် ပညာ့ဘဏ် ဆိုင်းဘုတ်ကို တွေ့ရသည်။ ဆိုင်းဘုတ်ရှိရာ လမ်းထိပ်သို့အရောက်တွင် လမ်းအတွင်းသို့ ကြည့်လိုက်သည်။ လမ်းအတွင်းမှာ ပညာ့ဘဏ် အဆောက်အအုံ။

စိုင်းနန္ဒက အဆောက်အအုံရှိရာသို့ လျှောက်ခဲ့သည်။ မှန်တံခါးဖွင့်ထားသော ရုံးခန်း၊ ကွန်ပျူတာခန်း၊ တစ်ဖက်

တွင် စာသင်ခန်း။ စိုင်းနန္ဒက ရုံးခန်းတံခါးရှေ့မှာ ရပ်လိုက်သည်။

အခန်းထဲရှိ စားပွဲကျယ်ကြီးတစ်လုံးနောက်မှာ ခပ်ဝဝ ဥပဓိရုပ်ကောင်းကောင်းနှင့် လူတစ်ယောက် ထိုင်နေသည်။

ထိုသူက စိုင်းနန္ဒကို ဖျတ်ခနဲ လှမ်းကြည့်၏။

စူးရှထက်မြက် ဟန်ရှိသော မျက်လုံးအစုံဖြင့် ကြည့်ရင်း ထိုသူ့မျက်လုံးအစုံ တဖြည်းဖြည်း ပြုံးလာသည်။

"ဟော့ ...ရှမ်းကလေး"

"ဟား ဟား...ကိုလှကြည်"

စိုင်းနန္ဒ ရုံးခန်းထဲသို့ ဝင်လိုက်သည်။ စားပွဲနောက်မှ ကိုလှကြည် ထရပ်ပြီး လက်ကမ်းကြိုသည်။

"မင်း ဘယ်ကနေ ရောက်လာတာလဲ စိုင်းနန္ဒ၊ ကျောင်းပြီးကတည်းက မတွေ့တာ နှစ်တွေ မနည်းတော့ဘူး၊ ငါ မင်းကို မနည်းကြည့်ယူရတယ်"

"ကျွန်တော်ကတော့ ခင်ဗျား ပုံပျက်ပန်းပျက်နဲ့ ဝနေပေမယ့် ချက်ချင်း မှတ်မိပါတယ်ဗျာ"

"လာကွာ...ထိုင်၊ ပြီးတော့ မင်းအကြောင်းတွေ ပြော၊ ငါ့အကြောင်းတွေလဲ ပြောပြမယ်"

သူငယ်ချင်းနှစ်ယောက် တစ်ယောက်ကို တစ်ယောက် ဆုပ်ကိုင်လိုက်ကြသည်။





ပြီး အားရပါးရ ပြုံးကာ မျက်နှာချင်းဆိုင် ထိုင်လိုက်ကြ၏။

* * *

"သူက တင်မောင်ဆွေ၊ သူက ကျော်ဝင်းမောင်၊ ငါ့ ဝိုင်းတော်သားတွေလေ၊ မင်း သိချင်တာရှိရင် မေးကွာ၊ ဘာသိချင်လို့လဲ"

စိုင်းနန္ဒက ကိုလှကြည်၏ ဝိုင်းတော်သား နှစ်ယောက်ကို ပြုံးပြ နှုတ်ဆက်သည်။ ပြီး ကိုလှကြည်ဘက်သို့ လှည့်လိုက်၏။

"ရောဝတီအကြောင်း သိချင်တာပါ၊ ရောဝတီ ဟိုတယ်ရဲ့ အခြေအနေက ဘယ်လိုလဲ၊ ပြီးတော့ ဒီဟိုတယ် ပိုင်ရှင်ရဲ့ အကြောင်းပေါ့"

"ရောဝတီကို မင်း စိတ်ဝင်စားတယ် ဟုတ်လား"

စိုင်းနန္ဒ ခေါင်းညိတ်ပြသည်။

"ငါလဲ စိတ်ဝင်စားလို့ အချက်အလက်တွေ စုထားတယ်၊ ရောဝတီဟိုတယ်ဟာ အောင်မြင်နေတဲ့ ဟိုတယ် တစ်ခုပဲ၊ ကမ္ဘာလှည့်ခရီးသည်တွေ သိပ်သဘောကျတယ်၊ အဆင့်မြင့်ဟိုတယ် တစ်ခုပဲ၊ ဟိုတယ်ရှိနေတဲ့ ပတ်ဝန်းကျင်က သဘာဝအတိုင်း ရှိနေတဲ့ ပတ်ဝန်းကျင်၊ မြစ်ဆုံ၊

လယ်ကွင်း၊ ပြီးတော့ ရွာတွေ၊ မြစ်ဝကျွန်းပေါ်ရဲ့ တကယ့်အလှတွေ ဒီမှာရှိတယ်လေ၊ သဘာဝအလှရဲ့ အရသာကို ခံစားချင်တဲ့ လူတွေ ဒီကိုအလာများတယ်၊ ဟိုတယ်ပိုင်ရှင်က ဦးသီလ၊ မုဆိုးဖိုပေါ့ကွာ၊ ပြီးခဲ့တဲ့ တစ်ပတ်ကမှ အိမ်ထောင်သစ် ပြုလိုက်တယ်”

“ဩော်...ဦးသီလက လက်ထပ်လိုက်ပြီကိုး”

“သူတို့ မင်္ဂလာပွဲက အကြီးအကျယ်ဆုံး မင်္ဂလာပွဲပေါ့၊ ကောင်မလေးက သူ့ထက် အသက်ထက်ဝက် ငယ်တယ်၊ လတ်လတ်ဖြူ...တဲ့”

“ဗျာ...”

စိုင်းနန္ဒ တစ်ကိုယ်လုံး တုန်သွားသည်။ ကိုလှကြည်အား မယုံနိုင်ဟန်ဖြင့် ကြည့်လိုက်၏။

“ဘာဖြစ်လို့လဲ စိုင်းနန္ဒ”

“လတ်လတ်ဖြူက ဦးသီလကို လက်ထပ်တယ် ဆိုတာ အံ့ဩသွားလို့ပါ”

“မင်း လတ်လတ်ဖြူနဲ့ သိလို့လား”

စိုင်းနန္ဒ ခေါင်းညိတ်ပြလိုက်သည်။

“သိပါတယ်၊ အင်း၊ နောက်ဆုံးတော့ ဒီလိုပဲ ဖြစ်ရမှာပေါ့လေ၊ ဒါထက် ဦးသီလက ဒီပတ်ဝန်းကျင်မှာ တခြား ဘာလုပ်တာ ရှိသေးလဲ”





“ပုဇွန်မွေးတယ်၊ ငါးမွေးတယ်၊ အဆောက်အဦးဆော်တော်နဲ့ ငါးဖမ်းတာတွေ ရှိတယ်၊ အပေးအကမ်း ရက်ရောတဲ့လူ၊ စိတ်သဘောထား ကောင်းတဲ့လူအဖြစ် ဒီပတ်ဝန်းကျင်မှာ နာမည်ကောင်းရပြီး လူတိုင်းက လေးစားတာ ခံရတဲ့လူပဲ”

“ဒါတွေဟာ အမှန်တွေချည်းပဲလား ကိုလှကြည်”

“ဒီပတ်ဝန်းကျင်ကလူတွေ ဒီအတိုင်း လက်ခံထားတယ်လေ၊ ဒါပေမယ့် ငါတော့ မယုံဘူး၊ ငါ ဘာဖြစ်လို့ မယုံသလဲဆိုတာ မင်းသိလား”

“ပြောပါဦး”

“ဒီလူက တစ်ခါတစ်ခါ ပင်လယ်ဘက်ကို ထွက်တတ်တယ်၊ ပင်လယ်ဘက်မှာ (++++) အမှတ်တံဆိပ်ပါတဲ့ သင်္ဘောပေါ် တိတ်တိတ်တက်တယ်၊ တစ်ခါတစ်ခါ တစ်နေကုန်နေပြီးမှ ပြန်လာတယ်၊ ငါ့တပည့်တစ်ချို့ ပင်လယ်ရေလုပ်ငန်းမှာရှိတော့ ဦးသီလကို ပင်လယ်ထဲထွက်တဲ့အခါ တွေ့တာမျိုး ရှိတယ်၊ သူ့လို စီးပွားရေးလုပ်ငန်းရှင်ကြီး တစ်ယောက်ဟာ မြန်မာ့ရေကြောင်းပိုင်နက်ထဲ တိတ်တိတ်လေး ဝင်လာတဲ့ သင်္ဘောပေါ်ကို ဘာဖြစ်လို့ လျှို့လျှို့ဝှက်ဝှက်နဲ့ တက်ရတာလဲ၊ မရိုးသားတဲ့အကြောင်းတစ်ခုခုတော့ ရှိမှာပေါ့၊ သူ နိုင်ငံခြားသင်္ဘောပေါ်မှာ လူတစ်ယောက်နဲ့တွေ့ပြီး စကားပြောနေတာကို တယ်လီနဲ့ ဆွဲရိုက်ထားတဲ့ ဓာတ်ပုံ တစ်ပုံ ငါ့မှာရှိတယ်”

"ဟင်...ဟုတ်လား၊ လုပ်စမ်းပါဗျာ၊ အဲဒီ ဓာတ်ပုံ ကျွန်တော့်ကို ပေးစမ်းပါ"

ကိုလှကြည် ခေါင်းညိတ်ပြသည်။

"ဒီမှာအဆင်သင့်ပဲ၊ ရော့..."

စိုင်းနန္ဒ ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်သည်။ ပြီး နာမည်ကျော် ထောထောလေး ပဲကြော်ကို ယူပြီး ဝါးသည်။ ပြီး ဓာတ်ပုံကို ကြည့်သည်။

"အဲဒီဓာတ်ပုံကို ရိုက်တာ ဘယ်သူလဲဗျ"

"ငါ့မိတ်ဆွေ ကိုအောင်မြင့်ပါ၊ သူက စပ်စပ်စုစု လုပ်တာ ဝါသနာပါတယ်၊ ဒီက မိဘမဲ့ကျောင်းအတွက် စုပါးအလှူခံသွားရင်း တိုက်တိုက်ဆိုင်ဆိုင် တွေ့လို့ ဓာတ်ပုံ ရိုက်ယူလာတာ၊ နေဦး စိုင်းနန္ဒ၊ မင်း ဦးသီလ အကြောင်းကို ဘာဖြစ်လို့ ဒါလောက် စိတ်ဝင်စားနေတာလဲ"

"သူ့သမီးကြောင့်ပါ၊ သူ့သမီး မို့မို့က ကျွန်တော့် ချစ်သူလေ"

"သြော်၊ မင်းက ယောက္ခမလောင်းကြီးအကြောင်း စုံစမ်းနေတာကိုး၊ ဒါဆိုရင်တော့ ငါက ဦးသီလရဲ့ပြစ်ချက် တွေ ဘယ်ပြောလို့ ဖြစ်တော့မလဲ"

"မဟုတ်ဘူး၊ ပြောပါ ကိုလှကြည်၊ ဒါမှ ကျွန်တော် မှန်မှန်ကန်ကန် ဆုံးဖြတ်လို့ရမှာပေါ့"





ကိုလှကြည်က သူ၏ ဝိုင်းတော်သားနှစ်ယောက်ကို လှမ်းကြည့်သည်။ လည်ကတုံးရှပ်နှင့် ရှေးခေတ်မင်းသား ပေါင်း ရှိုးရှိုးကြီးဖေယျပုံ ဖမ်းနေသော ကိုကျော်ဝင်းမောင် နေရာမှ ထသည်။

"ကျွန်တော် အတန်းရှိလို့ ဝင်လိုက်ဦးမယ်၊ ဟော... ဟိုမှာ ဧည့်သည်တွေနဲ့တူတယ်"

ကိုကျော်ဝင်းမောင်၏စကားကြောင့် တံခါးဝသို့ လှမ်း ကြည့်သည်။ စဝ်ရန်နိုင်တို့ စိုင်းနွတ်တို့ ရပ်နေသည်ကို တွေ့ရ၏။

"လာ...စဝ်၊ လာပါ၊ ကိုလှကြည်၊ ဒါ ကျွန်တော့် လုပ်ဖော်ကိုင်ဖက်တွေပါ"

စဝ်ရန်နိုင်နှင့် စိုင်းနွတ်တို့ ရုံးခန်းထဲသို့ ဝင်လာကြ သည်။ ကိုလှကြည်က အိမ်ရှင်ပီပီ ပြုံးပြနှုတ်ဆက်၏။

"ကျွန်တော်တို့ တစ်ခါ ဆုံဖူးပါတယ်နော်"

စဝ်ရန်နိုင် ခေါင်းညိတ်လိုက်၏။

"စိမ်းဝါမိုးပန်း ကိစ္စမှာတုန်းက ဆုံဖူးပါတယ်၊ ဆရာက မှတ်ဉာဏ်သိပ်ကောင်းတာပဲ၊ နှစ်တွေ ဒါလောက်ကြာခဲ့ တာတောင် မမေ့ဘူးနော်"

ကိုလှကြည် ပြုံးပြီး ခေါင်းညိတ်ပြသည်။ သူက စိုင်းနန္ဒဘက်သို့ လှည့်လာ၏။

"စဝ်ရန်နိုင်ကိုတွေ့တော့ မင်းရဲ့ ရုပ်တည်ချက်ကို ငါ သဘောပေါက်သွားပြီ စိုင်းနန္ဒ၊ ငါ့ညီကို အခုလိုဘဝမျိုးမှာ တွေ့ရတာ ဝမ်းသာတယ်ကွာ၊ ကဲ...ပြောစရာရှိတာ ပြောကြပါနော်၊ ကျွန်တော်တို့ စာသင်ခန်း ဝင်လိုက်ဦးမယ်"

ကိုလှကြည်နှင့် ကိုတင်မောင်ဆွေတို့ ထွက်သွားသည်။ စိုင်းနန္ဒက မေးခွန်းထုတ်ဟန်ဖြင့် စဝ်ရန်နိုင်ကို ကြည့်လိုက်သည်။

"ငါတို့ ရောဝတီကိုယ်စားလှယ် ကိုလှစိုးဆီမှာ တည်းခိုနေတယ်၊ ရော့...မင်း ဒီ ဘော့ပင်လေး ယူထား၊ ဒါ လျှို့ဝှက် အသံလွှင့်အသံဖမ်းစက်ပဲ၊ ဒီခလုပ်လေး နှိပ်ထားလိုက်ရင် စက်က အလုပ် လုပ်လိမ့်မယ်၊ မင်း ဒီမှာပဲ ထိုင်မနေနဲ့၊ လမ်းပေါ်ကို ထွက်၊ ဦးသီလရဲ့လူတွေ မင်းကို လိုက်ရှာနေပြီ၊ မင်း ထွက်သွားမှန်းသိလို့ မို့မို့ ရောဝတီမှာ သောင်းကျန်းနေတယ်၊ ဦးသီလက သူ့သမီးအတွက် မင်းကို ရှာခိုင်းလိုက်တာ"

"ဒါဆိုရင် စဝ်တို့ ဒီမှာနေခဲ့၊ ကျွန်တော် နောက်မှ လာမယ်လို့ ကိုလှကြည်ကို ပြောပေးပါ၊ ရော့...ဒါ ဦးသီလရဲ့ ပုံတူ၊ ယူထားလိုက်ပါ"

စိုင်းနန္ဒ ပညာ့ဘဏ်မှ ထွက်သည်။ လမ်းဆုံးသည် အထိ လျှောက်ပြီး ဘယ်ဘက်သို့ ချိုးကွေ့သည်။ ရှေ့နား တွင် ရုပ်ရှင်ရုံတစ်ရုံကို တွေ့ရ၏။ ပတ္တမြားရုံ။ ရုပ်ရှင်ရုံ





နား မရောက်ခင် လက်ဖက်ရည်ဆိုင် တစ်ဆိုင်ကို တွေ့ရသည်။ လက်ဖက်ခြောက်နှပ်ထားသည့် အနံ့သင်းသင်းကြောင့် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လိုက်သည်၊

"စိုင်းနန္ဒ၊ လာကွာ၊ ဒီမှာ ထိုင်၊ ငါတို့ မင်းကို လိုက်ရှာနေတာ တစ်မြို့လုံး နှံ့နေပြီ၊ အခုပဲ တာဝတီံသာ ဘုရားဘက်ကနေ ပြန်ရောက်တာ"

စားပွဲတစ်လုံးမှာ ထိုင်နေသည့် ယက္ခက တရင်းတနှီး နှုတ်ဆက်ရင်း ပြောသည်။ စိုင်းနန္ဒက ယက္ခ စားပွဲမှာ ဝင်ထိုင်လိုက်၏။

"ကျွန်တော့်ကို ဘာဖြစ်လို့ လိုက်ရှာနေတာလဲ"

"ဘော့စ်က ရှာခိုင်းလို့ပေါ့၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ၊ ဒီမြို့မှာ ကျော်စွာကို တွေ့လိုက်တယ်၊ မင်းနဲ့ကော တွေ့သေးသလား"

"ကျွန်တော်က ဒီနေ့မှ ဒီကိုထွက်တာ၊ ဘယ်လိုလုပ် တွေ့မှာလဲ"

စိုင်းနန္ဒက စိတ်လှုပ်ရှားသွားသည်ကို ထိန်း၍ အသံ မတုန်အောင် သတိထားပြီးပြောရသည်။ တစ်ဆက်တည်းပင် သူက လက်ဖက်ရည်တစ်ခွက် မှာလိုက်၏။

"ခင်ဗျားတို့ ဘော့စ် ကျွန်တော့်ကို ဘာဖြစ်လို့ ခေါ်ခိုင်းတာလဲ"

"မင်း မရှိရင် မနေဘူးဆိုပြီး သူ့သမီး သောင်းကျန်းနေလို့ပေါ့"

"ခြေဘ်...ဒါကြောင့်ကို၊ ဒါထက် ကျွန်တော်ခင်ဗျားကို တစ်ခု မေးဦးမယ်၊ လတ်လတ်ဖြူနဲ့ ဦးသီလတို့က ဘယ်လိုလဲ"

"ဘယ်လိုရမလဲ၊ သူတို့ လက်ထပ်လိုက်ကြပြီလေ၊ တရားဝင် လက်ထပ်လိုက်တာ၊ ဒီတစ်မြို့နယ်လုံး သိတယ်၊ မင်း မသိဘူးလား"

"ကျွန်တော်က ဒီကို အခုမှရောက်တာ၊ ဘယ်လိုလုပ် သိပါ့မလဲ"

ယက္ခက နာရီကို တစ်ချက်ကြည့်သည်။

"ခြောက်နာရီတောင် ထိုးတော့မယ်၊ မင်း လက်ဖက်ရည် မြန်မြန်သောက်ကွာ၊ ပြီးရင် ငါတို့ သွားကြမယ်၊ ဘောစ်က ဒီည ပင်လယ်ကိုထွက်မယ် ပြောထားတယ်၊ ငါတို့ လိုက်ရမှာလား မသိဘူး"

စိုင်းနန္ဒက လက်ဖက်ရည် လက်ကျန်ကို မော့သောက်လိုက်သည်။

ယက္ခက ကျသင့်ငွေ ရှင်းလိုက်၏။

"မင်း ကောင်းစားရင် ငါတို့ကို မမေ့နဲ့နော် စိုင်းနန္ဒ"

"ကျွန်တော်က ဘာကောင်းစားမှာလဲဗျ"





"ဦးသီလက မင်းကို သူ့သမီးနဲ့ပေးစားလိမ့်မယ်ထင်တယ်၊ အဲဒါဆိုရင် မင်းက အိမ်ရှေ့မင်းသားပဲ၊ မင်းရဲ့ လူယုံအဖြစ်ပါ တို့ရှိနေမယ်ဆိုတာ မမေ့ပါနဲ့"

"ဟား ဟား...အေးပါဗျာ၊ ကျွန်တော် မမေ့ပါဘူး"

စိုင်းနန္ဒတို့ ထိန်လင်း လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လာသည်။ ဈေးအက်သို့လျှောက်။ ထိုမှ မြို့ကူးတံတားသို့ဝင်။ တံတားမှ ရောဝတီဟိုတယ်သို့ ထွက်ခဲ့သည်။

လမ်းတစ်လျှောက်တွင် စိုင်းနန္ဒက စကားမပြောဘဲ အတွေးနှင့် တိတ်ဆိတ်စွာ လိုက်ပါလာသည်။ သူ့အတွေးထဲတွင် လတ်လတ်ဖြူ။ ဦးသီလနှင့် မို့မို့တို့တစ်တွေ စိုးမိုးနေ၏။

အိတ်ထဲတွင်ရှိသော ဘော့ပင် အသံဖမ်းစက်မှတစ်ဆင့် သူတို့ပြောသည့်စကားများကို စဝ်ရန်နိုင်တို့ ကြားပြီးဖြစ်လိမ့်မည်။

စိုင်းနန္ဒ သက်ပြင်းချပြီး ရောဝတီဟိုတယ်ဆီသို့ လှမ်းကြည့်သည်။ ဟိုတယ်တွင် မီးရောင်ထိန်ထိန်လင်းနေသည်။

တေးသံသာခန်းမမှ သီချင်းသံတွေ တစ်ဖက်ကမ်းသို့တိုင် ပျံ့လွင့်နေသည်။ တုံးလုံမြစ်အတိုင်း ဆန်တက်သွားသော ပဲ့တောင်တစ်စီး၏ စက်သံကို ကျယ်လောင်စွာ ကြားရ၏။

ရောဝတီဟိုတယ် ဆိပ်ခံတံတားတွင် ဖိမ်ခံမော်တော်တစ်စီး ဆိုက်ကပ်ထားသည်။ ဧည့်သည်အသစ်များ ရောက်လာကြခြင်း ဖြစ်လိမ့်မည်ဟု စိုင်းနန္ဒ တွေးသည်။ အတွေးနှင့်လျှောက်ရင်း တစ်ခဏအကြာတွင် ရောဝတီဟိုတယ်ရှေ့သို့ ရောက်လာလေသည်။

* * *



[ဆယ့်သုံး]

ထမင်းစားအပြီးတွင် အစာပိတ်အဖြစ် အချိုရည်သောက်ရင်း စိုင်းနန္ဒ အပြင်ဘက်သို့ ကြည့်သည်။ ထမင်းစားခန်း မှန်ပြတင်းမှ မြင်နေရသော လယ်ကွင်းပြင်သည် မြအမှောင်စွာနှင့် မျက်စိတစ်ဆုံး ရှိနေသည်။ တစ်ခဏအကြာလ,ထွက်လာလျှင် စိမ်းစိုသောရှုခင်းကို မြင်ရတော့မှာဖြစ်သည်။

“တော်ပြီလား စိုင်းနန္ဒ၊ စားလို့ မကောင်းဘူးလား”

“ကောင်းပါတယ်ဗျာ၊ နောက်ဆုံး မစားနိုင်တော့လို့အစားရပ်လိုက်တာပါ”

“စားသောက်ပြီးပြီဆိုတော့ ငါတို့ ပြောစရာရှိတာ ပြောကြရအောင်ကွာ”

““ဟုတ်ကဲ့ အန်ကယ်၊ ဘာပြောချင်လို့လဲ၊ ပြောပါ”

ဦးသီလ ပြုံးလိုက်သည်။ နှုတ်ခမ်းက ပြုံးနေသော်လည်း သူ့မျက်လုံးအစုံမှာ အေးစက် တင်းမာနေသည်။

“မင်းက အရည်အချင်းရှိတဲ့လူတစ်ယောက် ဆိုတာ ငါသိတယ်၊ မင်း အရည်အချင်းကိုလဲ သဘောကျတယ်၊ ဒါပေမယ့် မင်းရဲ့ရုပ်တည်ချက်ကို ငါ မကြိုက်ဘူး၊ မင်းဟာ သမီးနဲ့ပတ်သက်သူတစ်ယောက်အဖြစ် ငါ့ဆီကို ရောက်လာတာဟာ ကံဆိုးတာပဲ၊ မင်း စောစောပိုင်းက ငါ့ကို စိတ်ဆိုးသလိုလုပ်ပြီး မင်းရဲ့မိတ်ဆွေ ကျော်စွာနဲ့ သွားတွေ့တယ် မဟုတ်လား”

“ကျော်စွာနဲ့တွေ့ပြီး စကားပြောတာ အပြစ်ကြီးတစ်ခုလား ဦးသီလ”

ဦးသီလ ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျော်စွာဟာ လျှို့ဝှက်အေးဂျင့် စဝ်ရန်နိုင် ဖြစ်နေလို့ပဲ”

ကြားရသည့်စကားကြောင့် စိုင်းနန္ဒ ရင်ထဲမှာ ပြင်းပြင်းထန်ထန် လှုပ်ရှားသွားသည်။ အန္တရာယ်အနံ့အသက်များကို ရှူရှိုက်ရမိသလို ရှိသည်။

“ကျွန်တော် ပြောပါရစေဦး အန်ကယ်”





ဦးသီလ၏လက်တစ်ဖက် မြောက်တက်သွားပြီး စားပွဲမျက်နှာပြင်ကို ဝုန်းခနဲ ရိုက်ချလိုက်သည်။

“မင်း ဘာမှ မပြောနဲ့၊ ဘာဖြေရှင်းချက်ကိုမှ ငါ မကြားချင်ဘူး”

ဦးသီလ၏ ဒေါသတကြီးနိုင်သောအသံ အခန်းထဲတွင် ပဲ့တင်ထပ်သွားသည်။ စိုင်းနန္ဒက ဦးသီလအား ကြည့်ပြီး ရယ်မောလိုက်သည်။

“နေပါဦး၊ ကျွန်တော် ကျော်စွာနဲ့ တွေ့တယ်လို့ ဘယ်သူပြောတာလဲ၊ ယက္ခ မဟုတ်လား၊ မြို့ပေါ်က လက်ဖက်ရည်ဆိုင်မှာတုန်းက ကျော်စွာ ဒီကိုရောက်နေတဲ့ အကြောင်း ယက္ခ ကျွန်တော့်ကို ပြောပြတယ်၊ သူပြောမှ ကျွန်တော် ကျော်စွာ့အကြောင်း ကြားရတာပါ၊ ကျွန်တော် ပြောတာမယုံရင် ယက္ခနဲ့ မြို့ပေါ်ကို အတူပါသွားတဲ့ လူတွေ ခေါ်ပြီး စစ်ဆေးကြည့်ပေါ့”

ဦးသီလ တွေတွေဝေဝေ ဖြစ်သွားသည်။ တစ်ခဏမျှ ငြိမ်နေပြီးလျှင် ယက္ခကို လှမ်းခေါ်လိုက်သည်။

“ယက္ခ၊ ဒီကိုလာစမ်း”

ယက္ခက ခပ်ရွံ့ရွံ့နှင့် ရှေ့တိုးလာသည်။

“သူပြောတဲ့စကားကို မင်းကြားတယ် မဟုတ်လား၊ မင်း ဘာပြောချင်သလဲ”

“ကျွန်…ကျွန်တော်”

ကောက်ကျစ်စဉ်းလဲဟန်တွေ ပြည့်နေသော အပြုံးတစ်ပြုံး ဦးသီလမျက်နှာမှာ ပေါ်လာသည်။

"မင်း ဘာဖြစ်လို့ ဒီစကားမျိုးပြောရတာလဲ၊ ဘာဖြစ်လို့ ငါ့ကို လှည့်စားချင်ရတာလဲ၊ မင်း နေရာမှာ စိုင်းနန္ဒကို အစားထိုးချင်လို့ မဟုတ်လား၊ ငါ မင်းအပေါ် သံသယဝင်မှာ စိုးလို့ မဟုတ်လား"

"ကျွန်...ကျွန်...ကျွန်တော်"

"တိတ်စမ်း၊ မင်းကို ငါ နောက်မှစစ်မယ်၊ ဟေ့- သူ့ကို အချုပ်ခန်းထဲ ပို့ထားလိုက်"

ဦးသီလ၏လူတစ်ယောက် ရှေ့တိုးလာပြီး ယက္ခထံမှ သေနတ်ကို သိမ်းလိုက်သည်။ ဦးသီလ ရှေ့ကို တိုးလာပြီး ယက္ခအား လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်သည်။

ယက္ခ ပုံလျက်သား လဲကျသွား၏။ ဦးသီလက တံတွေးတစ်ချက် ထွေးပြီး သူ့လူများကို လှမ်းကြည့်သည်။ ထိုသူတွေက လဲကျသွားသော ယက္ခအား ထူမ,ပြီး ဆွဲခေါ်သွားသည်။

"စိုင်းနန္ဒ၊ ဒီတစ်ခါ မင်းအလှည့်ပဲ၊ မင်း ဘာပြောဦးမလဲ"

"ကျွန်တော့်မှာ တခြားအကြောင်းတော့ မရှိဘူး၊ အန်ကယ့်အကြောင်းပဲပြောစရာရှိတယ်၊ အန်ကယ်...ဦးတိုက်





အောင်ကို ရာခိုင်းလိုက်တဲ့ ရတနာထဲက မှတ်တမ်းတွေ မလိုချင်ဘူးလား"

ဦးသီလ၏မျက်နှာ အပြောင်းအလဲများစွာ ပေါ်သွားသည်။ သူက မီးတောက်မီးလျှံပမာ လောင်းကျွမ်းနေသော အကြည့်ဖြင့် ကြည့်သည်။

"ဒီ...ဒီမှတ်တမ်းတွေ မင်းဆီမှာလား"

"ဟုတ်တယ်၊ ဦးသီလ ကြည့်ချင်ရင် ကြည့်လို့ ရပါတယ်"

ဦးသီလ ခေါင်းခါသည်။

"စကားကို တိုတိုနဲ့လိုရင်းပြောပါ စိုင်းနန္ဒ၊ မင်းပြောတဲ့ ဖလင်ခွေအတွက် ဘာလိုချင်သလဲ"

"ကျွန်တော် မို့မို့ကို လိုချင်တယ်"

"ဘာပြောတယ်"

"မို့မို့ချည်းပဲ မဟုတ်ဘူး၊ ငွေသိန်းနှစ်ဆယ်တိတိ လိုချင်တယ်၊ အဲဒါတွေရယ်၊ အဲဒါတွေရရင် ခင်ဗျားရဲ့ မှတ်တမ်းတွေ အစုံအလင် ပြန်ပေးခဲ့မယ်"

"မင်း လိုချင်တဲ့ငွေ ငါပေးမယ်၊ ငါ့သမီးကိုတော့ မနှောင့်ယှက်ပါနဲ့"

"နှောင့်ယှက်တာ မဟုတ်ပါဘူး၊ မို့မို့ ကိုယ်တိုင်က ကျွန်တော်နဲ့ လိုက်ချင်နေတာပါ"

ဦးသီလ ခံပြင်းသွားဟန်ဖြင့် တောက်ခေါက်လိုက်သည်။ သူ၏တောက်ခေါက်သံ ကျယ်လောင်စွာ ပေါ်လာ၏။

"ငါ့သမီးနဲ့ မင်း မပတ်သက်ရဘူး၊ ဝေးဝေးနေရမယ်၊ အဲဒါဆိုရင် မင်းတောင်းတဲ့ငွေကို ပေးမယ်"

စိုင်းနန္ဒ ခေါင်းခါလိုက်သည်။

"မို့မို့ဟာ ကျွန်တော့်ဘဝမှာ အဓိကပါ၊ သူမပါဘဲနဲ့ ကျွန်တော် ဘာမှ မလုပ်ဘူး"

ဦးသီလ ငြိမ်သွားသည်။

သူက တစ်စုံတစ်ရာ ပြောမည်အပြုတွင် တယ်လီဖုန်းခေါင်းလောင်းသံ ပေါ်လာသည်။ ဦးသီလ ဖုန်းခွက်ကို ကောက်ယူနားထောင်လိုက်၏။

"အမိန့်ရှိပါ၊ သီလ ပြောနေပါတယ်"

"................................"

"ခင်ဗျားတို့က ကျုပ်လာမှာကို ဘာဖြစ်လို့ လိုက်လာချင်ရတာလဲ၊ ကောင်းပြီလေ၊ လာခဲ့ပါ၊ ကျွန်တော့်နေရာက လုံခြုံမှုရှိပါတယ်၊ ဒီမှာပဲ စကားပြောကြတာပေါ့၊ ဩော်... ဟော့...သူ့ကို ခေါ်သွားစမ်း၊ ယက္ခရှိနေတဲ့အခန်းထဲ ပို့ထားလိုက်"

စိုင်းနန္ဒ အနားသို့ လူနှစ်ယောက် ရောက်လာသည်၊ သူတို့က စိုင်းနန္ဒအား တစ်ယောက်တစ်ဖက် ညှပ်ခေါ်ပြီး အတွင်းဘက်သို့ လျှောက်သည်။





အပြင်မှ လူနှစ်ယောက် ဝင်လာသည်။ နှစ်ယောက်စလုံး ပျာယီးပျာယာနှင့် ဦးသီလ၏ စားပွဲရှေ့တွင် ဝင်ထိုင်သည်။ ထိုသူနှစ်ယောက်သည် အဖျက်သမားများဟု စိုင်းနန္ဒ သိလိုက်သည်။

"မင်းနဲ့ငါ နောက်မှ ဆွေးနွေးမယ်၊ အခု သူတို့နောက်ကို ကောင်းကောင်းမွန်မွန် လိုက်သွားပါ"

စိုင်းနန္ဒက ဒုစရိုက်သမားများ ခေါ်ရာနောက်သို့ လိုက်သွားလေသည်။

* * *

အခန်းနံရံ မျက်နှာကျက်တို့မှာ သံမဏိအခန်းနံရံ။ အပေါ်ဘက်တွင် လေဝင်ပေါက် သေးသေးလေးများ ရှိသည်။ အခန်းထဲမှာ တစ်ယောက်အိပ် ခုတင်နှစ်လုံး ရှိသည်။ ခုတင်တစ်လုံးမှာ လူမရှိ။ ကျန် ခုတင်တစ်လုံးပေါ်မှ လူမှာ တံခါးဘက်သို့ ကျောပေးပြီး ထိုင်နေသည်။

အခန်းတံခါး ပြန်ပိတ်သွားသည်။ ကျောပေးပြီး ထိုင်နေသူ စိုင်းနန္ဒဘက်သို့ ဖျတ်ခနဲ လှည့်လာ၏။ မုန်းတီးရိပ်ထင်နေသော ယက္ခ၏မျက်နှာကို တွေ့မြင်ရသည်။

"မင်းကို ငါသတ်မယ် နန္ဒ"

ယက္ခ ထိုင်နေရာမှ ထလိုက်သည်။

"ငါ့ကို သက်သက်မဲ့ ချောက်ချတဲ့ကောင်၊ မင်းကို ငါ သတ်မယ်"

ဒေါသကြောင့် ယက္ခ၏အသံ တုန်နေသည်။ သူက လှစ်ခနဲ ရှေ့ကို ပြေးထွက်လာသည်။ ပြေးရင်း လွှားခနဲ ခုန်ပြီး စိုင်းနန္ဒကို ဘေးတိုက် ကန်သည်။ စိုင်းနန္ဒက ခြေထောက်ကို ရွှေ့သည်ဆိုရုံ ရွှေ့ပြီး ရှောင်သည်။ ရှောင်ရင်း ယက္ခ၏ရင်ညွန့်ကို လက်ခေါက်ချွန်ဖြင့် ထိုးသည်။

ယက္ခ နောက်ဆုတ်သွား၏။ စိုင်းနန္ဒကို ဆက်လက် တိုက်ခိုက်ခြင်းမပြုဘဲ မျက်မှောင်ကြုံ့ပြီး ကြည့်သည်။

"စိုင်းနန္ဒ၊ အပြင်မှာ ဘယ်သူမှ မရှိတော့ဘူး၊ ငါတို့ စကားပြောရအောင်"

စိုင်းနန္ဒ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ယက္ခ တစ်ယောက် ဘာကြောင့်များ ချက်ချင်း ပြောင်းလဲသွားပါလိမ့်ဟု သူ နားမလည်နိုင်ဖြစ်မိ၏။

"မင်း ငါ့ကို ချောက်မချရင် အခုလောက်ဆို ကိစ္စ ပြီးနေပြီ"

"မင်းက ဘာလဲ ယက္ခ"

"ငါ ဘာလဲဆိုတာ မင်း သိပါတယ်၊ စဝ်ရန်နိုင်ကို မေး၊ လောလောဆယ် ငါပြောသမျှကို နားထောင်၊ ငါ ဒီထဲက ထွက်မယ်၊ ပြီးတာနဲ့ ဦးသီလတို့ကို ဆော်မယ်"

"မင်း ဒီကို တာဝန်နဲ့ရောက်နေတာလား"





ယက္ခ ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်၊ ဦးသီလဟာ သိပ်ကြောက်စရာကောင်းတဲ့ လူ၊ သူ ဘာတွေကြံစည်ထားသလဲဆိုတာ ငါပြောပြမယ်၊ ပထမအဆင့် x x x x x x x x x x x x x x"

တိုးတိုးနှင့်မြန်မြန် ပြောနေသော ယက္ခ၏စကားကို နားထောင်ရင်း စိုင်းနန္ဒ ရင်ထဲက ခုန်နေသည်။

ကြောက်ခမန်းလိလိနိုင်သော အကြံအစည်ကြောင့် ကြက်သီးဖြန်းဖြန်း ထမိသည်။

သည်ရောက် တဲ့ လူနှစ်ယောက်အပြင် နောက်ထပ် နိုင်ငံခြားသား နှစ်ယောက် ရှိသေးတယ်၊ သူတို့က ငါပြောထားတဲ့ကိစ္စ တွေကို တိုင်ပင်လိမ့်မယ်"

စိုင်းနန္ဒက အင်္ကျီအိတ်တွင် တပ်ဆင်ထားသည့် ဘောပင်ကို တစ်ချက် ငုံ့ကြည့်သည်။ ပြီး မတိုးမကျယ် အသံဖြင့် စကားပြောသည်။

"ကြားတယ် မဟုတ်လား စဝ်၊ ယက္ခက သူနဲ့ ပတ်သက်ပြီး သိချင်ရင် စဝ်ကိုမေးဖို့ ပြောနေတာ၊ ယက္ခက ဘယ်သူလဲ"

အသံလွင့် အသံဖမ်းစက်ဖြစ်သော သောပင်မှ တီခနဲ မြည်သံ ပေါ်လာသည်။ ပြီး–စဝ်ရန်နိုင်၏အသံကို ကြားရသည်။

"ယက္ခက ငါတို့လူပဲ၊ သူနဲ့ပေါင်းပြီး ထွက်၊ ရောဝတီ ဟိုတယ်ကို ရောက်နေတဲ့လူတွေဟာ ဘယ်သူတွေလဲဆိုတာ ငါသိတယ်၊ ဒီလူတွေကို အုပ်မိဖို့ လိုတယ်၊ မင်းတို့ အမြန်ဆုံး လှုပ်ရှားကြပါ"

စဝ်ရန်နိုင်၏အသံ ပျောက်သွားသည်။ ယက္ခနှင့် စိုင်းနန္ဒ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

* * *





[ဆယ့်လေး]

သေနတ်သံက အရုဏ်ဦးကို လှုပ်ရှားသွားစေသည်။

အစတွင် သေနတ်သံ တစ်ချက်နှစ်ချက်။ နောက်တော့ သေနတ်သံတွေ တစ်ခဲနက် ပေါ်လာသည်။ အော်ဟစ်သံ၊ အမိန့်ပေးသံ၊ ပြေးလွှားသံ၊ ဆဲဆိုသံတို့ဖြင့် ဆူဆူညံညံ ရှိနေသည်။

ယက္ခက သူ့အင်္ကျီမှ ကြယ်သီးတစ်လုံးကို ဖြုတ်ပြီး တံခါးကြားမှာ ညှပ်ထားလိုက်သည်။ ပြီး အခန်းထောင့်ဆီသို့ လျင်မြန်စွာ ဆုတ်လာသည်။ စိုင်းနန္ဒ၏ စိတ်ထဲမှ အချိန်မှတ်သည်။ တစ်စက္ကန့်၊ နှစ်စက္ကန့်၊ သုံးစက္ကန့်။

ဆယ်စက္ကန့်သို့ အရောက်မှာ ဝုန်းခနဲ မြည်သွားသော ပေါက်ကွဲသံ ပေါ်လာသည်။ ပိတ်နေသော တံခါး လွင့်ပြုတ် ပွင့်ဟသွား၏။ စိုင်းနန္ဒနှင့် ယက္ခတို့ အပြင်ကို ရိပ်ခနဲ ခုန်ထွက်သည်။ တံခါးအနီးမှာရှိနေသည့် အစောင့် စကြံလမ်း ထောင့်မှာ ခွေခွေလေး လဲနေသည်။ စိုင်းနန္ဒက အစောင့်ကို ပြေးကြည့်သည်။ အသက်မရှိတော့။

အစောင့်ရှေ့မှာ မရှင်းပစ္စတိုတစ်လက်။ စိုင်းနန္ဒက ပစ္စတိုကို ကောက်ယူသည်။ အစောင့်ထံမှ ကျည်ကပ်တွေ ကိုပါ ယူသည်။

အပြင်ဘက်စကြံလမ်းတွင် လူရှင်းနေသည်။ စိုင်းနန္ဒ က ယက္ခကို လက်ဟန်ပြပြီး ရှေ့မှ ပြေးသည်။ တစ်ဆစ်ချိုး ကွေ့တွင် သေနတ်သမားတစ်ယောက်နှင့် မျက်နှာချင်း ဆိုင်မိသည်။ စိုင်းနန္ဒက ကြမ်းပြင်ပေါ် လှိမ့်ချရင်း သေနတ် မောင်းကိုဆွဲညှစ်သည်။သေနတ်သံ ဆူညံသွားပြီး မျက်နှာချင်း ဆိုင်မှလူ ခွေကျသွားသည်။

"ယက္ခ၊ သူ့သေနတ်ကို ယူ"

ယက္ခက ကြမ်းပြင်ပေါ် ကျနေသည့် အူဇီစက်သေနတ် ကို ကောက်ယူသည်။ စိုင်းနန္ဒ ထပြေးသည်။ ကွေ့ချိုး တစ်ခုကို ချိုးကွေ့ပြီး တံခါးဖွင့်ထားသော အခန်းတစ်ခန်းသို့ ပြေးဝင်သည်။ အခန်းထဲတွင် လူနှစ်ယောက် ရှိနေသည်၊ ကာဘိုင်ဖြင့် အောက်ဘက်သို့ ရမ်းပစ်နေ၏။ စိုင်းနန္ဒ





လက်ထဲမှ မရှင်းပစ္စတို ဆတ်ခနဲ ဆတ်ခနဲ လှုပ်သွားသည်။ လူနှစ်ယောက် ခွေကျသွားသည်။

အပြင်ဘက်တွင် သေနတ်သံတွေ ဆူညံနေဆဲ။ အသံချဲ့ စက်ဖြင့် လက်နက်ချရန် အမိန့်ပေးသံကို ကြားရသည်။ စိုင်းနန္ဒ အခန်းထဲမှထွက်ပြီး စကြံလမ်းကို ဖြတ်ပြေးသည်။ သူရောက်နေသည့်အထပ်မှာ တတိယထပ် ဖြစ်ကြောင်း သိလိုက်၏။

ဓာတ်လှေခါး ပိတ်ထားသည်။ စိုင်းနန္ဒ ဘယ်ဘက်သို့ ကွေ့ထွက်သည်။

"စိုင်းနန္ဒ၊ သတိထား"

ယက္ခ၏ သတိပေးသံကို ကြားရသည်။ တစ်ဆက် တည်းပင် သေနတ်သံများ ပေါ်လာ၏။ စိုင်းနန္ဒ ပခုံး တစ်ဖက် ပူခနဲ ဖြစ်သွားသည်။ သူ့ရှေ့မှလူ ယက္ခ ပစ် လိုက်သော သေနတ်ကျည်ဆန် ထိမှန် လဲကျသွားသည်။

စိုင်းနန္ဒက တံခါးမှနေ၍ အောက်သို့ဆင်းရန် ပြေးခဲ့ သည်။ သူ့ရှေ့မှ အခန်းတစ်ခန်း၏တံခါး ဝုန်းခနဲ ပွင့် သွားပြီး အတွင်းမှ ဦးသီလ ထွက်လာသည်။

စိုင်းနန္ဒကို မြင်သည်နှင့် ဦးသီလ ဖျတ်ခနဲ လှည့်ပြေးသည်။ စိုင်းနန္ဒက သေနတ်ကို ပင့်ကိုင်ပြီး ပြေးလိုက်သည်။ ဦးသီလက လှေကား အတိုင်း အောက်သို့ ပြေးဆင်းသည်။

စိုင်းနန္ဒက အပေါ်စီးမှနေ၍ ဦးသီလကို သေနတ်ဖြင့် လှမ်းပစ်သည်။ ကျည်ဆန်တွေ လှေကားလက်ရမ်းမှာ တဖြန်းဖြန်းနှင့် ထိမှန်သည်။ ဒုတိယထပ် စင်္ကြံလမ်းသို့ အရောက် ဦးသီလ တုံ့ခနဲ ရပ်သွားသည်။ နောက်မှပါလာသော စိုင်းနန္ဒကို ဂရုမစိုက်နိုင်တော့ဘဲ သူ့ရှေ့တွင် ရပ်နေသူအား ထိတ်လန့်စွာ ကြည့်သည်။ ဦးသီလရှေ့တွင် ဘာရက်တာ ပစ္စတိုကို ကိုင်ကာ ရပ်နေသော လတ်လတ်ဖြူအား တွေ့ရသည်။

"ညီ...ညီမလေး... ဒါ...ဘာလုပ်တာလဲ"

လတ်လတ်ဖြူ၏ မျက်နှာ ကြောက်စရာကောင်းသော အပြုံးတစ်ရပ် ထင်လာသည်။ သူ၏ သေနတ်ကိုင်လက် ဖြည်းညင်းစွာ မြောက်တက်လာ၏။

"ရှင့်ကို ကျွန်မ အလိုမရှိတော့ဘူး၊ ရှင်က ကျွန်မ လမ်းကြောင်းမှာ ဆူးငြောင့်ခလုတ် ဖြစ်နေပြီ"

"မင်း...မင်း...မစ္စတာ ရော်ဘင်တို့နဲ့ ပေါင်းပြီး ငါ့ကို သစ္စာဖောက်တော့မယ်ပေါ့"

"ကျွန်မဘာဝ တိုးတက်ရေးအတွက် ဘယ်သူ့ကိုမဆို သစ္စာဖောက်ရမှာပဲ၊ ရှင် နည်းနည်းလေးမှ မလှုပ်နဲ့နော်"

စိုင်းနန္ဒ အခန်းတစ်ခန်း၏ နံရံကို မှီပြီး ရပ်ကြည့်နေသည်။ လတ်လတ်ဖြူတို့အား ကြည့်ရင်း သူ့ခေါင်းထဲတွင် တရိပ်ရိပ် မူးဝေလာ၏။ လက်တစ်ဖက်ဖြင့် ပခုံးကို အမှတ်





မထင် စမ်းကြည့်မိသည်။ ပခုံးမှသွေးတွေ အဆက်မပြတ် စီးဆင်းနေသည်။ သူက အံကြိတ် အားတင်းပြီး လတ်လတ်ဖြူ တို့အား ကြည့်သည်။

"ကျွန်မကို တိုးတက်အောင် ကူညီခဲ့တဲ့အတွက် ရှင့်အပေါ် ကျေးဇူးတင်လို့မဆုံးပါဘူး၊ ဒါကြောင့် ရှင် သက်တောင့်သက်သာ သေအောင် ကူညီလိုက်ပါ့မယ်"

"မ...မလုပ်ပါနဲ့ ညီမ၊ မင်း လိုချင်တာပြော၊ အစ်ကိုကြီး..."

"ဒိုင်း..."

သေနတ်သံတစ်ချက် မြည်ဟည်းပေါက်ကွဲသွားသည်။ ဦးသီလ၏ကိုယ် ဆတ်ခနဲ တွန့်သွား၏။ ထို့နောက် ကြမ်းပြင်ပေါ်သို့ တဖြည်းဖြည်း ဒူးထောက်လျက်သား ကျသွားသည်။

လတ်လတ်ဖြူ နေရာမှ ခွာသည်။ စိုင်းနန္ဒက သေနတ် ကိုင်လက်ကို ဆန့်တန်းလိုက်၏။

"လတ်...မပြေးနဲ့"

"ဪ..."

လတ်လတ်ဖြူ၏ မျက်နှာမှာ အပြောင်းအလဲတွေ ပေါ်လာသည်။

သူက လဲတော့မလို ပြိုတော့မလို ဖြစ်နေသော စိုင်းနန္ဒ အား ကြည့်ပြီး ပြုံးလိုက်၏။

❍ မိုးဆမ်းပန်းစာပေ ❍

"ထားခဲ့ဖူးတဲ့ သံယောဇဉ်လေးကြောင့် စိုင်းကို မသတ်ရက်ပါဘူး၊ လတ် သွားမယ့်ခရီးကို အနှောင့်အယှက် မပေးပါနဲ့"

"လတ်...မင်း ပြေးလို့ မလွတ်ပါဘူး၊ ကွန်မန်ဒိုတွေ ရောဝတီကို ဝင်စီးနေပြီ"

"လျှို့ဝှက်ထွက်ပေါက်ကို လတ် သိပါတယ်၊ အောင်မြင်မှုရတဲ့တစ်နေ့ ပြန်ဆုံကြတာပေါ့နော် စိုင်း..."

"လတ်...မသွားနဲ့"

စိုင်းနန္ဒက သေနတ်မောင်းကို ဆွဲညှစ်ရန် ကြိုးစားသည်။ သို့သော် သူ့လက်ညှိုးမှာ အားမရှိတော့။ လတ်လတ်ဖြူက ပြုံးပြီး လှည့်ထွက်မည်ပြုသည်။ သေနတ်သံတစ်ချက် ဒိုင်းခနဲ ပေါ်လာပြီး လတ်လတ်ဖြူ လက်ထဲမှ သေနတ် လွင့်ထွက်သွား၏။ တစ်ဆက်တည်းပင် လတ်လတ်ဖြူထံ စဝ်ရန်နိုင် ပြေးလာပြီး လက်တစ်ဖက်ကို လက်ထိတ်ခတ်လိုက်သည်။

"စဝ်...ကျွန်...ကျွန်တော်"

စိုင်းနန္ဒက စကားပြောရန် ကြိုးစားသည်။ သူ့မျက်လုံးတွေ မကြည်တော့။ သူ့မြင်ကွင်းတွေ ဝါးလာသည်။ ခြေလက်တို့မှာ အင်အားများ ကုန်ဆုံးပျောက်ကွယ်သွားကာ ကြမ်းပြင်ပေါ် ပုံလျက်သား ကျသွားသည်။

"စိုင်း..."





စဝ်ရန်နိုင်၏ အော်သံကို ကြားရသည်။ စိုင်းနန္ဒ မထူးနိုင်။

"စိုင်း...စိုင်း...စိုင်း...စိုင်း"

ခေါ်သံတွေ တဖြည်းဖြည်း ဝေးသွားသည်။ သူ့တစ်ကိုယ်လုံး ပိန်းပိတ်သော အမှောင်ထဲတွင် နစ်မြုပ်သွားလေ၏။

စိုင်း...စိုင်း...စိုင်း...စိုင်း

အဝေးဆီမှ ခေါ်သံတွေ နားစည်ကို လာရောက်ရိုက်ခတ်သည်။

"စိုင်း..."

အနားကပ်ပြီး ခေါ်လိုက်သံ။ တိုးသော်လည်း ချိုသည်။ စိုင်းနန္ဒ မျက်လုံးအစုံကို အားယူပြီး ဖွင့်သည်။

မြင်ကွင်းက မငြိမ်။ ခေါင်းထဲမှာ မူးနောက်နေဆဲဖြစ်သည်။ အနားမှာ ရှိနေသူများကို မကွဲမပြား တွေ့ရသည်။ မျက်တောင်တဖျပ်ဖျပ် ပုတ်ခတ်ရင်းမှ လူလုံးကွဲလာသည်။

သူ့ကို မိုးကြည့်နေသော မို့မို့အား တွေ့ရ၏။ စိုးရိမ်ရိပ် ထင်နေသော အကြည့်။ မြတ်နိုးခြင်း ပြည့်သိပ်နေသော အကြည့်။ ထိုအကြည့်ကြောင့် စိုင်းနန္ဒ ရင်မှာ အင်အားတွေ ပြည့်လာသလို ခံစားရသည်။

"စိုင်း...သတိရပြီနော်"

မို့မို့ကို အားတင်းပြီး ပြုံးပြလိုက်သည်။ သူ့မျက်လုံးများက ခုတင်ခေါင်းရင်းတွင် ချိတ်ထားသော သွေးပုလင်းကို သတိပြုမိသည်။ သွေးပုလင်း အောက်တစ်ဖက်မှာ ဂျူတီကုတ်အဖြူ ဝတ်ထားသော ဆရာဝန်မလေး တစ်ယောက်။

"စိုင်း...မင်း သတိရပြီနော်၊ စိတ်ငြိမ်ငြိမ်ထား၊ လတ်လတ်ဖြူ ဖော်လို့ အဖျက်သမားအားလုံးကို မိတယ်၊ ပြည်ပကနေ ထိုးဖောက်လာတဲ့ ရန်သူကိုလဲမိတယ်"

စဝ်ရန်နိုင်၏အသံ။

စိုင်းနန္ဒ ပြုံးလိုက်သည်။ သူ့မျက်လုံးအစုံတွင် နှင်းတွေဝေလာသလို ထင်မိသည်။ နှင်းတွေက တဖြည်းဖြည်း နီရဲပြီး မီးလျှံအသွင် ပြောင်းလာသည်။ မီးလျှံနှင်းပွင့်တွေထဲမှာ လတ်လတ်ဖြူ။

"စိုင်း..."

လွင့်သွားသလိုရှိသော စိတ်အစဉ် ခန္ဓာကိုယ်မှာ ပြန်လည် ပူးကပ်သည်။ နွေးထွေးကြင်နာသော လက်ကလေးတစ်ဖက် သူ့နဖူးပေါ် ကျလာ၏။ ငုံ့ကြည့်နေသော မို့မို့၏ အလှကုဋေမျက်နှာလေးကို မြင်ရသည်။

ငြိမ်းချမ်းခြင်း၊ ကြည်နူးခြင်း သုခများ ရင်မှာ ပြည့်သိပ်လှုပ်ရှားလာလေသည်။

**ဇော်ထက်အောင်**